

www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

၈၉၅.၈၃
နတ်ရွာမိုး
ဇော/နတ်ရွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၅၈ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ ဖြန့်ချိရေး အောင်မြင်စာပေ၊
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ (ဇွန်လ)၊ အုပ်ရေ(၅၀၀)။



## အမှာ

ဤဇာတ်လမ်းသည်
ကျွန်တော်၏ စိတ်ကူးယဉ်ဇာတ်လမ်းသာဖြစ်ပါသည်။
စိတ်ကူးယဉ်ထားသဖြင့် သရုပ်မှန်ကို ကျော်လွန်ပြီး ဒဏ္ဍာရီ
အနည်းငယ် ဆန်ချင်ဆန်နေပါလိမ့်မည်။
ကျွန်တော်ပြောလိုသည်မှာ
စိတ်ကူးယဉ်ခြင်းကပင် စတင်၍
လကမ္ဘာမြေပေါ် လူသားတို့ ခြေချနိုင်ခဲ့ခြင်း
ဖြစ်ပါကြောင်း။
သည့်ထက်... ပွင့်လင်းလွတ်လပ်သည့်
အနာဂတ်တစ်ချိန်တွင်
ကိုရီးယား မြန်မာ
ချစ်ကြည်ရေးအတွက်
တစ်ထောင့်တစ်နေရာ
တွင် အခြေကျနိုင်
သည်ဟု မျှော်လင့်ရ
သော ဤစိတ်ကူးယဉ်
ဇာတ်လမ်းလေးသည်...

'ဇော'



www.burmeseclassic.com







# အခန်း(၁)

အဝေးပြေးလမ်းမကြီးပေါ်၌ LandCruiser ကားတစ်စင်း အပြင်းမောင်းနှင်လာနေသည်။ မှန်များအလုံပိတ်. . ၊ ရှေ့မီးများ အလင်းဆုံးဖွင့်၍ မိုင်ကုန်နီးပါး မောင်းနေခြင်းဖြစ်သည်။ ခရီးရှည် မောင်းနှင်လာမှန်း သိစေသည်က ကား၏ဘော်ဒီတစ်ခုလုံး ဖုန်တွေ,သဲတွေ. . ပေရေညစ်ပတ်နေသောအချက်ဖြစ်သည်။

ယာဉ်မောင်းသူသည် သူ့ယာဉ်၏အရှိန်နှင့်. . ယာဉ်ကြော လမ်းကြောကို ကျွမ်းကျင်ပေ့ါပါးစွာ မောင်းနှင်နေမှန်း သိသာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး!. . . ဝေါ!. . ."

တစ်ပြိုင်နက်မှာပင် တစ်နေရာ၌ ခြံဝင်းတံခါးကြီး၏ သံပန်းနှစ်ချပ်ပွင့်လာပြီး. . Honda Fit အဖြူရောင် ခပ်ရွယ်ရွယ်ကားလေးတစ်စင်း ခေါင်းပြူထွက်လာသည်။ ကြွေရုပ်ကလေးလို လှပသောမိန်းကလေးတစ်ဦးက ကားကိုတံခါးဖွင့်၍. . စတီယာတိုင်ထိန်းရင်း ခပ်ပြေပြေ ခြံရှေ့တံခါးမှ တွန်းချလာခြင်းဖြစ်သည်။

ခြံရှေ့လမ်းပေါ် ကားကလေးကိုထားပြီး ခြံတံခါးကို လက်လျှို၍. . အတွင်းဘက်မှ သော့ခလောက်ကို ခက်ခက်ခဲခဲ ပြန်ခတ်သည်။ ပြီးမှ. . ခြံထဲကအိမ်ကြီးကို တစ်ချက်လှမ်းကြည့်ရင်း သက်ပြင်းချသည်။ နာရီကြည့်. . . ကားလေးဆီလျှောက်လာပြီး စက်နှိုး၍ ညင်ညင်သာသာပင် မောင်းထွက်သွားလေသည်။

မီးခိုးငွေ့များ နှင်းပါးပါးညထဲ ဝေ့ဝိုက်ကျန်ခဲ့သည်။

၅. ၅. ၅. ၅.





မြို့ကလေးထဲ ဝင်လာပြီဖြစ်သဖြင့်. . LandCruiser ကားကြီး အရှိန်အနည်းငယ် လျှော့သွားသည်။ မြို့လယ်ကို ဖြတ်၍. . . တောင်ပတ်လမ်းပေါ် မော့ခနဲ တက်လာသည်။ ကားလမ်းအဆုံး၌ ပြန့်ပြူးသော ခြံဝင်းကျယ်နှင့် နိုယွန်ဆိုင်းဘုတ်. . ဘွားခနဲ ပေါ်လာသည်။

MOMENT HEAVEN.

ခဏနိဗ္ဗာန်ဟု ဘာသာပြန်ဆိုနိုင်သော. . . မြို့ကလေး၏ အကောင်းဆုံး Hotel ကားပါကင်တွင် တစ်ပတ်ဝိုက်ကွေ့ရင်း. . . ငြိမ့်ခနဲ ထိုးရပ်၍ စက်သပ်. . ရှေ့မီးပါ မှိတ်ရပ်လိုက်စဉ်. . ဝင်းခနဲ ကားရှေ့လေကာမှန်ကို မီးရောင်တစ်ချက် သန်းသွားသည်။

Honda Fit ကားဖြူလေး ဆယ်ကိုက်ခန့်အလိုတွင်. . ဦးတိုက်ထိုးဆိုက်လာသည်။ မီးများ ပိတ်သွားသည်။

ခဏကြာအောင် ငြိမ်သက်တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားဖြူလေးတံခါးတစ်ချပ် ဂျပ်ခနဲ ပွင့်လာပြီး. . ရွှေခေါင်းလောင်းလေးများ တပ်ဆင်ထားသော Leg Chain၊ ခြေထောက်အလှကို ခေါင်းလောင်းသံလေးတွေက နောက်ခံတေးဂီတ ထည့်ပေးထားသလိုရှိ၏။

"ဂျိတ်!. . ."

နတ်မိမယ်ဆိုတာကို မမြင်ဖူးသူများ. . အဲ့သည်မှာ ကြည့်လိုက်ကြ. . .။

ဆရာ့ဆရာများ ဖွဲ့ဆိုနေကျ. . . အလှဆုံး အသားတော်ဆင်စွယ်ရောင်ကို. . ပန်းသွေးရောင် တစ်စက်နှစ်စက် ဖောက်၍ မွှေနှောက်ကြည့်လိုက်ကြ. . .။

သွားလေသူ ဆရာတစ်ဦး ဖွဲ့ဆိုခဲ့ဖူးသော 'ဘုရားသခင်၏ လက်တော်နှင့် စိုက်ပျိုး၍ ယခုပင် ပွင့်သစ်လိုက်သော ပန်းကလေး' ဆိုတာမျိုးကို မတွေ့ဖူးရင် အဲ့သည်မှာ ကြည့်လိုက်ကြ. . .။

ခေတ်လွန်မဟုတ်. ။ ခေတ်မီသော အဝတ်အစားထဲမှ တိကျသည်နှင့်အမျှ အိကျနေသော ဖွဲ့စည်းပုံ၏ တင့်တယ်ခြင်းကို အဲ့သည်မှာ ငေးကြည့်လိုက်ကြ. . .။

ဟန်ပန်က မာနရောင် တပြောင်ပြောင်နှင့် ကလက်တက်တက်မရှိ၊ ပကတိ နုပျိုပေ့ါပါး လွတ်လပ်နေ၏။

လန်းဆန်းအားကောင်းကောင်း ကာယိန္ဒြေအပေါင်းနှင့် ပြည့်စုံနေ၏။

ရှေ့က ရပ်ထားသော LandCruiser ကားဆီ နူးညံ့လှပစွာ ရွှေ့မျောလာ၏။

"အထူး. . ဆင်းလေ၊ ဘာလုပ်နေတာလဲ"





"ငေး. . ကြည့်. . နေ. . တာ. . လေ"

မှန်တံခါးချရင်း တကယ်လည်း ငေးကြည့်နေခဲ့သော. . လူသားဖိုချောလေးက အမှန်အတိုင်း ပြောလိုက်၏။ မှန်တံခါး ပြန်တင်၍ ကားပေါ်မှ လူဖိုလေး ဆင်းလိုက်၏။

"ဂျိတ်!. . ."

'တီ'ခနဲ လုံခြုံရေးစနစ် နှိပ်လိုက်၏။ အနောက်တိုင်းဝတ်စုံထဲက အရှေ့တိုင်းသားလေး၏ ယောကျ်ားပီသခြင်းသည် ထင်းခနဲနေ၏။

"ဇောများနေလို့. . အခုမှ သတိရတယ် အထူးရယ်"

ဆလင်းဘတ်ချ်လှလှလေးထဲ ကားသော့နှင့်တွဲလျက် ရီမုဒ်ထုတ်၍ သူမကားကိုလည်း လှမ်းခလုတ်နှိပ်လိုက်၏။

"တွိုင့်(န်)!. ."

"ဘာဇောတွေများ များနေလို့လဲ လမင်းရိပ်လေး"

"တွေ့ချင်ဇောပေ့ါ. . အထူးရယ်၊ ခိုးထွက်လာရတဲ့အတွက်လည်း နောက်ဆံတင်းတဲ့ဇောပေ့ါ"

"ကဲ. . ကဲ. . အဲ့ဒီဇောတွေ မေ့လိုက်တော့နော်၊ နိဗ္ဗာန်ဘုံထဲ ခဏဝင်လိုက်ကြရအောင်ပါ. . . လာ. ."

လက်ကလေးကို ဖွဖွလေးလှမ်းယူ၍. . . ပခုံးသား နုနုညက်ညက်ကလေးကို မထိရက်ထိရက် အညင်သာဆုံး ပွေ့ဖက်လိုက်သည်။ စိတ်ထဲက. . .

"ကြိုတင်ဘွတ်ကင်လုပ်ဖို့. . ငါအချိန်မရခဲ့လေခြင်း"

ကားမောင်းလာရင်း Moment Heaven ကို Booking လှမ်းလုပ်ရန် သူသတိရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် 'ယာဉ်မောင်းရင်း ဟန်းဖုန်းမပြောရ' ဟူသော ဥပဒေသက သူ့အကျင့်စာဂကို တားထားသည်။ ပြီးတော့. . မောင်းနေသည့်နှုန်းက ကီလို(၁၂၀)ကျော်။ ဘာမဆို စည်းစနစ်နှင့်နေတတ်သော သူ့ခလေ့။

"မဖြစ်ဘူးဆိုတာတော့. . ဒီနေ့မျိုးမှာ လုံးဝမရှိစေရ"

မှန်တံခါးဝမှ ရွှေကြိုလေးက ပြုံးပြရင်း တံခါးဖွင့်ပေးသည်။ သူက ပြန်ပြုံးပြရင်း OPEN ဟူသောစာတန်းကို ပြောင်းပြန်လှန်လိုက်သည်။ CLOSE ဟူသောစာတန်းလေး မှန်တံခါးတွင် ပေါ်လာ၏။ ကြောင်အမ်းအမ်းကြည့်နေသော ဝန်ထမ်းလေးကို ငါးထောင်တန်တစ်ထပ် လှမ်းပေးရင်း. . .

"ရှူး!. . မန်နေဂျာကော"

လက်ညှိုးကို နှုတ်ခမ်းတေ့မှုတ်ရင်း. . ထိုလက်ညှိုးကိုပင် ဘယ်ညာယမ်းပြလိုက်သည်။

ဝန်ထမ်းလေးက ဦးညွတ်ရင်း. . .

"မန်နေဂျာ အပေါ်ဆုံးထပ် စားသောက်ခန်းမှာပါခင်ဗျာ"

အပေါ်ဆုံးထပ်သို့တက်ရန်. . ဓါတ်လှေကားထဲ ဝင်လိုက်သည်။ မောင်းသူမရှိ။ အပေါ်ဆုံးထပ်ခလုတ်ကို နှိပ်လိုက်သည်။ ငြိမ့်ခနဲ ဖြည်းဖြည်းချင်း မြင့်တက်နေသော လွတ်လပ်ကမ္ဘာ ဆိတ်ကွယ်ရာ နေရာကလေး. . .။

သူ့မျက်နှာကို စ,တွေ့ကတည်းက တစ်ဆံချည်မကွာအောင် တောက်လျှောက်ကြည့်လာသော ချစ်သူ၏ မျက်လုံးကြည်ကြည်လေး. .။ အကွာအဝေးက ဆယ့်လေးလက်မခန့်. .။

ဘာအသားချင်းမှ ထိမနေကြ။ မျက်နှာချင်းဆိုင်၍ တစ်





ယောက်ကိုတစ်ယောက် ငေးနေမိကြသည်။ ကိုယ်သင်းနံ့နှင့် ထွက်သက်ဝင်သက်တွေကတော့ ရောယှက်ထွေးအိနေချိန်ကလေး. .

လှပသော Romance ရုပ်ရှင်ကားလေးတစ်ကားလို. . နောက်ခံတေးက တဒုတ်ဒုတ် အော်မြည်နေသော နှလုံးခုန်သံနှစ်သာ. .။ ပြိုင်တူပင် လက်မအနည်းငယ်စီ ရွေ့တိုးမိလျက်သား. .

ရင်ခုန်သံနှစ်ခုကြား အကွာအဝေးသည် သုံးလေးလက်သာသာ. . .

"နမ်းမယ်နော်"

သူမ ညွတ်ခနဲ ခေါင်းအညိတ် ဖျတ်ခနဲ ဆွဲယူ၍ ချစ်သူ လက်ဖမိုးလေးကိုသာ. . . ရွတ်ခနဲ မွတ်မွတ်သိပ်သိပ် နှုတ်ခမ်းနှ သူ နမ်းလိုက်သည်။

"ဂျိတ်!. ."

ကွက်တိပင် ဓါတ်လှေကားထိုးရပ်ပြီး လျှောတံခါး ပွင့်သွား၏။

"အထူးခန်း လိုအပ်ပါသလားခင်ဗျာ"

မေးလာသော ဝတ်စုံပြည့်ဝန်ထမ်းကို ပြုံးပြရင်း. . .

"အထူးခန်း မလိုချင်ဘူး၊ ဟောဟိုက. . လူတွေပြည့်နေ စားသောက်ခန်းမကြီးတစ်ခုလုံးကို လိုချင်တာ၊ မန်နေဂျာခေါ်ပေး

"ခင်ဗျာ. ."

အရောင်အသွေးကို အကဲခတ်တတ်သော စားပွဲထိုး က စားသောက်ခန်းမအဝင်ဝက ဧည့်ခန်းဆိုဖာပေါ် နေရာချ ရင်း. . .

"ခဏကလေး စောင့်ပါခင်ဗျာ၊ မန်နေဂျာကို သွားခေါ်


www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

သူ ဘာလုပ်မလဲဆိုတာကို သူမ ရင်တမမ စောင့်ကြည့်ရှုံမှ လွဲ၍. . .

စားသောက်ပျော်ပါးနေသောဝိုင်းတွေကို သူ့လိုက်ကြည့်နေသည်။

"ခဏထိုင်နေဦးနော် လမင်းလေး. . ဘာမှမ်တဲမပူနဲ့"

သူ ဦးတည်သွားနေသည်က. . မူးရူးနေ-သာ မြို့ကလေး၏ နာမည်ကြီးလူဆိုးဝိုင်း. . .။

ဘုရား. . . ဘုရား. . . ကျောင်းတော်က မှန်းရှိခဲ့သော ရည်းစားလုဖက် 'အေးကိုမောင်'ပါ ထိုဝိုင်းတွင် ရှိနေသည်။

စင်ပေါ်က တီးဝိုင်းအသံကိုပင် ကျော်လွှန်၍ ဆူညံနေသော အေးကိုမောင်တို့ဝိုင်းဆီ သူ ဘာသွားလုပ်ပါလိမ့်။ သူ ထိုစားပွဲနား အရောက်၌ တီးဝိုင်းက သီချင်းသံက ကွက်တိရပ်သွားသည်။

အာပေါင်အာရင်းသန်သန်နှင့် အေးကိုမောင်က သူ့ဝိုင်းကို ပွဲကျအောင် ထိန်းထား၏။

နောက်ကလာရပ်သော သူ့ကိုမမြင်သေး. . .။

သူမ ရင်တဒိတ်ဒိတ်ကို လက်နှင့်အသာဖိ၍ ကြည့်နေစဉ် သူက စားပွဲပေါ်မှ ကလပ်ဖန်ခွက်အလွတ်ကို ဆတ်ခနဲ လှမ်းယူ၍. . လေထဲအနည်းငယ် မ,တင်ပြီးမှ ကြမ်းပေါ် လွှတ်ချလိုက်သည်။

"ခွမ်း!. . ချလွင်!. . ."

ကွဲရှသောအသံသည် ခန်းမကို ငြိမ်သက်သွားစေ၏။

အေးကိုမောင်က စကားရပ်ပြီး သူ့ကိုလှည့်ကြည့်သည်။ ကျော်နီလမ်းလျှောက်ပုလင်းကို လည်ပင်းမှ လှမ်းအကိုင်၌. . သူက





ပုလင်းကို အပေါ်က လက်နှင့်ဖိ၍ ခါးညွှတ်ပြီး တစ်စုံတစ်ရာ ပြောနေသည်။

"ဟေး!. ."

ဘာပြောလိုက်သည်ကို သူမ မသိ။ အေးကိုမောင်ဝိုင်းက လူတွေ ဟေးခနဲ ထ,အော်ပြီး လက်ခုပ်လက်ဝါး ထ,တီးသည်။

အေးကိုမောင် ပုလင်းကိုလက်လွှတ်၍ သူ့ကိုလက်ကမ်းပေးရင်း စကားလှမ်းပြောသည်။ ထို့နောက်. . အေးကိုမောင်က သူမရှိရာလှမ်းကြည့်ရင်း လက်ထောင်ပြသည်။ ပြီးတော့. . သူမ၏အထူးကို ရင်ချင်းအပ် ပွေ့ဖက်နှုတ်ဆက်သည်။

ဘော်ဒါတစ်ယောက်က အရက်ခွက် ကမ်းပေးသည်ကို သူ ပြုံး၍ ငြင်းဆိုရင်း ထိုဝိုင်းကို နှုတ်ဆက်သည်။

ခန်းမထဲက ဝိုင်းအားလုံး သူ့ဆီကို အာရုံကျနေကြစဉ်. . အခြားဝိုင်းသို့ ဦးညွှတ်၍ သူဝင်သွားပြန်သည်။

ဘာပြောလိုက်သည်မသိ။ 'အိုကေ' ဟူ၍. . လက်မထောင်ထောင်၍ လက်ခုပ်တီးကြပြန်သည်။

နောက်တစ်ဝိုင်း. . .

"Thank you Prince"

"ကျေးဇူးပဲ မင်းသားလေး"

နောက်တစ်ဝိုင်း ကလေးများပါရှိနေ၍. . သူ့စကားအပြီး ဝိုင်းနမ်းကြ၏။

"ဝရာဗို. . ဆိုး. . သင့်ခ်စ်"

လမင်းရိပ်လေး ရင်ဘတ်ဖိထားမိသော လက်ကလေးကို ဖွဖွလေး အောက်ချလိုက်စဉ် သူမနံဘေးသို့ မန်နေဂျာရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဘာများ ကူညီရမလဲခင်ဗျာ. . . ကျွန်တော် မန်နေဂျာ ယွာမိုးပါခင်ဗျာ"

သူမ ဘာပြောရမှန်းမသိခင် အထူးက ပြန်လာနေပြီမို့ သူမ လက်ညှိုးလေး ထိုးပြလိုက်မိသည်။

မန်နေဂျာက သူနှင့်သူမကို သိပြီးသားဖြစ်ပါသည်။

မန်နေဂျာက အထူးကို ပြုံးပြဦးညွှတ်ရင်း. . . လက်ဆွဲ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ သူက မန်နေဂျာ၏'နား'အနီး ပါးစပ်ကပ်၍ နှစ်မိနှစ်ခန့် ခပ်တိုးတိုးပြောသည်။

"ကောင်းပါပြီခင်ဗျာ. . ကျွန်တော် ကြည်နူးစွာပဲ ဝန်ဆောင် ပေးပါ့မယ်"

မန်နေဂျာက သူမကိုပါ ဦးညွှတ်နှုတ်ဆက်၍ ရပ်နေသော တီးဝိုင်းရှိရာစင်မြင့်ပေါ် တက်သွားသည်။ မိုက်ခရိုဖုန်းရှေ့တွင် နေရာယူလိုက်သည်။ အင်မတန် ဩဇာပြည့်ဝသောအသံနှင့်. . .

"Moment Heaven ရဲ့ ကျေးဇူးရှင်များဖြစ်ကြတဲ့ စားသုံးသူ ဖောက်သည်များခင်ဗျာ. . တစ်ဆိတ်ကျေးဇူးပြု၍ နားဆင်ပါ၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့ သတင်းကောင်းတစ်ခုကို ကြေညာခွင့်ပြုပါခင်ဗျား. . .

မိတ်ဆွေများ ယခုစားသောက်နေတဲ့ မီနူးအပြင် အလိုရှိရာကို ပြည့်စုံဝလင်အောင် ထပ်မံပြီး မှာကြားစားသောက်နိုင်ပါတယ်၊ စားသောက်ပြီးသားနှင့် ထပ်မံမှာကြားစားသောက်သမျှကို ဒါနပြုရင်း ဘီလ်ရှင်းမည့် ဒကာတော် ရေမြေ့ရှင်တစ်ယောက်. . Moment Heaven ကို အခုပဲ ရောက်ရှိလာပါတယ်ခင်ဗျာ"





ပရိသတ်သည် ငြိမ်သက်သွား၏။ ဟိုဟိုသည်သည် လိုက်ကြည့်နေကြစဉ် စင်တစ်နေရာမှ စပေ့ါတ်လိုက်က ခန်းမအဝမှ သူတို့စုံတွဲကို ဝင်းခနဲ လှမ်းထိုးလိုက်သည်။

"နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာ ထူးအောင်ထက် ဖြစ်ပါတယ်ခင်ဗျား. . ၊ သူဟာ ဂုဏ်ယူဖွယ်ကောင်းတဲ့ ကျွန်တော်တို့မြို့သားပါ၊ သူ့ရဲ့ချစ်သူလေး လမင်းရိပ်ရဲ့ မွေးနေ့အထိမ်းအမှတ်အဖြစ် ကုသိုလ်ပြု ကျွေးမွေးဧည့်ခံခြင်း ဖြစ်ပါတယ်ခင်ဗျား"

'ဟေး'ခနဲ အော်သံနှင့် လက်ခုပ်ဩဘာသံများ. . ခန်းမထဲ ပဲ့တင်အောင်ပင် ဆူညံသွားတော့သည်။ စပေ့ါတ်လိုက်အောက်မှ စုံတွဲလှလှလေး စားသောက်ခန်းမထဲ တွဲဝင်လာနေသည်။ လမင်းရိပ်ကလေးက ခေါင်းခပ်ငုံ့ငုံ့နှင့် ရှက်ရွံ့စွာ ချစ်သူလက်မောင်းကို တွဲခို၍ လျှောက်လာနေသည်။

ဝတ်စုံပြည့်ဝန်ထမ်းလေးက စားပွဲလွတ်တစ်ခုတွင် နေရာချပေးသည်။ စပေ့ါတ်လိုက်ကို ပိတ်လိုက်သည်။ မန်နေဂျာအသံ ဆက်လက်ထွက်ပေါ်လာသည်။

"တစ်ဆက်တည်းမှာပဲ ဆက်လက်တောင်းပန်ချင်တာက ဒီအခန်းထဲမှာ နောက်တစ်နာရီအတွင်း. . ပြီးပြည့်စုံအောင် စားသောက်ပေးကြဖို့ပါပဲခင်ဗျား၊

မွေးနေ့ပွဲကို ချစ်သူနှစ်ယောက်တည်းသာ ကျင်းပခွင့်. . တောင်းဆိုထားလို့ ဖြစ်ပါတယ်၊ ဆက်လက်စားသောက်လိုသူများ အောက်ထပ်က စားသောက်ခန်းမမှာ စိတ်ရှိလက်ရှိ. . အခမဲ့စားသောက်နိုင်အောင် ကျွန်တော်များ စီစဉ်ပေးပါ့မယ်၊ ကျေးဇူးပြုနပ်ရင် လက်ခုပ်တီးကြပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံများ ဝေါခနဲ ထွက်ပေါ်လာပြန်သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ. . ."

'ဟက်ပီးဘတ်သ်ဒေးတူးယူ'ဟု တစ်ယောက်က အောင်မြင်သောအသံနှင့် ထအော်သည်။ အားလုံးက လက်ခုပ်ပြိုင်တူ တီးလာကြပြီး ဟက်ပီးဘတ်သ်ဒေးတူးယူကို သံပြိုင်ဝိုင်းဆိုကြသည်။ စင်ပေါ်က တီးဝိုင်းကလည်း အလိုက်သင့် လိုက်တီးပေးသည်။

စပေ့ါတ်လိုက်က သူတို့နှစ်ဦးပေါ် ကျလာပြန်သည်။

"မွေးနေ့ရှင်နဲ့ ချစ်သူနှစ်ယောက်ခင်ဗျား၊ ကျေးဇူးပြု၍ စုံတွဲသီချင်းတစ်ပုဒ်နဲ့ ဖျော်ဖြေညှိခံပေးဖို့ မေတ္တာရပ်ပါတယ်"

အထူး၏အနုပညာကိုသိနေသော တီးဝိုင်းခေါင်းဆောင်က ဖိတ်ခေါ်ခြင်းဖြစ်သည်။ လမင်းရိပ်က. . အနည်းငယ် ရှက်နေသည်။

"လာပါ လမင်းလေး. . ၊ ငယ်ကျွမ်းဆွေသီချင်းနဲ့ ဖျော်ဖြေလိုက်ကြရအောင်"

"ရှက်လည်း ရှက်တယ်၊ ကြောက်လည်း ကြောက်တယ် အထူးရယ်"

စင်ပေါ်အတူတွဲ၍ မဆိုဖူးသော်လည်း ကာရာအိုကေ၌ နှစ်ယောက်သား ဆိုနေကျသီချင်းလေး ဖြစ်သည်။

"လာပါ လရိပ်လေးရယ်. . အားလုံးက မျှော်လင့်နေကြပြီ၊ တို့ရဲ့ချစ်ခြင်းသင်္ကေတသီချင်းလေးပဲ"

". . ♪♫. . ငယ်သူငယ်ချင်းရေ. . ခုတော့ ငယ်ကျွမ်းဆွေ. . ♪♫. . "

အင်မတန် အတွဲညီသော စုံတွဲလေးမို့ ဝေးမဝရသည့်အထဲ ဆွတ်ပျံ့လွမ်းမောဖွယ် တေးသီချင်းလေးကို အပေးအယူမျှမျှ ခံစား





ချက်လျှလျှ သီဆိုသွားပြီးသည့်နောက်. . ဝေါခနဲ လက်ခုပ်သံ မစဲတော့ပေ။

စင်ပေါ်မှ ဆင်းလာသောအခါ. . အေးကိုမောင်က သူ့ကို ဖက်ကင်းလှဲတကင်းပင် လက်ဆွဲပြီး. . .

"မင်းနဲ့လမင်းရိပ်က ပိုပြီးလိုက်ဖက်ပါတယ် သူငယ်ချင်း၊ ငါ့အမှားတွေအတွက် ခွင့်လွှတ်ပါကွာ"

"မင်းလည်း ချစ်ခွင့်. . ချစ်ရေးဆိုခွင့် ရှိတာပဲ၊ ခွင့်လွှတ်ပြီးသားပါ သူငယ်ချင်းရာ"

ပြိုင်ဘက်နှစ်ဦး. . ရန်ဘက်နှစ်ဦး ပွေ့ဖက်ကျေအေးနေပုံကို လမင်းရိပ်ကလေး ကြည်နူးစွာငေးကြည့်နေမိသည်။

ပီတိအဟုန်သည် ရင်ကို တုန်စေ၏။






www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၂)

**နောက်** တစ်နာရီခန့်ကြာသောအခါ. . .

ခန်းမကြီးတစ်ခုလုံး မီးကြီးများပိတ်၍ Dam Light ခေါ် မှုန်ပျပျမီးလေးများသာ ဖွင့်ပြီး လိုအပ်သလို ဖယောင်းတိုင်ကြီးတွေ ထွန်းလိုက်သည်။ Candle Party ဖယောင်းတိုင်ပါတီလေးလို ဖြစ်သည်။

ခန်းမအလယ်၌ စားပွဲတစ်လုံးသာ သီးသန့်ချ၍ လမင်းရိပ် ကြိုက်သော စားသောက်ဖွယ်များသာ ခင်းကျင်းထားသည်။ ဂီတ



www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်းက မှောင်ရိပ်ထဲကနေ၍ ငြိမ့်ညောင်းသော အချစ်တီးလုံးများသော ခပ်ပါးပါးလေး နောက်ခံတေးလို တီးပေးနေသည်။

"ရော့. . . ကိုယ့်ချစ်လက်ဆောင်"

ကတ္တီပါဘူးအနက်ကလေးကို လမင်းရိပ် ဖွင့်ကြည့်လိုက်သောအခါ စိန်ပွင့်လေးများပါသော Platinum Leg Chain ကလေး လက်လက်ပြေးနေ၏။

"လှလိုက်တာ မောင်ရယ်"

"အို. . ကိုယ့်ကို မောင်လို့ ခေါ်လိုက်သလား"

ယောင်၍ခေါ်ပြီးမှ ရှက်နေသောမျက်နှာလေးကို သူအငေးသား ကြည့်နေမိသည်။

ငယ်ငယ်ကတည်းက. . 'အထူး. . ထူး' ဟူ၍သာ နှုတ်ကျိုးစွာ ခေါ်လာရာကနေ 'မောင်'ဟု အခေါ်ခံလိုက်ရသော သူ့ရင်ဘတ်ထဲ ဝင်ကြည့်တတ်သူရှိက ဝင်ကြည့်လိုက်ကြစမ်းပါ။

"ထပ်ခေါ်ပါဦးကွယ်. . နာလို့ကြားလို့ ကောင်းလိုက်တာ"

"ရင်ထဲက ခေါ်နေခဲ့တာ ကြာလှပြီ. .၊ အခုနက ယောင်ပြီးထွက်သွားတာ"

"ယောင်လိုက်ပါဦးကွယ်"

"ရှက်ပါရစေဦး"

ရွှေဖြူခြေပတ်လေးကို စားပွဲပေါ် ချလိုက်သည်။ ကုလားထိုင်ပေါ်မှဆင်း၍. . လမင်းရိပ် ကုလားထိုင်ဘေး ဒူးထောက်ထိုင်ချလိုက်သည်။ ခြေထောက်လေး ကိုင်ရန်အပြင်၌. . .

"ငရဲကြီးပါ့မယ် မောင်ရယ်"

"ဘာငရဲလဲ. . . မဟာတပိန္နငရဲလား၊ အဝီစိငရဲလား၊ Any





hell, I'll never afraid."

ဘာငရဲမှ မကြောက်ဘူးဟုပြော၍. . ပတ်ထားသော ရွှေခေါင်းလောင်း Leg Chain လေးကို ဖြုတ်သည်။

"မနှစ်ကပေးတဲ့ ဒီခေါင်းလောင်းချိန်းလေး ကိုယ်တိုင်ပတ်ပေးခွင့် မကြုံခဲ့ဘူးလေ၊ ဒီနှစ်တော့. . မောင်ကိုယ်တိုင် ဒါလေး ပတ်ပေးချင်တယ်"

မန်နေဂျာ မောင်ယွှာမိုးလေး (သူလည်း လူချောလေးပင်)သည် ဖယောင်းတိုင်အလင်း ဒင်းမ်လိုက်နှင့် ထိုမြင်ကွင်းလေးကို ကြည့်မဝ ငေးမဝ ကြည်နူးခံစားနေမိသည်။ ဆွတ်ပျံ့ဖွယ် ထိုမြင်ကွင်းကြောင့် မန်နေဂျာလေးသည်. . မိဘ၊ အလုပ်နှင့် ဘာသာရေးသာ စိတ်ဝင်စားခဲ့ရာမှ အချစ်အကြောင်း စတင်စိတ်ဝင်စားလာမိတော့သည်။

"အင်း. . . မိဘကျေးဇူးဆပ်ပြီးရင် အလုပ်ထွက်ပြီး ဘုန်းကြီးဝတ်မယ့်အစီအစဉ် ပြန်ပြင်ရင်ကောင်းမယ်"

ထိုစဉ်. . .

မြေညီထပ် ဟိုတယ်အဝင်ဝ မှန်တံခါး၌. . ကြီးမားသော ပြသနာက စလုံးရေ စနေပြီဖြစ်သည်။

CLOSE. . တဲ့။

"ဟော့ကောင်. . . အစောကြီး ရှိသေးတယ်ကွ၊ ဘာလို့. . ဟိုတယ်က ပိတ်ရတာလဲ"

"မန်နေဂျာရဲ့အမိန့်ကြောင့်ပါခင်ဗျာ"

"မလိုချင်ဘူး. . အခုဖွင့်"

"အတွင်းကနေ သော့ချထားလို့ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလား. . ဟင်းဟင်း. . 'တာမင်နေတာ' စက်ရုပ်ကားထဲက အာနိုးပြောသလိုပဲ ငါပြောရတော့မှာပဲ၊ I'll be back. . ငါ အခုပြန်လာမယ်"

ဂျင်းဘောင်းဘီအပြာ၊ တီရှပ်အဖွေးသား၊ မျက်သားနီနီနှင့် ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းကြီး ရှုံ့ရှဲ့နှင့် ချာခနဲ မှန်တံခါးဝက ပြန်လှည့်ထွက်သွားသည်။ စက္ကန့်ပိုင်းအတွင်း မှာပင် LandCruiser ကားနှင့် Honda Fit အဖြူလေးကြား ရပ်ထားသော Hummer SUV ကားကြီး စက်နှိုးလာသည်။

စက်ရှိန်ကို လီဗာနှင့် ဝူးခနဲ. . ဝူးခနဲ. . နှစ်ခါတင်သည်။

ထို့နောက် ဝေါခနဲ ဘီးယက်၍ ရှေ့သို့ ခုန်ထွက်သွားသည်။

"ဝူး!. . . ဝေါ!. . ."

"ဟာ!. . ဟာ!. ."

ကားဦးတည်နေသည်က CLOSE ဟု စာကပ်ထားသော မှန်တံခါးနှင့် မှန်နံရံကြီးဆီ။

"ဝူး!. . ဝေါ!. . ဂျိန်း!. ."

"ခွမ်း!. . . ဂွမ်း!. . . ချလွင်!. . . ချွင်!. . ."

အလူမီနီယမ်ဘောင်တန်း ကျိုးကြေပြုတ်ကျ၍ ပွပြဲလွင့်စင်မှု ငြိမ်သက်သွားသော မှန်ကွဲစများပေါ်သို့ OPEN ဟု ရေးသားထားသော စာရွက်ကလေး လွင့်ကျလာ၏။ ကားပေါ်က ဆင်းလာသူက မှန်ကွဲစနှင့် ထို OPEN စာရွက်ကို နင်း၍. . ဧည့်ကြိုကောင်တာ Reception ဆီ ချဉ်းကပ်ပုံ အလောတကြီးနိုင်လှသည်။

"ဟော့. . . ဟို Honda Fit အဖြူနဲ့ကောင်မလေး ဘယ်အခန်းမှာလဲ. . ."





ဟိုတယ်ထဲအထိ ကားနှင့် ဝင်အားပေးသောဧည့်သည်ကို တုန်လှုပ်ချောက်ချားနေသော ဝန်ထမ်းအမျိုးသမီးနှစ်ဦး မျက်လုံးအပြူးသား ကြောင်ကြည့်နေကြသည်။

"ငါ အေးအေးဆေးဆေး မေးနေတာနော်"

"စား. . စားသောက်ခန်းမှာ ထင်ပါတယ်ရှင့်"

ချာခနဲလှည့်၍ မြေညီထပ်စားသောက်ခန်းဆီ မှန်ကွဲစတွေ တဂျွမ်းဂျွမ်းနင်း၍ ချီတက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"**ဆ**. . ဆရာယွာမိုး၊ ဆရာယွာမိုး. . အောက်. . အောက် Reception မှာ ပြဿနာဖြစ်နေတယ်"

"ဘာဖြစ်တာလဲ မောင်အေး"

"ဆိုင်ပိတ်ထားတဲ့ မှန်တံခါးထဲကို ဟန်းမားတစ်စီး ခေါင်းထိုး ဝင်လာလို့"

"ဟိုက်!. ."

မန်နေဂျာမောင်ယွာမိုးသည် လူတော်လေးမို့ ဒပ်ခနဲ သိလိုက်သည်။ လမင်းရိပ်၏အစ်ကို ဒေါသအိုး 'လင်းလွန်း' လိုက်ချလာပြီ။

"မောင်အေး. . ရိုးရိုးလှေကားမှာ လုံခြုံရေး အပြည့်ချထားလိုက်. . . မြန်မြန်လုပ်"

"ဟုတ်. ."

"Reception က နုနုနဲ့ဆွေဆွေ. . . ငါ့အသံကြားလား





ဟော့. ."

"ကြားပါတယ် ဆရာ"

"ကားနဲ့ ဝင်လာတဲ့သူ အခုဘယ်ရောက်နေလဲ"

"အောက်ထပ်စားသောက်ခန်းမမှာ. . . ဟော. . ဟော

ပြန်ထွက်လာပြီ၊ ဓါတ်လှေကားဆီ လာနေတယ်"

"ကောင်းပြီ. . . အမြန်လုပ်၊ နုနု. . . သူ့ညီမ လမင်းရိ

အပေါ်ဆုံးထပ် စားသောက်ခန်းမမှာလို့ သတင်းသွားပေး"

"ဟုတ်. ."

"ဆွေဆွေ. . . အဲ့ဒီလူ ဓါတ်လှေကားထဲဝင်ပြီးတာနဲ့ ဓါ

လှေကား မိန်းခလုတ်. . ဂျားမိန်းကို ပြေးပိတ်. . . ဒါပဲ"

"ဟော. . ဟော. . နုနုနဲ့ စကားပြောနေတယ် ဆရာ. .

ဓါတ်လှေခါးထဲ ဝင်ပြီ"

"တစ်. . နှစ်. . သုံး. . ဂျားမိန်းပိတ်"

"ဂျိန်း!. . ရှဲ!. . ရှင်း!. ."

အိုကေသွားပြီဖြစ်သည်။ ဒေါသကုမ္မာရကို ဓါတ်လှေကား

ထဲ ခဏဖမ်းချုပ်ထားလိုက်ခြင်းဖြစ်သည်။

သည်က လုပသောပွဲလေး အပျက်ခံ၍မဖြစ်။ ချစ်သူနှစ်ဦ

၏ နိဗ္ဗာန်ဘုံလေးကို ကာကွယ်စောင့်ရှောက်ရမှာက သူ့တာဝန်. .

သူ့ဝန်ဆောင်မှု ဖြစ်သည်လေ။

လူငယ်လူချော မန်နေဂျာလေး ခန်းမထဲက လှစ်ခနဲ ထွ

သွားသည်ကို ကြည်နူးနေသော ငယ်ကျွမ်းဆွေနှစ်ဦး မသိလိုက်ကြ

ပလက်တီနမ် Leg Chain လေး ပတ်ပေးပြီး သူ ပြန်အင

၌. . သူမက သူ့လက်ကို ဖွဖွဆွဲကိုင်၍. . .



www.burmeseclassic.com

"လမင်း သူ့ကို လက်ဆောင်ပြန်ပေးမယ်နော်"

ချစ်သူ၏ မျက်နှာငွေလ ရွှင်ပျပျကို အပေါ်စီးမှကြည့်ရင်း ရင်တွင်းလှိုက်ခုန်ကြည်နူးစဉ် ချစ်သူ၏နှုတ်ခမ်းဖူးဖူးလေးမှ ကြာညို နွံ့သင်းသော အာခံတွင်းလေလေး ခိုက်ခိုက်လျှလျှ ထွက်လာသည်။

"မောင့်ကို သိပ်ချစ်တယ်"

"ဒီထက် တန်ဖိုးကြီးတဲ့လက်ဆောင် မရှိတော့ပါဘူး မောင့် လမင်းလေးရယ်. . ကြည်နူးလိုက်တာ၊ ကဲ. . ချစ်သူများနေ့လို့ အမည်ရတဲ့ ဝိုင်ချိုချိုလေး"

"ချွင်. . ရင်. . ရင်. . . "

ကလပ်ဖန်ခွက်ချင်း ထိခတ်သံလေးကပင် သုတိသာယာ ရှိနေပါတော့သည်။

"ဝုန်း!. . ခွမ်း!. . ဖောင်း!. . "

ဓါတ်လှေကား ခလုတ်ဘုတ်ကို ကြေမွအောင် လက်သီးနှင့် ဒေါသတကြီး ထိုးနေသော လင်းလွန်း၏လက်သီးများ သွေးချင်းချင်း နီရဲနေ၏။ နာရမှန်းလည်း သိပုံမရတော့။

တံခါးကို ခြေနှင့်ဆောင့်ကန်၊ သံမဏိတံခါးမို့ နောက်ကိုလန် ဖင်ထိုင်ပြန်ကျ။ နောက်စေ့နှင့် နံရံတိုက်မိ၊ ဖြစ်ချင်တိုင်းဖြစ်နေ၏၊

"မင့်ညီမတော့. . ငထူး နိဗ္ဗာန်ပို့နေပြီ လင်းလွန်းရေ၊ Moment Heaven ထဲ ပခုံးဖက်ခေါ်သွားတာကို ငါတို့အုပ်စုအကုန် မြင်လိုက်တယ်"

သတင်းလှမ်းပို့သော 'ရာဇာကြီး'၏ ဖုန်းစကားသံကို အထပ် ထပ်ပင် လင်းလွန်းနားက ပြန်လည်ကြားယောင်နေ၏။

ဒုတိယထပ်ကြမ်းခင်းရှိ ဓါတ်လှေကားတံခါးအနီးမှာတော့ အတွင်းက တအုန်းအုန်း. . တခွပ်ခွပ်. . အသံများကို ခိုးနားထောင်





www.burmeseclassic.com

www.burmeseclassic.com



နေသော မန်နေဂျာမောင်ယွှာမိုးလေး တဟိဟိ ရယ်နေ၏။

"ချ. . ချ. . မွှနေအောင်ချ"

လင်းလွန်းသည် ဓါတ်လှေကားတစ်စင်းလုံး ဖြုတ်လဲပေးနိုင်သော သစ်သူဌေးသားမှန်း မောင်ယွှာမိုး သိနေသည်။

တစ်ခါတလေ ခလုတ်ကြောင်နေသော ဓါတ်လှေကားမို့ အသစ်ရတော့မည်။

"ချကွ. . . ချထား. ."

၅ ၄ ၅ ၅





"**မောင်**ရယ်. . . လမင်း နောက်ဆုံးတောင်းဆိုကြည့်ချင်သေးတယ်"

သူ ဘာမှပြန်မပြော၊ ဘာကိုတောင်းဆိုမည်ဆိုတာလဲ သိနေခဲ့သည်။

"စင်ကာပူမှာ သွားလုပ်မယ့် မောင့်လုပ်ငန်းကြီးကို မလုပ်ဖို့ လမင်း တောင်းဆိုပါရစေလား၊ မောင့်ကို အလှအပတွေကြား စိတ်မချလို့ပါ"

"အောင်မြင်တဲ့ ဖက်ရှင်ဒီဇိုင်နာဖြစ်ဖို့ မေမေ့သားအိမ်ထဲကနေ လောကသားအိမ်ကြီးထဲ မောင်ရောက်လာတာလို့ ခံယူထားတာလေ၊ စိတ်ချပါ လရိပ်လေးရယ်. . ."

မိန်းမလှပေါင်းစုံနှင့် ပတ်သက်ရမည့်အလုပ် ဖြစ်သည့်အပြင် မိန်းမတိုင်း လည်ပြန်အကြည့်ခံရသောချစ်သူကို လမင်း[illegible]ကလေး ဘယ်လိုမှ စိတ်မချနိုင်။

www.burmeseclassic.com



ပြီးတော့. . မောင်က စကားပြော အနုပညာရှိသူ၊ မောင် စကားပြောလျှင် ပျို့ပျို့အိုအို ငေးပြီးငိုက်ပြီး နားထောင်ကြသည်ကို လည်း သူမ မြင်ဖူးပေါင်းက များလှပြီလေ။

ဟိုသီချင်းထဲကလို 'လိုရင်အကုန်လုံးယူ' ဆိုတာမျိုးတွေ ဖြစ်ဖြစ်ကုန်ကြတာလည်း မိန်းမချင်းမို့ သူမ အစင်းသိ။ မောင့်ကိုဆို မကြွေသူက. . မရှိ။ အင်း. . . ခက်ပြီ။

"မောင့်ကို သိပ်ချစ်တဲ့လမင်း အုတိုခွင့် မရှိဘူးလား မောင် ရယ်၊ မောင့်ကို ချစ်လို့ပါ. . ."

"အို. . . မျက်ရည်က ဝေ့လာပြန်ပါပြီကွယ်. . ၊ ပျော်စရာ ကောင်းတဲ့အချိန်ကလေးကို မျက်ရည်နဲ့ မဖြုတ်သန်းကြေးလေ. . ၊ အချစ်ဆိုတာ ဝန်တိုခြင်းမပါရင်တော့ မပြည့်စုံနိုင်ပါဘူး. . လမင်း သဝန်တိုတာ မောင်ကြည်နူးပါတယ်၊ ဒါပေမယ့်. . . ထပ်ချစ်စရာ နှလုံးသားအပို မောင့်မှာမပါဘူး၊ မေမေကလည်း ထည့်မပေးလိုက် ဘူး. . အဲ့ဒါကိုယုံ၊ အင်း. . နှလုံးသားနှစ်ခုရှိတဲ့ လူသားဆိုလည်း ကမ္ဘာကျော်အောင် ရုံသွင်းစားကြရုံပဲ လမင်းရေ. . ၊ မြန်မာပြည်က နှလုံးသားနှစ်စုံနှင့်လူသားဆိုပြီး၊ ဟင်းဟင်း. . မြန်မာပြည် ဒီထက် တောင် နာမည်ကျော်သွားဦးမယ်"

လိုအပ်သော ငွေကြေးရှင်းလင်းမှုများကို မန်နေဂျာနှင့် ဆောင်ရွက်ပြီးသောအခါ နှစ်ယောက်သား ပြန်ရန်ပြင်ကြသည်။

"ခါတ်လှေကား မတော်တဆ ပျက်နေလို့ ရိုးရိုးလှေကားက ကျေးဇူးပြုပြီး ဆင်းနိုင်မလားခင်ဗျာ၊ ဒါမှမဟုတ်. . . မီးဖိုချောင် ခါတ်လှေကားတော့ ရှိပါတယ်"

"ရိုးရိုးလှေကားကပဲ ဆင်းပါ့မယ်ခင်ဗျာ၊ ခင်ဗျားက ထမ်းပြီး





ချပေးမယ့် ပုံစံကြီးဗျာ"

"အကောင်းဆုံး ဝန်ဆောင်ပေးချင်တာပါဗျာ"

ရိုးရိုးလှေကားမှ မန်နေဂျာကိုယ်တိုင် လိုက်ဆင်းပို့သည်။

အောက်ထပ်ခန်းမအရောက်. . .

"ဟယ်!. . . ကိုကို့ကား"

လက်စလက်နတွေက မှုခင်းမို့ မသိမ်းဆည်းရသေး။

မကြာခင် ရဲများရောက်လာပေလိမ့်မည်။

"ကို. . ကို. . ကိုကိုကောဟင်"

"ကျွန်တော် လုံခြုံစိတ်ချရဆုံးနေရာမှာ ခဏထိန်းသိမ်းထား ပါတယ်၊ ကဲ. . . ငယ်ကျွမ်းဆွေတို့ရေ ကောင်းသောညပါခင်ဗျာ"

"ကျေးဇူးတင်ပါတယ်ရှင်"

"ကျေးဇူးနှစ်ထပ်ကွမ်းပါ မန်နေဂျာ. . . Good Night"

"ဟုတ်ကဲ့. . . Bad Night ကို ဆက်ဝန်ဆောင်ရဦးမယ် ဗျား"





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၃)

ခြံထောင့်က သစ်ပုတ်ပင်ကြီး. . နှစ်ကြိမ်မြောက် ရွက်ဟောင်းစွန့်ပြီး၍. . . အရိုးပြိုင်းပြိုင်းကျနေသော စိတ္တဇဆန်သည့် ပန်းချီကား ကို လမင်းရိပ် ငေးမောကြည့်နေခဲ့သည်မှာ တစ်ညနေလုံး ဖြစ်သည်။ မြက်ခင်းပေါ် ချထားသော Dream Bed ပေါ် ထိုင်ငေးနေသော ဦးခေါင်းကို ညင်ညင်သာသာပင် နောက်လှန်ချလိုက်သည်။ သစ်ပုတ်ပင်ပေါ် မှ တစ်ကောင်တည်းနားသော ဥသြငှက်က လွမ်းလွမ်းဆွေးဆွေး တွန်ကြူးနေသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

ပင်ခြေမှရွက်ကြွေတွေက ဝေ့ဝိုက်လာသောလေထဲ ဝဲခနဲ ထ၍ ကခုန်ရင်း မြေရှပ်ပြေးသည်။ ရပ်ဝေးမြေခြားကမောင် ဖုန်းမဆက်တာ သုံးပတ်ရှိခဲ့ပြီကောကွယ်။

အေးလေ. . နောက်ဆုံးဆက်တုန်းက ကိုကိုနှင့်တည့်တည့် သွားကြုံခဲ့သည်ပဲ။

"ဘုတ်!. ."

သူမ ဒိတ်ခနဲ လန့်သွား၏။ သူမပေါင်ပေါ်သို့ ဓါတ်ပုံတစ်ထပ် ကျလာခြင်းဖြစ်သည်။ မော့ကြည့်လိုက်တော့. . ကိုကို။

"အဲ့ဒီမှာ ညီမလေး၊ နင်ချစ်လှချည့်ဆိုတဲ့ ငထူးရဲ့ဓါတ်ပုံတွေ"

ဓါတ်ပုံပေါင်းနှစ်ဆယ်ကျော်၊ ဓါတ်ပုံတိုင်း၌ မိန်းမလှများ၊ နာမည်ကျော်မင်းသမီးများ၊ နာမည်ကျော်မော်ဒယ်လ်များနှင့်. . မောင်သည် ရင်းနှီးကျွမ်းဝင်လှချည်ရဲ့။ အလုပ်သဘောအရ လိုအပ်သည်ထက် နီးကပ်စွာ ထိစပ်ပွန်းတီးနေကြသည်။

တစ်ပုံမှာဆို ရေကူးကန်ဘေး ထီးကြားကြီးအောက်ရှိ ပက်လက်ကုလားထိုင်တွင် Coke သောက်နေသော. . ဘောင်းဘီတိုအင်္ကျီကျွတ်နှင့်မောင့်ကို အင်မတန်ညို့အားပြင်းသော. . ခပ်ကဲကဲ မော်ဒယ်လ်ဂဲလ်က ဇက်ကြောဆွဲပေးရင်း တစ်စုံတစ်ရာ ငုံ့ကိုင်းပြောနေပုံ အသက်ပါလှသည်။ မောင်က ရွှင်ရွှင်ပျပျ ရယ်ဟဟနှင့် နားထောင်နေသည်လေ။

ပုံတွေ ကြည့်ရင်းကြည့်ရင်း ရင်ထဲက စူးခနဲဖြစ်သွားသည်။ ထိုစူးခနဲ ဖြစ်သွားသောနေရာသည် သူမ၏နှလုံးသား ဗဟိုချက်တည့်တည့်ဖြစ်နေသည်။





Dream Bed ပေါ် ထထိုင်၍ တစ်ပုံချင်း ကြည့်နေရာမှ အသာအယာပင် နောက်လှန်ကျသွားပြန်သည်။ အသက်ပင်. . ကောင်းကောင်းရှူ၍မရတော့။ ဓါတ်ပုံများ သူမခန္ဓာနှင့် Dream Bed ပေါ်မှ လျှောခနဲ ကျသွားသည်ကို သိလိုက်သည်။

နှင့်သီးသော အမိုက်တိုက်ကြီး ရုတ်တရက် အသိအာရုံကို အုံ့ဆိုင်းလာသည်။ အလင်းတွေထဲ အမှောင်ထုကြီး ချဉ်းနင်းလာနေသည်။

"ညီမလေး. . . ညီမလေး. . ."

ဟူသော ကိုကို့အသံနှင့်. . ပခုံးကိုပွေ့ထူသည့် အထိအတွေ့ကို လုံးဝမမှောင်မီ နောက်ဆုံးသိလိုက်သည်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြန်သတိရတော့ အိပ်ရာပေါ် ရောက်နေကြောင်း. . သိရသည်။

"ညီမလေး. . ညီမလေး. . သတိရပြီလားဟင်၊ လူနာရှိလို့ တဲ့. . ဒေါက်တာသက်သက် အခုပဲ ပြန်သွားတယ်၊ ညီမလေး ဘာမှ မဖြစ်ပါဘူးတဲ့. . ."

ရင်ထဲမှာတော့ တစ်ချက်တစ်ချက် စူးခနဲ အောင့်ဆဲပါပင်။ ကိုကိုလင်းလွန်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေပုံကိုတော့ သနားမိသည်။ ကိုကိုတိုက်သောဆေးကို သူမ သောက်အပြီး. . .

"ကိုကိုရယ်. . . ညီမလေးသိချင်တာ တစ်ခုရှိတယ်"

"ဘာသိချင်တာလဲ ညီမလေး"

သူမ ကိုကို့လက်ထဲ သောက်ရေခွက် ပြန်ထည့်ရင်း နွမ်းလှသောလေသံလေးနှင့် မေးဖြစ်ပြန်သည်။

"ကိုကို အထူးကို ဘာလို့ ဒီလောက်မုန်းနေတာလဲဟင်"

ညီမလေး မကြာခဏမေးဖူးသော မေးခွန်းဖြစ်သည်။ လင်း





လွန်း တစ်ခါမှပြန်မဖြေခဲ့။ သည်တစ်ခါတော့ ဖြေမှဖြစ်တော့မည်။ ဒေါက်တာသက်သက က ခပ်ဆဆ. . ခပ်တိုးတိုး ပြောသွားသည်။

'လမင်းရိပ်မှာ Heart Attack နှလုံးရောဂါ ရှိနေပြီ'တဲ့၊ 'Second Attack ဒုတိယအဆင့်ကို ကျော်ချင်နေပြီ'တဲ့၊ 'ကြပ်ကြပ် ဂရုစိုက်ပါ'. . တဲ့၊ 'လိုအပ်ရင် ရန်ကုန်တက်ပြီး သမားတော်ကြီးတွေနဲ့ ပြပါ၊ Operation ခွဲစိတ်ရမယ့်အခြေအနေ'. . တဲ့။

မိဘနှစ်ပါးလည်း မရှိတော့ပြီ။ သည်ညီမလေးသာ သူ့ဘဝ၊ သူ့အသက်၊ သူသာအဖေ၊ သူသာအမေ၊ သည်ညီမလေး၏ ဖျော့တော့လာသောအခြေအနေကိုလည်း သူမြင်နေရသည်လေ။

"ပထမနှစ် ကျောင်းသားဘဝက သူနဲ့ကိုကို ပြဿနာတစ်ခုနဲ့ ပတ်သက်ပြီး တော်တော်အခြေအတင်ဖြစ်ကြတယ်၊ သူ့အက်ကိုယ့် ဘက် ဘော်ဒါတွေကလည်း အုပ်နဲ့သင်းနဲ့လေ၊ နောက်ဆုံးတော့ သူနဲ့ကိုကို ချိန်းဆိုပြီး နတ်သမီးတောင်ပတ်လမ်းမှာ ကားပြိုင်မောင်းကြတယ်၊ ရှုံးတဲ့လူက ကားမီးရှို့ကြေး၊ ကိုကို ရှုံးခဲ့တယ်"

"ဟယ်. . . ဖေဖေ့ကားသစ်ကြီး (၂၂)မိုင်စခန်းမှာ ချောက်ထဲကျပြီး ကားမီးလောင်လို့ ကိုယ်လွတ်ရုန်းရတယ်၊ ကိုကိုပါ ဒဏ်ရာတွေနဲ့ အိမ်ပြန်လာတယ်လေ၊ အဲ့ဒါ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး. . . ကားကို မီးရှို့ပြီးမှ ချောက်ထဲ တွန်းချခဲ့တာ၊ ကိုကို့ဒဏ်ရာတွေက ဖေဖေယုံအောင် တမင်အနာခံ ဖန်တီးခဲ့တာ"

"ဖြစ်ရတယ် ကိုကိုရယ်၊ ဒါနဲ့ပဲ. . အထူးကို ခါးခါးသီးသီး မုန်းရရောလား"

ရေတစ်ခွက်မော့ချရင်း. . လင်းလွန်း မေးကြောတွေ တင်းလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူက ညစ်ပတ်တယ် ညီမလေး၊ တောင်ကြောပတ်လမ်းကို ပြန်အဝင် ဟိုဧရာမသစ်ပုတ်ပင်ကြီးနားမှာ သူက၊ ကားဘော်ဒီချင်း ဝင်တိုက်ချတယ်၊ ရှေ့မှာသစ်ပင်. . ဝေါခနဲ မြင်ကွင်းထဲ ဝင်လာတာ၊ ကိုကိုသာ သတိမရှိ၊ ဘရိတ်မနိုင်ရင်. . ကိုကိုအဲ့ဒီမှာတင် ပွဲချင်းပြီး သေခဲ့တာ ကြာပြီပေါ့"

"ဟူး. . . သူနိုင်ကိုယ်နိုင်ပွဲပဲ ကိုကိုရယ်၊ ရုပ်ရှင်တွေထဲမှာလည်း ဒီလိုပဲ လုပ်တတ်ကြတာပဲ၊ အဓိကပြဿနာက ဘာဖြစ်ကြတာလဲဟင်"

"ပြောပြပါ့မယ် ညီမလေးရယ်. . . အေးဆေးနားထောင်၊ မြို့နယ်လှယဉ်ကျေးမယ် 'နှင်း'ကို ကိုကိုဘယ်လောက်ချစ်တယ်၊ ဘယ်လောက်စွဲလန်းတယ်ဆိုတာ ညီမလေးသိပါတယ်နော်၊ အဘဦးတင်နွယ်ဆီမှာ စောင်းသင်ရင်း ရင်းနှီးကြတာလေ. . .၊

သုံးနှစ်သုံးမိုး ကိုကိုကြိုးစားပေမယ့် ဘယ်လိုမှ အဖြေမရခဲ့ဘူး၊ နောက်ဆုံးပြောတဲ့ နှင်းစကားက ကိုလင်းဖွဲ့နဲ့ ကိုလင်းမေတ္တာကို နှင်း အသိအမှတ်ပြုပါတယ်တဲ့၊ ဒါပေမယ့် နှင်းမှာ အသည်းပေါက်မတတ် ချစ်ရတဲ့ချစ်သူ ရှိနေခဲ့ပြီးပါပြီတဲ့၊

ဘယ်သူထင်သလဲ ညီမလေး. . နင့်ကောင် ငထူးပဲ. . ထူးထက်အောင်ပါတဲ့၊ ထဲထဲဝင်ဝင်ကို ငြိစွန်းပြီးခဲ့သလိုမျိုး ပြောလာတယ်လေ၊ ကိုကို့ရင်ကို ကျွဲဝင်ခတ်လိုက်တာပဲ"

"မဟုတ်သေးဘူး ကိုကို"

"ဘာမဟုတ်တာလဲ၊ သူတို့နှစ်ယောက်လည်း တွဲနေတာပဲ"

"အဲ့ဒါ အဘဦးတင်နွယ် တွဲပေးထားတာ ကိုကို၊ အထူးရဲ့ စောင်းလက်ကျကို မမနှင်း လိုက်နိုင်အောင်နဲ့. . သီချင်းကြီးတွေ





စာသားချပေးဖို့ တမင် ဆရာတပည့်လို တွဲပေးထားတာ၊

မမနှင်းက အထူးကို တစ်ဖက်သတ် ချစ်ချင်ချစ်နေမှာပေါ့၊ အထူးက ဖြူဖြူစင်စင်ဆိုတာ ညီမလေးသိတယ်"

"နင်က နင့်ကောင်ကို အခုထိ ကာကွယ်နေတုန်းလား. .၊ ဒီဓါတ်ပုံတွေက ရန်ကုန်က ငါ့လူတွေ စုဆောင်းထားတာ၊ မကြာခင် နင့်ကောင် စင်ကာပူမှာ ဘယ်လောက်ရှုပ်ပွေနေတယ်ဆိုတာ ငါ သက်သေပြမယ်၊ နင်ယုံလာအောင် ငါသက်သေပြမယ်"

"ညီမလေး ယုံတယ် ကိုကို"

"ဘာကို နင်ယုံတာလဲ"

သူမကိုကို့ကို သူမ ညင်ညင်သာသာပင် မျက်လုံးဆုံအောင် တမင်စိုက်၍ကြည့်ရင်း လင်းလင်းလက်လက်ပင် ပြောချလိုက်သည်။

"အထူးကို. . ."

"ဘာ!. . ကဲဟာ. . ယုံဦး"

"ခွမ်း!. ."

သူမအိပ်ယာဘေးက မီးစလောင်းကို လင်းလွန်း အားရပါးရ လှမ်းရိုက်ချလိုက်သည်။ အိပ်ခန်းထဲ သည်မီးစလောင်းသာ ထွန်းထား၍ မိုက်ခနဲ မည်းသွားသည်။

လိုက်ခနဲ လန့်သွားသော သူမအမြင်တွေလည်း တဖြည်းဖြည်း မည်းမည်းလာနေပြန်သည်။ အို. . . စူးကနဲ. . .။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၄)

"ကိုယ့် အဖြစ်က. . ပြောင်မြောက်တဲ့ ဟာသစာရေးဆရာတစ်ယောက်ကို ပြောချင်တာ၊ အင်မတန် ဟာသရသမြောက်မယ့် ဇာတ်တစ်ပုဒ် ဖြစ်လာမှာ သေချာတယ်. . . ဟင်း. . ဟင်း. ."

ဖက်ရှင်မဂ္ဂဇင်းတစ်ခု၏ ဗျူးဆရာကို ကော်ဖီနှင့်ပဲမုန့်ဘာဂါလင်ပန်း တွန်းပို့ပေးရင်း. . 'မာမီကြေး'က လှလှပပ ဆိုဖာပေါ် ဒူးချင်းချိတ်ထိုင်လိုက်သည်။ ဗျူးဆရာ၏ တပည့်လေးက ရှုထောင့်



www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံမှ ဓါတ်ပုံတွေ လိုက်ရိုက်နေသည်ကို ဖက်ရှင်ဒီဇိုင်း Sketch အကြမ်းရေးနေသော သူ့အခန်းမှန်ကိုဖြတ်ပြီး သူမြင်နေရသည်။ အသံကိုတော့ အင်တာကွန်းဖွင့်ထား၍ သူ အတိုင်းသားပင် ကြားနေရသည်။

ဗျူးဆရာက. . .

"ကျွန်တော်လည်း ခေတ်စားနေတဲ့ဟာသလိုင်း. . ရေးမလားလို့ပါပဲ မာမီကြေးရယ်၊ မာမီကြေး ဇာတ်လမ်းပြောက်ရင် ကျွန်တော်ပေါက်အောင် ရေးနိုင်ပါတယ်၊ ကျွန်တော့်ကို. . ဆရာ့ဆရာတွေက လက်ရှိတယ်လို့ ဝေဖန်ကြပါတယ်"

"ဟတ်လား. . . ဆရာ့ဆရာတွေတောင် မဟုတ်ပါဘူးကွယ်၊ ဆရာ့တပည့်ပေါက်စလေးတွေတောင် မြင်နေရသားပဲ. . မျက်စေ့ပါရင်. . "

"ဘာကိုပြောတာလဲ မာမီကြေး"

"မင့်မှာ လက်ရှိတာလေ၊ နှစ်ဖက်ကြီးများတောင်. . ဟင်းဟင်း"

"စာရေးတဲ့ မှော်သားလက်ကိုပြောတာ မာမီကြေးရဲ့"

"ကဲ. . ကော်ဖီသောက်ပါဦး၊ ဟိုဖိုတိုဂရပ်ဖာလေး. . လာပြီးမှရိုက်၊ ဟမ်ဘာဂါက ပူတုန်းစားမှကောင်းတာ၊ ကဲ. . . စားရင်းသောက်ရင်းပဲ မေးကြ"

ပလုတ်ပလောင်း အုပ်ကြသည်ကို သူ တစ်ချက်လှမ်းကြည့်ရင်း ပုံကြမ်းပေါ်မှ ဂါဝန်ဒီဇိုင်းကို အရောင်သွင်းရန် စဉ်းစားသည်။

ဗျူးဆရာက အသံဖမ်းစက်လေး နေရာရွှေ့၍. . .

"မာမီကြေးနာမည်အရင်းက မာမီကြေးပဲလားခင်ဗျာ"





"မှတ်ဘူးကွယ့်. . နာမည်အရင်းက. . ယောက်ျားစစ်စစ်ဘဝကပေ့ါနော့. . ကိုကြင်အေးတဲ့၊ ကိုကြင်အေး. . ကိုကြင်အေးနဲ့ အရေးပေါ် အမြန်ခေါ်ရာက ကိုကြေးဖြစ်သွားတာ၊ ခေါ်ကြည့်ပါလား. . အမြန်"

"ဟုတ်တယ် မာမီ၊ ကိုကြင်အေး. . ကိုကြေး. . ဟင်း. . ဟင်း၊ ဒါနဲ့ စပ်စုတယ်ပဲ ပြောပြောပေ့ါ. . . ယောက်ျားစစ်စစ်ဘဝကနေ ဘယ်လိုကြောင့် ဈာန်လျှောပြီး မာမီကြေး မိတ်ကပ်စပါယ်ရှယ်လစ်ဘဝကို ရောက်ခဲ့တာလဲခင်ဗျာ"

"အောင်မယ်. . အောင်မယ်. . အလှဖန်တီးရှင်ဘဝ၊ မာမီကြေးဘဝကိုများ ဈာန်လျှောပြီး ရလာတယ်လို့ မသုံးနှုန်းလိုက်ပါနဲ့ ကိုဗျူးရယ်. . စကားလုံး ရိုင်းပါ့မယ်၊ ဒီဘဝကို. . . ဈာန်တက်ပြီး လန့်ထွက်နေမှ ထိုက်ထိုက်တန်တန် ရခဲ့တာပါ၊ အင်မတန် အရင်းအနှီး များပါတယ်၊ ပေးဆပ်ခဲ့ရတာလည်း တနင့်တပိုးပါတော်. . "

စီးကရက်ထုတ်၍ ဟန်ပါပါ ခဲလိုက်သဖြင့် ဓါတ်ပုံဆရာလေးက မီးခြစ်ပေးသည်။ ဓါတ်ပုံဆရာ လူချောလေးကို ကိုကြေးက ပါးလေး လှမ်းပွတ်ရင်း Thanks ဟု ပြောလိုက်ပုံ လွှတ်သဘာဝကျနေ၍ ခဲတံချရင်း သူရယ်နေမိသည်။ ကိုကြေး (လုံးဝ)အခြောက် မဟုတ်မှန်း သူသာသိသည်လေ။

"ကဲ. . . မာမီကြေးဇာတ်လမ်းလေး လုပ်ပါဦး"

"ပြောမှာ. . ပြောဦးမှာ. . ပြောချင်လွန်းလို့ ဗီယက်နမ်ကော်ဖီနဲ့ ဟမ်ဘာဂါကျွေးတာ၊ ဒီလိုကွယ့်. . . ဖတ်စ်ရီးယားမှာ မောင်ကြင်အေးဆိုတဲ့ လူချောလူလှလေးဟာ ကောင်မလေးတစ်ယောက်ကို ရင်စ,ခုန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာမန်းလေးက. . .

"ဟာ!. . . မာမီကြေးက မိန်းမတစ်ယောက်ကို ချစ်ဖူးတယ် ဟုတ်လား. . . ကျားသားမိုးကြိုး"

"ကောင်လေးနော်. . . ငါ ငယ်ထိပ်ပိတ်ခေါက်လိုက်မယ်၊ အဲ့ဒီတုန်းက အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားဟဲ့၊ အသွေးနဲ့ အသားနဲ့ အသည်းနဲ့နှလုံးနဲ့ဟဲ့၊ ပြောမယ့်စကားတောင် ဘယ်ရောက် သွားပါလိမ့်၊ ဒီတစ်ခါ ကြော်ငြာဖြတ်မဝင်နဲ့. ."

"ဟုတ်. . ဖတ်စ်ရီးယားမှာ ရင်ခုန်တာလေ မာမီ"

"သစ်လွင်နေ့ကတည်းကစပြီး. . တစ်လကျော် နှစ်လနီးပါး တောက်လျှောက်လိုက်တာ၊ နာမည်က 'သီတာကျော်'တဲ့၊ တော်တော် လှပါတယ်. . အိပြီး အုနေတာပဲ၊ ကိုယ့်ဒေါင်နဲ့ ကိုယ့်ဗလကြောင့် သူ့ကို ကပ်ချင်တဲ့ကောင်တွေ ဖြိုတယ်ပေါ့နော်. . ၊ ကျောင်းထဲမှာပဲ တကောက်ကောက် လိုက်ရတာ၊ သူက ဖယ်ရီစီးတယ်. . .

တစ်နေ့. . . သူ ဝမ်းပျက်တယ်ထင်ပါရဲ့၊ သန့်စင်ခန်းမှာ ကြာနေလို့ ကြိုတဲ့ဖယ်ရီ မမီဘူး၊ မျက်နှာငယ်လေးနဲ့. . 'ကိုကြင်အေး သီတာ့ကို အိမ်လိုက်ပို့ပါ'တဲ့၊ ဟာ. . ဝမ်းသာလိုက်တာလေ၊ ဒါ. . မဟာအခွင့်အရေး မဟုတ်လား၊ ဖြစ်ချင်တော့ တက္ကစီခ မရှိဘူး. . ၊ လာထား. . လိုင်းကားပေါ့၊ ဟင်းဟင်း. . အကြာကြီး အတူတူရှိနေ ချင်တာလည်း ပါတာပေါ့"

သောက်လက်စ စီးကရက်ကို စိုးမြတ်သူဇာအိုက်တင်နှင့် ပြာခွက်ထဲလိုက်သေးသည်။

"ဂိတ်စမို့ နေရာကလည်းရ၊ အခွင့်အရေးလည်း ရတုန်း ကိုယ်က ကဗျာဆန်ဆန် အလှပဆုံးစကားလုံးတွေနဲ့ ဘုန်းဘုန်းကျ





လာအောင် တော်ကီလွှတ်တော့တာပေါ့၊ ပထမတော့ သူကလေးက အင်းမလုပ် အဲမလုပ်နဲ့မို့ သူ ဒီထက်စိတ်ဝင်စားမယ့် တော်ကီတွေ ဒိုင်တွေကို ဦးနှောက်ကခြစ်ထုတ်ပြီး ပစ်ကျွေးရတာပေါ့။

အဲ. . အဲ့ဒီကျမှ. . အင်း. . အဲ. . ဖြစ်လာတယ်၊ တဖြည်း ဖြည်း. . အီး. . အဲ. . အား. . ဖြစ်လာပြီး. . ပထမဆုံးစကား ပြန် လာတယ်၊ ကျွန်မ ဘယ်လိုမှ မရတော့ဘူး. . ရှေ့မှတ်တိုင်ဆင်းပြီး အနီးဆုံးအိမ်သာ ရှာပါတော့တဲ့"

ဗျူးဆရာ ကော်ဖီသီးသံ သူကြားရသည်။

"အရေးထဲ. . နှစ်ယောက်အတွက် ကားခ လေးရာကျတာ ကို ကိုယ်က ငါးရာတန် ပေးထားတာလေ၊ စပယ်ယာက တစ်ရာတန် ပြန်မအမ်းသေးဘူး၊ အဲ့ဒီတစ်ရာ ပြန်မရလို့ မဖြစ်ဘူးဟဲ့. . ကိုယ့် အပြန်စရိတ်၊ ကားအရပ်. . ငြင်းရင်းခုန်ရင်း မှတ်တိုင်မှာ ကိုယ်က စပယ်ယာဆီက အကြွတ်အနယ် တောင်းနေတုန်း၊ ဝုန်းဆို. . မချော က ပျောက်သွားရောဟေ့၊ မှတ်တိုင်က လူအရှင်းကြီး. . ဟိုဟိုဒီဒီ ရှာနေတုန်း ဆွဲဆရာရှေ့ဆိုပြီး ကားကထွက်သွား. . ၊ တစ်ရာလည်း မရလိုက်. . မချောကလည်းပျောက်၊ လူကို ယောက်ယက်ခတ်သွား တာ၊ ဖျတ်ဆို ကျောကုန်းလေးကို လှမ်းမြင်လိုက်တယ်၊ မှတ်တိုင် တည့်တည့်က ခြံထောင့်မှာ၊ ထူးပါဘူးဆိုပြီး ကိုယ်လည်း စွတ်ရွတ်ပြီး လိုက်ဝင်သွားရတော့တာပေါ့၊ ဧရာမဒန်အိုးကြီးနဲ့ ဖိုခနောက်ဆိုင် မီးဖိုကြီးကို ကျော်လိုက်တယ်ဆိုရင်ပဲ. . .

'ကြွပါ. . . ကြွပါ၊ တစ်ခါတည်း တရားနာလိုက်ရအောင်' တဲ့၊ လက်မောင်းကို အတင်းလာဆွဲခေါ်လို့ ဖိနပ်ကလေးချွတ်ပြီး ဘုမသိဘမသိ လက်အုပ်ချီရင်း သီလယူရတော့တာပေါ့၊ ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ရှည်လိုက်တဲ့တရား၊ ရက်လည်ဆွမ်းသွတ်နေတာလေ၊ ကိုယ့်ချစ်သူ ဘယ်အချိန်က ကိစ္စပြီးလို့ ဘယ်လိုအိမ်ပြန်သွားမှန်း မသိလိုက်ရတဲ့ဘဝ"

ကင်မရာမင်း ငှဲ့ပေးသော ရေနွေးကြမ်းနှင့်. . ခြောက်သ ရောင်းသွားပုံရသော အာခေါင်ကို မာမီကြေး ရေကူသည်။

ဗျူးဆရာက. . .

"နောက်နေ့ ကျောင်းမှာပြန်တွေ့တော့"

"အကြီးအကျယ် စိတ်ကောက်တော်မူတာပေါ့၊ အိမ်သာ ထက် စပယ်ယာဆီက ငွေတစ်ရာက ပိုအရေးကြီးသလားတဲ့. .၊

လူပုံအလယ်မှာ ဆွမ်းသွတ်ကို ကူငွေမထည့်နိုင်တဲ့အပြင် မျက်နှာငယ်နဲ့ လမ်းစရိတ်တောင်းပြီး ပြန်ခဲ့ရတာကို ရှင်းပြမနေချင် တော့ပါဘူး"

"မာမီကြေးဇာတ်လမ်းက ရင်နင့်ဖွယ်ရာ ဟာသပါလား"

"နေဦး. . . ကိုယ့်အတွက်တော့ ကိုယ့်ဘက်က အမှန်အတိုင်း လုပ်ကိုင်ပြုမူလိုက်ပေမယ့် သူတို့ဘက်က ကောက်ချက်ချတာက တစ်မျိုးဖြစ်သွားတာ တစ်ခုရှိသေးတယ်၊

ဘာမှမဟုတ်တာလေးပါကွယ်. . တို့က တစ်ခါတလေမှ ကွမ်းစားတာ၊ ကွမ်းယာဆိုင်နဲ့လည်း သိပ်မခင်ဘူးပေါ့၊ အဲ့ဒီနေ့က လည်း ဖယ်ရီပျက်တယ် ထင်တာပဲ၊ သူနဲ့ ဘတ်စ်ကားစောင့်ရင်း ကွမ်းယာငါးဆယ်ဖိုး ဝယ်တယ်၊ မနက်က သွားတိုက်ဆေး ကုန်နေလို့ သွားမတိုက်ခဲ့ရဘူးလေ၊ အနံ့အသက် မကောင်းမှာစိုးလို့. . ကွမ်းဝယ်ရာက ကုလားမနဲ့ ပြဿနာသေးသေးလေး တက်တော့တာ၊

'တစ်နေ့က ကွမ်းဝယ်တာ မှတ်မိသေးလား အစ်မကြီး၊ ငါး ဆယ်ဖိုးလေ. . . ငါးဆယ်တန်မရှိလို့ ကျွန်တော့်ကို နှစ်ဆယ်တန် နှစ်ရွက်ပဲ ပြန်အမ်းတယ်လေ၊ တစ်ဆယ်လိုတာပေါ့၊ ရော့. . . ဒီ လေးဆယ်ပဲယူ. .'

'မဖြစ်နိုင်တာပဲ ငါ့မောင်၊ ဟောသမှာ ငါးဆယ်တန်တွေ ပုံအောနေတာ သုံးလေးရက်ရှိပြီ၊ ဟင်းဟင်း. . . ငွေတစ်ဆယ်နဲ့ လာပြီး အကြောင်မရိုက်နဲ့'. . . တဲ့၊

ထောင်းခနဲ ဒေါသထွက်သွားတယ်၊ ချစ်သူကလည်း ပ နေတာကိုး၊ လေးဆယ်ပြန်ယူပြီး ထောင်တန်ထုတ်လိုက်တယ်၊

'ကဲ. . . ကိုးရာ့ငါးဆယ် ပြန်အမ်းဗျာ'ပေါ့. . .၊

ကုလားမကလည်း မရှိတာလား၊ တမင်ရွဲ့တာလား မသိ ဘူး၊ ဆိုင်ပေါ်က ဆင်းပြီး ထောင်တန်ပတ်လဲနေပါလေရော. . .

ဘတ်စ်ကားနှစ်စင်း လွတ်သွားတယ်၊ အဲ့ဒီကိစ္စလေးနဲ့တင် ကိုယ့်ကို ဖြတ်ချခဲ့တယ်လေ၊ နောက်မှ သိတာပါ. . ခေါင်းစဉ်တပ် တာက. . 'ယောက်ျားမပီသဘူး'. . တဲ့"

ကော်ကပ်ရင်း ရယ်နေသော ဝန်ထမ်းမလေးသင်းသင်းကို ရေခဲရေပုလင်း ယူခဲ့ရန် ကိုကြေး လှမ်းမှာသည်။ သူ့ကို တစ်စွန်း တစ်စ ပြောပြဖူးသော ကိုကြေး၏ ဖြစ်ရပ်မှန်ဇာတ်လမ်းဖြစ်သည်၊

သည်တစ်ခါ ဝတ္ထုရေးမည်ဟုပြောလာ၍ ပြည့်ပြည့်စုံစုံ ပြောနေပုံရသည်။ သူပင် စိတ်ဝင်စားလာမိသည်။ ရေသောက်ပြီး ဆက်ပြန်၏။

"ဘယ်လိုမှ ပြန်ကပ်လို့မရတော့ဘူး၊ နောက်တစ်ပတ်ကျော် ကျော်မှာ သူ အသစ်တစ်ယောက် ထပ်တွဲတယ်၊ အဲ့ဒီမှာ ဇာတ်က ပိုနာတာ၊ သူက ကိုယ့်ကို ယောက်ျားမပီသဘူးဘာဘူး ပြောပြီး. .




www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သူတွဲတာက TOM BOY ယောကျ်ားလျာ. . ကဲ. . ကောင်းရော၊ အတွင်းသိအစင်းသိ ကိုယ့်ဘော်ဒါတွေက ဝိုင်းကိုဟား တော့တာ၊ ကိုယ်က ယောကျ်ားလျာလောက်တောင် ယောကျ်ားမပီ သတဲ့ကောင်ကြီး ဖြစ်မနေဘူးလားကွယ်ရို့. . ၊ ဟင်းဟင်း. . 'ကြင် အေး'ကို ဒီလို'အထင်သေး'လို့ ဘယ်ရမလဲကွယ်၊ (ဇာတ်ကို တင်ပို့) 'တင်ပေး'လိုက်တော့မယ်၊ ဟင်းဟင်း. . ကာရန်ညီတယ်နော်. . ၊ ကိုယ်က အဲ့ဒီယောကျ်ားလျာကို မရ,ရအောင် လိုက်ပစ်တော့တာ"

"ဗျာ!. ."

"ခင်ဗျာ!. ."

ဗျာနှင့်ခင်ဗျာ အသံပြုပုံက. . . ဟုတ်ရဲ့လား၊ ရကောရရဲ့ လား ဟူသော အာမေဍိတ်ဖြစ်နေသည်။

"ဟင်းဟင်း. . . ဖလော်သမားဖြစ်တဲ့ကိုယ်က ကျောင်းမ တက်ခင်ကတည်းက ဇင်ကမန်ဖရွိုက်တို့၊ အဲဖရက်အယ်ဒလာတို့ရဲ့ စိတ်ပညာအကြောင်းတွေ နောကြေထားတဲ့ စောဖေလေ၊ မိန်းမ စစ်စစ်တွေအကြောင်းသာ မသိရင် နေရမယ်၊ လိင်စိတ် ခွကျနေတဲ့ X+Y ဟိုမုန်းညီနေတတ်တဲ့ မိန်းမလျာ၊ ယောကျ်ားလျာတွေရဲ့ အ တွင်းစိတ်ကိုတော့ ကောင်းကောင်းဖတ်တတ်တယ်လေ"

"အဲ့. . အဲ့ဒီ TOM BOY လေးကို မာမီကြေး. . ရ. . ရ လိုက်သလားဟင်"

"ဘာဖြစ်လို့ ဒီလောက်လောနေရတာတုန်း၊ ဘာလဲ. . . အိမ်မှာ နို့ဆာလို့ ငိုနေမယ့်ကလေးတွေ ရှိနေလို့လား၊ ကတည်းမှပဲ ပြောမှာပါရှင်. . ပြောချင်လွန်းလို့ နန့်နန့်တက်နေတဲ့ဥစ္စာ၊ အဲ့ဒီ ဇင်မောင်မောင်ဆိုတဲ့ ယောကျ်ားလျာလေးက ညီအစ်မချည်းပဲ ငါး





ယောက်ရှိတာ၊ ဖအေ,မအေနဲ့ အစ်မတွေက အထွေးဆုံးမို့ ငယ်ငယ် တည်းက ယောကျ်ားလေးလိုပုံစံသွင်းပြီး၊ ယောကျ်ားလေးလို ဆက်ဆံ ကြတာ၊ သားရူး,မောင်ရူးတွေလေ၊ သူ့ခမျာ ယောကျ်ားဟိုမုန်းအချိုး အစား မများပါဘဲ ပတ်ဝန်းကျင်ကြောင့် ယောကျ်ားလို ဝတ်စားနေ ထိုင်ပေမယ့် လိမ်မရတဲ့ လိင်စိတ်က မိန်းမပဲဟာကို၊ သီတာကျော် ကိစ္စ မင်းနဲ့ငါနှစ်ယောက်တည်း ဆွေးနွေးချင်တယ်ဆိုပြီး ခေါင် ပိတ်ပြီး ဖက်နမ်းပစ်လိုက်တယ်၊

ယောကျ်ားလျာဆိုတော့ ယောကျ်ားတစ်ယောက်နဲ့ ဘယ် ခေါင်သွားသွား ဘယ်သူမှ ဒေါက်ထောက်ကြည့်မနေဘူးလေ၊ သူ့ ဘက်က လုံခြုံနေတော့ ဖောက်ပြန်ဖို့ ကောင်းကောင်းအခွင့်သာနေ တာပေ့ါ၊ ပယ်ပယ်နယ်နယ် အာပွားပေးပြီးနောက်ပိုင်း. . . ကိုကို ဆိုပြီး သူကပဲ စ,ချိန်းတော့တာပေ့ါ၊ ဟင်းဟင်း. . . ထင်တဲ့အတိုင်းပဲ ရေမွှေးဆွတ်လာတယ်၊ နှုတ်ခမ်းနီပါးပါး ဆိုးလာတယ်၊ ဒါပဲလေ. . It is only way to make you a woman. . ပေ့ါ. . ဟင်းဟင်း ဟင်းဟင်း. . ၊

များတို့ ကုသိုလ်တောင်ရသေးတယ် ထင်တာပဲ၊ လူတစ် ယောက်ကို ဘဝမှန် ပြန်တည့်ပေးလိုက်နိုင်လို့လေ၊ ဟုတ်ဘူးလား သားလေးကင်မရာ. . ."

"ဒါဆို မာမီကြေးက ယောကျ်ားစစ်စစ်ကနေ. . ဒီအခြော် ဘကောက်ဘဝကို. . . ဘယ်လို. . ."

"ပြောမှာ. . . ပြောဦးမှာ၊ ဇင်မောင်မောင်က ကိုယ်နဲ့နှစ် ယောက်တည်းကျရင်တော့ ဇင်မေမေပေ့ါ၊ ဒါပေမယ့် အများရှေ့မှာ တော့ ဇင်မောင်မောင်ကနေ တစ်ပြားမှ မလျှော့ဘူး၊ သူ့ဘော်ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အိမ်ကိုပခုံးဖက်ပြီးခေါ်သွားတယ်၊ သူ့အစ်မလေးယောက်က အလှပြင်ဆိုင် အကြီးအကျယ်ကို ဖွင့်ထားတာ၊ သင်တန်းတွေဘာတွေတောင် ပေးနေတာ၊

ယောက်ျားရင့်မကြီးကို သူတို့ ညီမထွေးလေး ပခုံးဖက်လာတော့ ဘယ်လိုဖြစ်ဖြစ် စိတ်ပူကြတာပေ့ါ၊ သူတို့ တိုးတိုးတိတ်တိတ် ဝိုင်းဆူကြတာပေ့ါ၊ အဲ့သမှာ. . သူက ဘယ်လိုအနိုင်ပြန်ပိုင်းလဲဆိုတော့. . . မမတို့ ဘာမှပူပင်မနေနဲ့၊ အဲ့ဒါ. . အခြောက်ကြီးတဲ့”

အားလုံး ခွက်ထိုးခွက်လန် ရယ်မောကျကုန်တော့သည်။

“သူကလည်း ကိုယ့်ကို ဒီလိုဒီလို ရှိလို့. . ဒီလိုဒီလို ကိုယ့်ကို ပြောထားတယ်၊ အားလုံးစိတ်အေးအောင်လို့ သူ့ကိုချစ်ရင် အလိုက်သင့်နေပေး၊ ပြောပေးပါလို့ လုပ်လာပါလေရော၊

ကိုယ်လည်း အလိုက်သင့်နေပေးလိုက်တာ ညီအစ်မလေးယောက်စလုံး ဝိုင်းပြီး ကိုယ့်ကို မိတ်ကပ်လိမ်း၊ ဆံပင်ပြင် လက်သည်းခြေသည်းပါ အလှဆင်ကြပါလေရော၊

ကိုယ်လည်း ကိုယ့်မျက်နှာကိုယ် ပြန်ချစ်သွားတယ် ထင်တာပဲ၊ မိတ်ကပ်နဲ့ဆံပင်ပညာ အလကားနေ အလကား ပညာယူရင်း အနုပညာတစ်ရပ်အနေနဲ့ ဒီပညာကို အရမ်းစိတ်ဝင်စားသွားတယ်၊ စဉ်းစားကြည့်လေ. . . ကိုယ့်ဆိုင်ကို ဖောက်သည်တစ်ယောက် ဝင်လာတယ်၊ ကိုယ်. . အစွမ်းကုန်ခြယ်မှုန်း ပြုပြင်ပေးလိုက်တယ်၊ သ,ပေးလိုက်တယ်၊ သူ အင်မတန် ကျေနပ်ပျော်ရွှင်ပြီး ဖလန်းဖလန်းဖြစ်ပြီး. . သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ ကိုယ့်ဆိုင်ထဲက ဝမ်းသာအားရ ပြန်ထွက်သွားတယ်၊

ကိုယ့်ကို ပိုက်ဆံတွေပေးပြီး ကျေးဇူးတွေတောင်တင်လို့





ကုသိုလ်လည်းရ. . ဝမ်းလည်းဝ၊ မွှေးမွှေးကြိုင်ကြိုင် ကော့ကော့လေးလည်း နေရ. . . ဟာဟ၊ မာမီကြေးကိုမြင်ရင် ပြေးလာတဲ့သူတွေချည်းပဲလေ၊ သားလေး. . ရေ. . ရေ. . ဟမလေး. . လျှာခင်ခွာတောင် လိပ်တယ်”

နှုတ်ခမ်းနီ မပေအောင် ဖန်ခွက်ကို လှလှပပကိုင်၍. . ရေသောက်နေသော မိတ်ဆွေစစ် သူငယ်ချင်းအရင်း ဖြစ်လာသော ‘ကိုကြေး’ကို သူကိုယ်တိုင် ငေးမောနေမိတော့သည်။ ဒီလူမှ တကယ့် Artist အစစ်ဟု တွေးမိသည်။ တကယ်က မီဒီယာတွေက သူ့ကို ဗျူးဖို့ အမျိုးမျိုး ချဉ်းကပ်နေကြခြင်းဖြစ်သည်။ ယခုလည်း လေဆိပ်မှ သတင်းပေါက်သွားပုံရသည်။ သူ နှစ်ညအိပ် မြန်မာပြည် ပြန်လာသည်ကို အတင်းဗျူးရန် လာသဖြင့် အလုပ်များနေကြောင်း၊ မပြန်ခင် အဗျူးခံပါမည့်အကြောင်း ကိုကြေး(မာမီကြေး)ကို ရှေ့ထုတ်ပြီး. . ဒိုင်းသဖွယ် ကာကွယ်ခိုင်းထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း. . မာမီကြေး အကောင်းဆုံး အသုံးတော်ခံနေခြင်းဖြစ်သည်တမုံ။

သူ အတွင်းခန်းထဲ၌ ရှိနေသည်ကိုပင် ဗျူးဆရာတို့ သိမသွားကြချေ။ V.I.P ပွဲတစ်ပွဲက အတင်းပင် လာပင့်သွားကြောင်း၊ မကောင်းတတ်လွန်း၍ လိုက်ပါသွားရကြောင်း၊ ထူးအောင်ထက် စင်ကာပူ၌ ဖက်ရှင်ဒီဇိုင်နာဆု ရခဲ့ပုံအကြောင်း၊ မပြန်ခင် မီဒီယာအားလုံးကို ဖိတ်ကြားကျွေးမွေး၍ သတင်းစာရှင်းလင်းပွဲလေး လုပ်မည့်အကြောင်း ဗျူးဆရာတို့ကို သတင်းကောင်းပေး၍ ပြန်လွှတ်လိုက်နိုင်သည်။

“ဟမလေး ကိုထူးရာ. . . လမ်းကြောင်းလွှဲလိုက်ရတာ၊ ဘိုး. . . ငါကွာ မြော့မြော့ပဲ ကျန်ပါတော့တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါ သူငယ်ချင်းရာ၊ မင်းလည်း သရုပ်ဆောင်ရင်း သရုပ်ဆောင်ရင်း သရုပ်က တအားပါလာနေပြီ၊ တကယ့်အခြောက်ကြီးကျနေတာပဲ၊ ငါတောင် ကြည့်ရင်းကြည့်ရင်း မင်းကို မေတ္တာမျှချင်လာပြီ"

"ချမ်းသာပေးတော်မူပါ ကိုယ်တော်လေး၊ အဲ့ဒါ. . စွဲတတ်တယ်. . . တဲ့"

လက်အုပ်ချီ လက်ကာ၍ မိန်းမတစ်ယောက်လို ကြက်သီးထပြရင်း. . .

"ဘိန်းကမှ ယင်းထရင် အစားထိုး ဖြေစရာရှိသေးသတဲ့၊ အဲ့ဒါက ယင်းထလာရင်. . . ဟင်းဟင်း. . . ဟင်းဟင်း"

"ဟေ့ကောင်ကြီး. . မင်း ပြောရင်းဆိုရင်းပဲ. . မင်းဟာက ယင်းထနေပုံကြီးပါလား"

"ဖွဟဲ့. . . လွဲပါစေ. . . ဖယ်ပါစေ၊ ဒါနဲ့ မင်းကို အရေးကြီးတာ ငါတစ်ခုမေးမလို့ ကိုထူး"

နှစ်ယောက်တည်း ရှိကြသောအခါ. . ကိုကြေး၏ အသွင်အပြင်သည် တကယ့်ယောကျ်ားကောင်းတစ်ယောက်၏ အသံနှင့် အမူအရာ ဒက်ခနဲ ပြန်ဝင်လာ၏။ ခုနက သူ မဟုတ်သလိုပင်။ သူ့မျက်လုံးကို ကိုကြေး စူးစူးစိုက်စိုက်ကြည့်၍ လေးလေးနက်နက် မေးလာသည့်မေးခွန်းက. . .

"မင်း. . ဘာဖြစ်လို့ လမင်းရိပ်ကို သုံးနှစ်သုံးမိုးလုံးလုံး သွားမတွေ့တာလဲ"

သူ သက်ပြင်းရှည်ကြီး ချလိုက်သည်။ မှန်ပြတင်းကို ဖြတ်သန်း၍. . သူ့အကြည့်သည် အဆုံးမရှိသော အဝေးတစ်နေရာကို





လှမ်းကြည့်သည်။

"အင်မတန်ခိုင်လုံတဲ့ အကြောင်းရှိလို့ပဲ သူငယ်ချင်း၊ ငါကိုလင်းလွန်းနဲ့ အပေးအယူတစ်ခု မလုပ်မဖြစ် လုပ်ခဲ့ရတယ်၊ အခြေအနေအရ မလုပ်လို့က ဘယ်လိုမှမဖြစ်တော့ဘူး၊ အဲ့ဒီညက ငါလမင်းရိပ်ကို သူ့အိမ်ပြန်ပို့တော့ ခြံတံခါးကို အပြင်ကနေ ကားနဲ့ဝင်ဆောင့်ထားလို့ ခြံတံခါးကြီး ကြေမွနေတယ်၊ အဲ့ဒီလူဟာ ဒေါသဖြစ်ရင် ဘာမှမမြင်တော့တဲ့လူ၊ မူးနေရင် ပိုဆိုးတာ ငါသိနေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



Honda Fit ကားဖြူလေးရဲ့ ရှေ့မီးရောင်အောက်မှာ ဖြင်းဖြင်းထန်ထန် ထိခိုက်ထားပုံရတဲ့ သံပန်းတံခါးကြီး ဘွားခနဲ ပေါ်လာတယ်။ လမင်းရိပ်ဟာ ကားထဲကနေ အဲ့ဒီမြင်ကွင်းကို တုန်တုန်လှုပ်လှုပ်ကြည့်ရင်း မျက်လုံးအပြူးသားနဲ့ အကြာကြီး ငြိမ်သက်နေတယ်။ နောက်က. . . လမ်းပေါ်ရပ်ထားတဲ့ငါ ကားပေါ်က အပြေးဆင်းပြီး. . .

"လမင်းရိပ်. . . လမင်းရိပ်. . ."

ငါ့ခေါ်သံလည်း သူကြားပုံမရဘူး။ မီးရောင်အောက်က မြင်ကွင်းကို ငေးနေပေမယ့် မြင်ပုံလည်း မရဘူး။ သူ့ကားတံခါးကို ဆွဲဖွင့်ပြီး လက်ကိုဖမ်းကိုင်တော့ အေးစက်နေပြီ။ အတင်းဝင်ပွေ့ပြီး ပွင့်နေတဲ့တံခါးကနေ အိမ်ထဲအပြေးဝင်ရတာပေ့ါ။ အိမ်အဝင် ပင်မကျွန်းတံခါးကြီးလည်း ပုဆိန်ရာတွေနဲ့ ပြည့်နှက်ပြီး ဟင်းလင်းပွင့်နေတယ်။ တံခါးရွက်မှာ လူနီလူရိုင်းတွေကိုင်တဲ့ ပုဆိန်တန်းလန်း





စိုက်ဝင်နေတယ်။

လမင်းရိပ်ကို ဆိုဖာပေါ် ပက်လက်ကလေးချပြီး. . ငါ ဘာလုပ်ရမှန်း မသိဘူး။ မီးတွေဖွင့်၊ နောက်ဖေးပြေးဝင်၊ ရေခဲသေတ္တာထဲက ရေပုလင်း ယူလာပြီး ပွေ့တိုက်ရင်း. . .

"လမင်းလေး. . . လမင်းရိပ်လေး၊ ဘာမှ မစိုးရိမ်နဲ့. . . ဘာမှမကြောက်နဲ့. . မောင်ရှိတယ်၊ မင့်အန္တရာယ် မှန်သမျှ မောင်ကာကွယ်ပေးမယ်၊ မောင့်ကိုကြည့်စမ်း. . . မောင့်မျက်နှာကို ကြည့်စမ်း" ဆိုမှ. . .

လှမ်းကြည့်ပြီး သတိပြန်ဝင်လာပုံနဲ့ ကျုံးဖက်ရင်း ရင်ခွင်ထဲ တလှိုက်လှိုက် ငိုပါတော့တယ်။

"လမင်းရိပ်ကို ကိုကိုသတ်လိမ့်မယ်၊ ဟင့်. . ဟင့်. . လရိပ်ကြောက်တယ်"

"ဒါဆို မောင်နဲ့ အပြီးလိုက်ခဲ့မလား၊ လိုက်မယ်ဆို ဒီအတိုင်းပဲ အခုလိုက်ခဲ့တော့"

"ဟင့်အင်း. . . ကိုကို့လက်က လွတ်မှာမဟုတ်ဘူး၊ ကိုကို့ဒေါသ အဲ့လောက်ကြီးနေရင်. . သူ. . သူ. . သွေးသား မောင်နှမဆိုတာ မြင်မှာမဟုတ်တော့ဘူး၊ မောင့်. . မောင့်ကိုလည်း အရှင်ထားမှာမဟုတ်ဘူး"

နှုတ်ခမ်းလေးတွေ ဖြူရော်လာနေတယ်။ ချက်ချင်းပဲ မျက်တွင်းတွေ ကျသွားပြီး မျက်ကွင်းတွေ ညိုလာနေတယ်လေ။ ငါ လုပ်စရာကို ခေါင်းအေးအေးစဉ်းစားတယ်။

ဟုတ်တယ်။ ဖုန်းနှစ်ခု ဆက်ရမယ်။ တစ်ခုကို အရင်ဆက်တယ်။ MOMENT HEAVEN HOTEL ကို အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်တယ်။ ဝမ်းသာစရာသတင်းပါပဲ၊ ကိုလင်းလွန်း အချုပ်ထဲ ရောက်နေပြီတဲ့။ စိတ်အေးသွားတယ်။ လောလောဆယ် ပြဿနာ အကြီးအကျယ် ဆက်ဖြစ်စရာအကြောင်း မရှိတော့ဘူး။

နောက်တစ်ခါ ဒေါက်တာသက်သက်ဆီ ဖုန်းဆက်တယ်။ မကြာခင် ကိုယ်တိုင်ကားမောင်းပြီး ရောက်လာတယ်။ လရိပ်ကို I.V သွင်းပေးပြီး လိုအပ်သလို ပြုစုကုသတယ်။ လရိပ် အိပ်ပျော်သွားတယ်။ HEART ထင်တယ်တဲ့။ ငါတစ်ညဉ့်လုံး လရိပ်ဘေးမှာ ရှိနေခဲ့တယ်။

မိုးလင်းတော့ PART TIME အချိန်ပိုင်းအိမ်ဖော် ရောက်လာတယ်။ လရိပ်က ဆေးအရှိန်နဲ့ မနိုးသေးဘူး။ ခြံတံခါးနဲ့ အဝင် ဧည့်ခန်းတံခါး ပြင်ဆင်ဖို့ စီစဉ်ပြီး ငါ ရုံးခန်းကို ထွက်လာခဲ့တယ်။

သံတိုင်တွေကြားက ဝင်းဝင်းတောက်နေတဲ့မျက်လုံးတွေနဲ့ ငါ့ကို မမှိတ်မသုန် စိုက်ကြည့်နေတယ်။

“ကျွန်တော် စကားနည်းနည်းပြောချင်လို့လာတာ ကိုလင်းလွန်း၊ လောလောဆယ် အစ်ကို ဘာအကူအညီလိုသလဲ”

ဘာစကားမှ ပြန်မပြောဘဲ သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း တဂျစ်ဂျစ် အံကြိတ်နေပြန်တယ်။

“ကျွန်တော့်ဆီက အကူအညီသေးသေး မလိုအပ်ဘူးဆိုရင် အကြီးစား ဘာအကူအညီလိုသလဲ အစ်ကို”

“ငါအလိုချင်ဆုံးက မင်းငါ့ကို အစ်ကိုလို့ မခေါ်ဖို့ရယ်၊ မင်း ငါ့ညီမအနားကို ဘယ်တော့မှ မကပ်ဖို့ရယ်ပဲ၊ အေး. . . လောလော ဆယ် မင်း ငါ့မြင်ကွင်းက ချက်ချင်းထွက်သွားတာဟာ ငါ့ကို ကူညီ တာပဲ”





“ကျွန်တော်ကလည်း ပြောစရာရှိတာ မပြောရမချင်း ပြန် မယ့်ကောင် မဟုတ်ဘူး၊ ကျွန်တော် ခင်ဖျားညီမကို မြတ်မြတ်နိုးနိုး ချစ်နေတာကိုတော့ မိုးနတ်မင်းတောင် တားလို့ရမှာမဟုတ်ဘူး၊ ဒါ ကျွန်တော့်အခွင့်အရေး၊ ကျွန်တော် အခု ဒီကပြန်ရင် ခင်ဖျားညီမကို တစ်ခါတည်း ခိုးပြေးသွားလို့ရတယ်၊ ဒါပေမယ့် လရိပ်ရော ကျွန် တော်ပါ အဲ့လိုမျိုးမလုပ်ဘူး၊ လူကြီးသူမအရာ အုပ်ထိန်းသူအရာမှာ ခင်ဖျားကိုထားပြီး မိကောင်းဖခင် သားသမီးပီပီ ကျွန်တော်အသိပေး မယ်၊ လမင်းရိပ်ကို ကျွန်တော် မိသားဖသားပီပီ ရိုးမြေကျပေါင်းဖို့ ခင်ဖျားဆီက တောင်းတယ်၊ ငွေဘယ်လောက် တင်တောင်းရမလဲ၊ ဒါမှမဟုတ် အုပ်ထိန်းသူဘက်က ကျေနပ်အောင် ကျွန်တော်ဘာလုပ် ပေးရမလဲ၊ တရားဝင် ပြောပါ. . .”

“မင်းကို စကားသုံးလုံးပဲ ပြောမယ်၊ မ. . ပေး. . ဘူး”

“ဒါဆိုရင် ကျုပ်ပြောစရာရှိတာပဲ ပြောခဲ့တော့မယ်၊ ကျုပ် ခင်ဖျားညီမနားကို နှစ်ပေါင်းများစွာ မကပ်ဘူး၊ ဒီမြို့ကိုလည်း ပြန် မလာဘူး၊ ခင်ဖျားသဘောတူလား”

“သိပ်တူတာပေ့ါ. . . ပြန်မလာနဲ့”

“အဲ့ဒီစွန့်စားမှု စွန့်လွှတ်မှုအတွက် တစ်ခုတော့ ခင်ဖျား ဘက်က လုပ်ပေးရမယ်”

“ဘာလဲ. . ပြော”

“ညကဖြစ်တဲ့ကိစ္စအတွက် ခင်ဖျားညီမကို လုံးဝမဆူပါနဲ့. . မရိုက်ပါနဲ့”

“ကောင်းပြီ. . . ညကဖြစ်တာကို ငါမေ့ပစ်မယ်၊ ငါ့ညီမကို ငါမဆူဘူး. . မရိုက်ဘူး၊ အေး. . . နှစ်ပေါင်းများစွာ မင်း မြို့ကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



မလာဘူးဆိုတာက ဘယ်နှနှစ်လဲ"

"အနည်းဆုံး လေးနှစ်"

"လုံလောက်တယ် . . . အဲ့ဒီအချိန်ဆိုရင် မင့်ဖောက်ပြန်မှုတွေကြောင့် ငါ့ညီမ မင်းကိုမုန်းနေလောက်ပြီ၊ ကဲ . . . ယောကျ်ားကတိပဲ၊ ညကအဖြစ်ကို ငါမေ့ပစ်မယ် . . ငါ့ညီမကို ငါမဆူဘူး . . မရိုက်ဘူး . . ငါကတိပေးတယ်၊ မင်း လေးနှစ်လုံးလုံး မြို့ကိုမပြန်ဘူးဆိုတာ ယောကျ်ားကတိပေး"

"ဒီနေ့ရက်စွဲကို မှတ်လိုက်၊ ကျုပ် ပဋိညာဉ်ကတိ ပေးတယ်၊ နောက်လေးနှစ်နေလို့ ဒီနေ့စွဲ တစ်စက္ကန့်ကျော်တာနဲ့ . . ကျုပ်တို့ ပဋိညာဉ်နဲ့ ကတိပျက်ပြယ်ပြီ . . . ဒါပဲ"

"အေး . . . စိမ်လိုက်၊ ဟားဟားဟား . . . လေးနှစ်ပြည့်ပြီး အဲ့ဒီ တစ်စက္ကန့်ကျော်တဲ့အချိန်မှာ ငါ့ညီမက မင်းကို လက်ခံနေဦးမယ်ဆိုရင် . . ငါ့ညီမကို ဟော့ဒီလက်နဲ့ သတ်ပြီးသားပဲ၊ မင်း ငါ့ညီမ အလောင်းတောင် မြင်ရမယ်မထင်နဲ့"

"ကျုပ်ဘဝမှာ အကြီးကျယ်ဆုံး စိန်ခေါ်မှုကို အခုမှပဲ စ,တယ်၊ လေးနှစ်ကျော်တာနဲ့ ခင်ဗျားညီမ ကျုပ်ချစ်သူကို အသက်ရှင်လျက်သား ကျုပ်လာပြန်ခိုးမယ်"

တဟားဟား အော်ရယ်သံကြီး နောက်မှာကျန်ခဲ့တယ်။

ကိုယ့်ကိုယ်ကိုယ် အင်မတန်ယုံကြည်နေတဲ့ လူငယ်တစ်ယောက်အတွက် အဲ့ဒီရယ်သံဟာ တွန်းအားတစ်ခုလည်း ဖြစ်နေခဲ့တယ်လေ။

၅ ၃ ၅ ၅





"လင်းလွန်းက သူ့ညီမကို လေးနှစ်အတွင်း စိတ်ဓာတ်ရေးအရ မင်းကိုစိတ်ကုန်သွားအောင် နည်းမျိုးစုံနဲ့ ဖျက်မယ့်သဘောပေါ့

"ဟုတ်တယ် . . . သူ့ဘက်က အမြင်ပေါ့၊ တို့နှစ်ယောက်ရဲ့ရင်ထဲ ဘယ်လောက်စွဲမြဲတဲ့ သစ္စာသံမှိုတွေ ရှိနေသလဲဆိုတာ သူမသိတာ"

"အေးကွာ . . . ငါကတော့ မင်းကောင်မလေးကို ဓာတ်ပုံမြင်ဖူးလို့ ထဲထဲဝင်ဝင် အကဲမခတ်တတ်ပေမယ့် မင်းအကြောင်းကတော့ ငါသိနေတာပဲ၊ အတောင်နှစ်ဆယ်ဝတ်ရက်နဲ့ ဒီလောက်အချောအလှတောထဲနေပြီး မျက်စပစ်ရုံများ . . . မင်းမို့"

"ကိုကြေး . . ငါက သစ္စာတရားဆိုတာကို ပါးစပ်က ခပ်လွယ်လွယ်လေး ထွက်တဲ့စကားလို့ ယူဆထားတာ မဟုတ်ဘူးလေ"

"မင်းကို ငါယုံကြည်ပါတယ် ကိုထူး၊ ဒါပေမယ့် နေရာတကာမှာ မင်းဟာ အလေးအနက်ထားထားနေတာကြီးက လူသားမဆန်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ လူငယ်လည်း မဆန်သလိုကြီး ဖြစ်နေတယ်လို့ ငါမြင်တယ်၊ ပေ့ါပေ့ါပါးပါး ပျော်ပျော်ရွှင်ရွှင် နေပစ်ပေ့ါကွာ၊ မင်း ငါ့ထက်တောင် ငယ်သေးတာပဲ၊ အရွယ်က ပြန်မရဘူး သူငယ်ချင်း"

"အခုလည်း နေ့စဉ်လို ငါ လန်းဆန်းတက်ကြွ ပျော်ရွှင်နေတာပဲလေ၊ ထူးပြီး ဘာလိုလို့လဲကွာ"

"ဒါပေမယ့် နှလုံးသားရေးရာနဲ့ ပတ်သက်ရင် မင်းဟာ ပူပန်ညှိုးချုံးနေပါတယ်ကွာ၊ မင်းကိုယ်မင်း မညာပါနဲ့"

"ကိုကြေး. . . အဲ့ဒီချစ်သူကို လွမ်းနေရတာ၊ ပူပင်နေရတာ၊ လောင်မြိုက်နေရတာ၊ ချစ်သူအတွက် အရာရာကို ထိန်းချုပ်ပြီး. . ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလုပ်မှာ နှစ်ပြီး. . ပြည့်စုံတဲ့တစ်နေ့၊ အောင်မြင်တဲ့တစ်နေ့ကိုရောက်ဖို့ ရုန်းနေရတာကိုက ငါ့အရသာ၊ ငါ့စွမ်းအင်နဲ့ ငါ့စိတ်ကျေနပ်မှုပဲ. . .၊

ငါ့ကြိုးပမ်းအားထုတ်မှုတွေ အကုန်လုံးဟာ ငါ့ချစ်သူအတွက် ငါ့အရင်းအနှီးတွေပဲ၊ ငါ ဘယ်လောက်ပင်ပန်းပင်ပန်း ချစ်သူမျက်နှာကို အာရုံမှာပြည့်စုံအောင် ပုံဖော်လိုက်ရင်. . . အားသစ်အင်သစ်တွေ၊ အတွေးသစ် အမြင်သစ်တွေ ပြန်ဝင်လာတာချည်းပဲ"

"အင်း. . . မင်းလိုလူစားနဲ့ မင်းလိုအချစ်သမားမျိုးကတော့ ရှားပ့ါ ကိုထူးရယ်"

"ကဲ. . . ကိုကြေး၊ ဒီမှာ. . လာမယ့်ဖက်ရှင်ပြပွဲအတွက် ဒီဇိုင်းသုံးစုံပြီးပြီ၊ သဘက်ခါ ငါပြန်ဖို့စီစဉ်ပေးတော့"

"ရောက်တုန်းရောက်ခိုက် နေပါဦးလားကွာ"

"ဟိုမှာ လက်စသတ်စရာတွေ ကျန်သေးလို့ပါကွာ"

"မင်းကွာ. . အသွားအပြန် လေယာဉ်ခနည်းလား၊ ဒီ,ဒီဇိုင်း





သုံးခု ဟိုမှာတင်ဆွဲပြီး E.mail နဲ့ပို့လိုက်လည်း ရတဲ့ဥစ္စာ"

သူပြုံး၍ ညင်ညင်သာသာ ခေါင်းယမ်းသည်။

"ဟိုမှာရေးတာနဲ့ ဒီမှာရေးတာ မတူဘူး သူငယ်ချင်း၊ ငါ့ကို လွမ်းမိုးဖုံးအုပ်ထားတဲ့ ပတ်ဝန်းကျင်ဟာ. . သိပ်အရေးကြီးတယ်၊ မြန်မာမော်ဒယ်လေးတွေအတွက်. . မြန်မာအငွေ့အသက်ပါတဲ့ ဖက်ရှင်ဒီဇိုင်းကို မြန်မာပတ်ဝန်းကျင်မှာမှ ငါရေးလို့ရနိုင်တယ်၊ မင်းနားလည်မလား မသိဘူး၊ ပြီးတော့. . ငါတို့ဖက်ရှင်ကို ဝတ်ပြမယ့် မော်ဒယ်တွေနဲ့ မနေ့က ငါအချိန်ပေးပြီး တစ်နေကုန် ဆွေးနွေးရင်း သူတို့ကြိုက်တဲ့အရောင်၊ သူတို့ ပေ့ါပေ့ါပါးပါး လွတ်လွတ်လပ်လပ်နဲ့ ဝတ်ထားရင် သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချပြီး ကျေနပ်မှုရှိနေမယ့် ဒီဇိုင်းဟာ ဘာဖြစ်မလဲ. . အဲ့ဒါကို ရှာဖွေတာပဲ၊

ဒါဟာ အရေးကြီးဆုံးအချက်ပဲ၊ ဖက်ရှင်ဒီဇိုင်နာ အသက်ပဲ၊ အဲ့ဒီအတွက် ငါ အချိန်လုပြီး ကိုယ်တိုင်လာလုပ်ပေးတာပေ့ါ၊ ဟိုက ဒီဇိုင်းရေးပြီး လှမ်းပို့ရင် ဒီ MOOD တွေ ဘယ်လိုမှ မရဘူး၊ အဲဒါပဲ သူငယ်ချင်း. . ."

ဒီဇိုင်းသာ စိတ်ကြိုက်ရေးပြီး ပိတ်စအရောင် ရွေးပေးခဲ့လျှင် ပီပြင်တိကျအောင် ဖန်တီးတတ်သော ကိုကြေးကို သူယုံကြည်သည်။ လိုက်လျောညီထွေ မိတ်ကပ်နှင့်. . Fancy ပံ့ပိုးမှုတွေကို ကိုကြေး ပိုင်ကြောင်း သူသိသည်။ ဒါကြောင့်လည်း "ထူးထက်အောင်ဖက်ရှင်" မြန်မာပြည်ကိစ္စအားလုံး ကိုကြေးကို သူလွှဲထားခြင်းဖြစ်သည်။ လိုအပ်မှ သူကိုယ်တိုင် ပြန်လာခြင်းဖြစ်သည်။

"ကိုထူး. . . မင်း ငါ့ကို လမင်းရိပ်ဆီ လွှတ်မယ့်ကိစ္စ. . အသေးစိတ် မဆွေးနွေးရသေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီညတစ်ညလုံး အဲ့ဒါကို အသေးစိတ် ဆွေးနွေးမယ်၊ မင်းဘာမှမပူနဲ့၊ မြို့ကလေးက ငါ့မိဘအိမ်ကြီးကို အဘဦးတင်နွယ် အစစအရာရာ စောင့်ရှောက်ထားတယ်၊ အဘဦးတင်နွယ်က တို့မိဘအိမ်ကြီးရဲ့မျက်စောင်းထိုး ခြံကြီးထဲမှာရှိတယ်၊ အဘဦးတင်နွယ်နဲ့တွေ့ရင် အားလုံး မင်းကို စောင့်ရှောက်ကူညီလိမ့်မယ်"

"အဘဦးတင်နွယ်က ဘယ်လိုလူမျိုးလဲ ကိုထူး"

"စောင်းပညာရှင်၊ သိုင်းပညာရှင်၊ လူမှန်ကြီးပဲကွ၊ စောင်းနဲ့သိုင်းပညာကို အခြေခံကောင်းရှိတဲ့ တပည့်တိုင်းကို အလကား သင်ပေးတာ"

"သူ့အသက်မွေးဝမ်းကျောင်းကကော"

"ပန်းစိုက်တယ်၊ အခေါင်း လုပ်တယ်၊ ဆိုက္ကားတွေထောင်ထားတယ်၊ ကိုယ်တိုင်လည်း နင်းတယ်"

"အဆန်းပါလား"

"ဒီထက်ဆန်းတဲ့ သူ့စိတ်ထား သူ့စကားတွေကို ဟိုရောက်ရင်. . မင်းကြားရ မြင်ရပါလိမ့်မယ်"









# အခန်း(၅)

"ဆန်ခါတင်သုံးယောက် ကျန်တဲ့အချိန်မှာ မြို့နယ်လှယဉ်ကျေးမယ် ပထမ၊ ဒုတိယ၊ တတိယ ရတဲ့စာရင်းကို ကြေညာပေးတော့မှာဖြစ်ပါတယ်"

မြို့တော်ခန်းမထဲရှိ ပရိသတ်သည် ငြိမ်သက်တိတ်ဆိတ်သွား၏။ အင်မတန် ကျော့ရှင်းလှပသော မြို့ကျက်သရေဆောင် ပန်းသုံးပွင့်သည် စင်မြင့်ပေါ်က မီးမောင်းအောက်တွင် ဌားစွင့်တင့်တယ်ခြင်းနှင့် အစွမ်းကုန် လန်းပွင့်နေကြသည်။ အပြိုင်လည်း လှနေကြ



www.burmeseclassic.com

www.burmeseclassic.com



၏။

ကြည့်နေသော ပရိသတ်ပင် ရင်တခုန်ခုန် ဖြစ်နေကြသည်မို့ စင်ပေါ်က ကာယကံရှင် ပန်းပွင့်တို့၏ ရင်ခုန်သံကို မှန်းဆကြည့်နိုင်ပါသည်။

အစီအစဉ် ကြေညာသူသည် အကဲဖြတ် ဒိုင်လူကြီးများထံမှ အမှတ်ပေးစာရွက်များကို တရိုတသေယူ၍ စကားပြောစင်ပေါ်တွင် အမှတ်ပေါင်းနေ၏။

"ကျေးဇူးပြု၍ နားဆင်ပါခင်ဗျား. . . မြို့နယ်လှယဉ်ကျေးမယ် တတိယဆုကို ရရှိသူကတော့ နံပါတ်(၁၁) ခင်သိမ့်သူ ဖြစ်ပါတယ်ခင်ဗျား"

"ဖြောင်း!. . ဖြောင်း!. . ဖြောင်း!. . ဖြောင်း!. . "

ဆက်လက်ကြေညာမည့် ဒုတိယဆုသည် အင်မတန် အရေးကြီးကြောင်း မင်းပရိသတ်အပေါင်း သိနေ၏။ စင်ပေါ်တွင်. . တတိယဆုရသူ ခင်သိမ့်သူကို ဖယ်လိုက်ပါက နံပါတ်(၄) ဇာခြည်နွယ်နှင့် နံပါတ်(၇) နှင်းသီတာသာ နှစ်ယောက်တည်း ကျန်နေလေပြီ။

ဒုတိယဆုကို ကြေညာလိုက်ခြင်းသည် အလှဆုံး လှယဉ်ကျေးမယ်ဖြစ်သော ပထမဆုကို တစ်ပြိုင်နက် ကြေညာလိုက်ခြင်းလည်း ဖြစ်သည်မဟုတ်ပါလား။ အမှတ်ပေးစာရွက်ကိုင်ရင်း အစီအစဉ်မှူးသည် ပရိသတ်ကိုတစ်လှည့်. . ဇာခြည်နွယ်ကိုတစ်လှည့် နှင်းသီတာကိုတစ်လှည့် လိုက်ကြည့်နေသည်။ အဖြေသိပြီးသူ. . သူတစ်ယောက်တည်းသာ ရှိနေသမို့ သိချင်သူတွေ၏ မရိုးမရွစိတ်ကို တမင်ပင် ရွပိုး ဖလန်းဖလန်းထိုးလာအောင် လုပ်နေသည်။





"မြို့နယ်လှယဉ်ကျေးမယ် ဒုတိယဆု ရသူကတော့ နံပါတ်လေး မဇာခြည်နွယ် ဖြစ်ပါတယ်"

"ဟေး!. . "ခနဲ ထ,အော်သံကြီး ဟီးခနဲ ထွက်လာသည်။

စင်ပေါ်က 'နှင်း' ခေါ် 'နှင်းသီတာ' မျက်လုံးလေး မှိတ်၍ မျက်နှာမော့ပြီး သူမ ရင်ခုန်သံတွေကို မှုတ်ထုတ်နေပုံလေး မြင်ရသူအပေါင်း နှစ်ထောင်းအားရ ဖြစ်စဖွယ်ပါပင်။ ကြေညာချက်က သူမ အလှဘုရင်မဖြစ်ကြောင်း တစ်ပါတည်း ပါဝင်ခဲ့ပြီလေ။

ဓာတ်ပုံဝိုင်းရိုက်သော FLASH မီးများ တဖျတ်ဖျတ် လင်းလက်သွားသည်။

ဒုတိယနှင့် တတိယဆု ရသူလေးများက သူမကို ဟိုဘက်သည်ဘက် ပါးနှစ်ဖက်ကို ဝိုင်း၍မွှေးကြူကြသည်။

ထိုစဉ် နှင်းသီတာ၏မျက်လုံးသည် မျက်ရည်ဝေ့ရင်း သူတစ်ဦးတည်း ထိုင်နေသောစားပွဲဆီ ရောက်လာ၏။ သူက ကွန်ဂရက်ကျူလေးရှင်းဟု တိုးတိုးဖွဖွ ရွတ်ဆို၍ လက်မထောင်ပြလိုက်သည်။

ဆုလက်ခံ၍ သရဖူဆောင်းပြီးသောအခါ ရွှေနှင်းတံဆိုကို ရင်တွင်ပွေ့ပိုက်၍. . သူ့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ဆင်းလာနေပါပကောလား၊ မီးမောင်းက သူမ သွားရာတစ်လျှောက် လိုက်ထိုးနေသည်။ မီးမောင်းတစ်ခုက သူ့ကို လှမ်းထိုး၍ မျက်စေ့ထဲ ဝင်းခနဲ ဖြစ်သွားသည့်ခဏ၌ မြို့တော်ခန်းမကြီးနှင့် မင်းပရိသတ်၏ ဆူပူဩဘာပေးသံများ ပျောက်သွား၏။

သူတစ်ဦးတည်း ထိုင်နေသော စားပွဲသည်လည်း မြို့တော်ခန်းမထဲမှာ မဟုတ်တော့ဘဲ MOMENT HEAVEN ဟိုတယ်၏ ထောင့်ကျကျစားပွဲဖြစ်နေပြီး စားပွဲပေါ်၌ စားသောက်ဖွယ်ရာများ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်နှက်၍ အငွေ့တထောင်းထောင်း ထွက်နေ၏။ သူ့မျက်နှာချင်းဆိုင်တွင်မူ အနက်ရောင် ညဥ့်စာစားသည့်ဝတ်စုံနှင့် လက်အိတ်အဖြူကို တံတောင်ဆစ်အထိဝတ်၍ ဝိုင်ချိုထည့်ထားသော ကလပ်ခွက်ကို နှုတ်ခမ်းတေ့နေသည့် နှင်းသီတာ ရှိနေ၏။ သူမက တစ်စုပ်,စုပ်၍ ကလပ်ခွက်ကို လှလှပပ ပြန်ချလိုက်သည်။

သူ့လက်ထဲတွင်လည်း အလားတူဝိုင်ခွက် ရှိနေ၏။ သူလည်း တစ်စုပ်,စုပ်ယူ၍ ပြန်ချလိုက်မိသည်။ ပတ်ဝန်းကျင်တွင်. . မည်သည့်အသံမျှ ရှိမနေသလို မည်သည့်စားပွဲမှလည်း ရှိမနေ။ သူတို့နှစ်ဦး၏ စားပွဲတစ်လုံးသာ ကွက်ကွက်ကလေး လင်းနေပြီး. . ကျန်ရှေ့နောက် အထက်အောက် ဝဲယာသည် ပကတိသိပ်သည်းသော အမှောင်ထုကြီးသာ ဝန်းရံနေ၏။

"နှင်း. . တို့က ဒီမှာဘာလာလုပ်နေကြတာလဲ"

"ဟန်းနီးမွန်း ညဥ့်စာကို နှင်းတို့နှစ်ဦးတည်း ဦးဦးဖျားဖျားစားနေကြတာလေ"

"ဟင်!. . . နှင်းနဲ့ကိုယ်နဲ့က"

"မနက်က မြို့တော်ခန်းမမှာ လက်ထပ်လိုက်ကြတယ်လေ"

"ဟာ!. . . မဖြစ်နိုင်တာ၊ ကိုယ့်မှာ. . လမင်းရိပ်"

"အဲ့ဒါ. . ဟိုးအတိတ်ကအရာတွေ ဖြစ်ခဲ့ပြီပဲ"

ဘေးပတ်လည်က အမှောင်ထုကြီး၏ သိပ်သည်းမှုသည် တရိပ်ရိပ်လည်၍. . တဝီဝီမြည်သံသဲ့သဲ့ ထွက်လာသည်။

တရိပ်ရိပ်လည်နေသော အမှောင်ထုတစ်နေရာမှ အလင်းနှင့် အနားကွပ်ထားသည့် ပုံရိပ်တစ်ခု သူတို့စားပွဲသို့ ချဉ်းကပ်လာနေသည်။ ဘယ်သူလဲ. . . ဘာလဲ. . . ဘာလုပ်မလို့လဲ။





သူ တွေးနေစဉ်မှာပင် ရွှင်းခနဲ အနီးရောက်လာပြီး အလင်းထဲ ကွင်းခနဲ ပေါ်လာသည်က လင်းလွန်းဖြစ်နေသည်။

စားတော့ဝါးတော့မည့် မျက်လုံးနီကြောင်ကြောင်ကြီး သူ့အာရုံဆီ ပြူးပြဲ၍ ဝင်လာပြီး. . ခွမ်းခနဲ အသံနှင့်အတူ စားပွဲနှင့်ဝိုင်ပုလင်း ထိခတ်၍ ဝိုင်နီနီတွေ စားပွဲခင်းဖြူဖြူပေါ် စွန်းပေပြန့်ကျဲသွားသည်။ နှင်းက လင်းလွန်းကို ဝင်ဆွဲရင်း. . ပါးစပ်က ဗလုံးဗထွေး ဘာတွေပြောနေသည်မသိ။

နှင်းကို လင်းလွန်း ဘယ်လက်ဖြင့် ဆောင့်တွန်းလိုက်သည်။ အမှောင်ထုထဲ နှင်း နောက်ပြန်လွင့်စင်ရင်း ခြေကားရား လက်ကားရား. . အနေ့းပြ ပျောက်ကွယ်သွားစဉ် ဝိုင်ပုလင်း၏ခေါင်းပိုင်း ကိုင်ထားသော လင်းလွန်းညာလက်သည် သူ့မျက်နှာဆီ ဝေ့ခနဲ ရောက်လာ၏။ သူ ထိုင်ရာမှ နောက်ဆုတ်ရင်း မတ်တတ်ထသည်။

"နေဦး. . . နေဦး၊ ကျွန်တော်ရှင်းပြပါရစေဦး၊ ဒါမှမဟုတ် ကျွန်တော့်ကို ရှင်းပြကြပါဦး၊ ဘာတွေဖြစ်နေကြတာတုန်း"

ဟူ၍ သူ ကြုံးအော်လိုက်သော်လည်း သူလည်မျိုဝကနေ ဘာသံမှ ထွက်ကျမလာ။ သူ့ရင်ဘတ်ဆီ တည့်တည့်ဝင်လာနေသော သက်ရှသည့် အစတထောင်ထောင် ဝိုင်ပုလင်းပြတ်ကို သူ အနီးကပ် မြင်နေရသည်။ ဖြည်းဖြည်းချင်းပင် သူ့ရင်ဘတ်ဆီ ဝင်လာနေသည်။

သို့သော် အံ့ဩဖွယ်အဖြစ်ကြောင့် သူ တုန်လှုပ်မှု ဆတ်ခနဲ ငင်လာသည်။

သူ့ခန္ဓာကိုယ်သည် ဘယ်လိုမှ ရွှေ့မရ လှုပ်မရ ဖြစ်သွားခြင်းပင်။ ချက်ချင်းလက်ငင်း အေးခဲသွားသော ကျောက်ရုပ်တစ်ရုပ်လို. . .



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းပြွတ်၏အချွန်သည် သူ့အရေပြားကို ဖောက်ခနဲမြည်အောင် ထိုးဝင်လာပြီး တစ်စတစ်စ အကွင်းလိုက်ကြီးပင် သူ့နှလုံးသားဆီ နစ်ဝင်လာတော့သည်။

သူ၏ရင်ဘတ်ကြွက်သားနှင့် အရိုးကြားကို ဖြတ်ဝင်နေသော ဖန်သားမြမြတွေကိုလည်း အာရုံထဲ အတိုင်းသား သူမြင်နေရပြန်သည်။ ထိခိုက်နာကျင်မှု တစ်စုံတစ်ရာ ယခုထိ သူ မခံစားရသေး။

တဖြည်းဖြည်း ဝန်းဝိုင်းသော ဖန်သားစသည် သူ့နှလုံးသားဆီ အကွင်းလိုက် နစ်ဝင်ပြီးမှ သွေးလွှတ်ကြော သွေးပြန်ကြောတွေကို တိခနဲ ဖြတ်တောက်ချလိုက်သည်။

ခန္ဓာကိုယ်ထဲ ဖြာခနဲ သွေးချင်းချင်းနီသွားပြီး ပုလင်းပြွတ်က သူ့နှလုံးသားကို ကော်၍ယူလိုက်သလို ဆွဲထုတ်သွားမှ နာကျင်လွန်း၍ သူ အားခနဲ အာခေါင်ခြစ် အော်လိုက်မိသည်။

"အား!. . ."

ကြမ်းပေါ်ပြုတ်ကျ၍ ခွမ်းခနဲ ကွဲကြေလွင့်စင်သွားသော ဖန်ကွဲစများနှင့် ချင်းချင်းနီနေသော သွေးအိုင်ထဲမှ. . . လင်းခနဲဝင်းပြာသော လရိပ်ကလေး ထွက်လာလေသည်။

ရှန်ဂရီလာဟိုတယ်၏ အအေးခန်းအိပ်ခန်းထဲ ချွေးပြန်နေသော သူ့ကိုယ်သူ ပြန်လည်တွေ့ရှိလေသည်။

ဟူး!. . ပင်ပန်းလွန်းလို့ အိပ်ပျော်သွားတာ ထင်တယ်. . ရေချိုးဦးမှ. . .။

အငွေ့ထောင်းထောင်းထနေသော ရေပန်းအောက် ရေချိုးရင်း နေ့ခင်းကြောင်တောင် မက်ခဲ့သော အိပ်မက်ကို သူ ပြန်တွေးနေမိသည်။





နှင်းသည် လှယဉ်ကျေးမယ်ဘွဲ့ရရချင်း သူ့ကို ဦးဆုံးလာနှုတ်ဆက်ခဲ့သည်က အဖြစ်မှန်ဖြစ်ခဲ့သည်။ အိပ်မက်ထဲ ဆက်ဖြစ်သည်က ဘာနိမိတ်ပုံတွေလဲ။ အင်း. . . အိပ်မက်သည် အိပ်မက်သာဖြစ်သည်ဟုပင် တွေး၍ သူ့စိတ်ကို ဖြတ်ချလိုက်သည်။

ခလုတ်ပြောင်းနှိပ်၍ ရေအေးမြမြ သူ့ကိုယ်ပေါ် ကျလာသောအခါ အိပ်မက်လည်း အဝေးဆီ နှင်ပြီးဖြစ်သွားတော့သည်။

ရေသုတ်ရင်း. . .

မနက်ခင်းက ပျော်စရာစကားဝိုင်းလေးဆီ သူ့စိတ်ကို အညောင်းပြေအညာပြေ ပြန်၍ပို့လွှတ်လိုက်သည်။ (စိတ်ညစ်လျှင် ပျော်စရာတွေးရမည်လေ)

ပလတ်စတစ်ဆာဂျရီနှင့် ဆီလီကွန်အထူးပြုလုပ်ချက် မိတ်ကပ်သင်တန်းတွင်ဖြစ်သည်။ SURGICAL & SILICON EFFECT သင်တန်းပါမောက္ခဆရာက သင်တန်းသားတစ်ဦးချင်းကို မိမိလုပ်ငန်းဝန်းကျင်မှ အလွဲများအကြောင်း အခါအားလျော်စွာ အပြောခိုင်းတတ်သည်။

အင်္ဂလိပ်စကား ပိုမိုကျွမ်းကျင်ရန်နှင့် သင်တန်းသားချင်းဟာသကြောင့် ပိုမိုရင်းနှီးရိုင်းပင်းရန် ဦးတည်သည်။ ယနေ့ သူ့အလှည့်ကျသည်။ သူ အောင်မြင်စွာ ပြောနိုင်ခဲ့ပါသည်။ တဝေါဝေါလည်း ပွဲကျခဲ့ပါသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com

"ယနေ့ လုပ်ငန်းခွင်အလွဲများကို တင်ဆက်ပြောကြားမယ့်သူကတော့ မြန်မာပြည်က အောင်မြင်ကျော်ကြားတဲ့ ဖက်ရှင်ဒီဇိုင်နာနဲ့ . . ပြီးခဲ့တဲ့ မစ္စစင်ကာပူဖက်ရှင်ပြိုင်ပွဲမှာ အထူးဆုရခဲ့တဲ့ ကျွန်တော်များရဲ့သင်တန်းသား မစ္စတာထူးအောင်ထက် ဖြစ်ပါတယ်ခင်ဗျား"

"ဖြောင်း!. . ဖြောင်း!. . ဖြောင်း!. . ဖြောင်း!. . "

သင်တန်းသူ သင်တန်းသားများ၊ အထူးဧည့်သည်တော်များ၊ မီဒီယာပေါင်းစုံမှ သတင်းထောက်များနှင့် လေ့လာသူများပါ ရောက်ရှိနေသဖြင့် ဟောခန်းမသည် ပရိသတ်များနှင့် ပြည့်နှက်နေ၏။ သူ အနည်းငယ် စိတ်လှုပ်ရှားသွားသည်။ စကားပြောစင်ရှေ့က မိုက်ခရိုဖုန်းများကလည်း ပြွတ်သိပ်စွာ. . သူ့အသံကို(လေချဉ်တက်သည်ကအစ)စောင့်နေသည်ထင်သည်။ မီးမောင်းများက မျက်လုံးကို ပြာစေသည်။ ထောင်ချီသောမျက်လုံးအစုံက သူ့အပေါ် စူးစိုက်နေသည်။ ပြောမည့်စကားတွေ သူ ခဏမေ့သွားအောင်ပင် အာရုံလွင့်စင်သွား





သည်။ ချက်ချင်းပင် နှာသီးဖျားပေါ် စိတ်ကိုတင်လိုက်သည်။ ဝင်လေထွက်လေကို စက္ကန့်ပိုင်းမျှ ရှုမှတ်လိုက်သည်။ ရပြီ။

အာနာပါနကြောင့် စိတ်ခွန်အား ချက်ချင်းဝင်လာသည့်အပြင် ပြင်ဆင်မထားသော ပြောစရာစကားက ချက်ချင်းခေါင်းထဲ ဝင်လာ၏။

ကျောင်းသူတွေထဲက သူနှင့်ခင်သော ကောင်းလီဆိုသည့် ကျောင်းသူလေးတစ်ယောက်တည်းကို သူလှမ်းကြည့်လိုက်သည်။ ကောင်းလီနှင့်သူ နှစ်ယောက်တည်း စကားပြောနေခြင်းဖြစ်သည်ဟု သူ ယုံကြည်ပစ်လိုက်သည်။

ပတ်ဝန်းကျင်ကြီး ပျောက်သွားသည်။

"အစဉ်အလာအတိုင်း မင်္ဂလာပါတို့ Ladies and Gentlemen တို့မပြောခင်. . ကျွန်တော် အလွန်ပြောချင်. . မေးချင်. . သိချင်နေတဲ့စကားကို စ,ပြောပါရစေ. . စ,မေးပါရစေ ခင်ဗျာ၊

မီးမောင်းတွေက ကိုယ့်တစ်ယောက်တည်းကို ဝိုင်းထိုးထားမယ်၊ မိုက်ခရိုဖုန်းတွေက ကိုယ့်ပါးစပ်ရှေ့မှာ စုပြုံနေမယ်၊ ရှိသမျှလူအားလုံးကလည်း ကိုယ့်ကိုဝိုင်းကြည့်နေမယ်၊ ကိုယ်က တစ်ယောက်တည်း စင်မြင့်ပေါ် မရောက်စဖူး ရောက်နေမယ်၊

ဟုတ်ကဲ့. . ကောင်းပါပြီ. . အဲ့ဒီလိုအခါမျိုးမယ် ပြောမယ့်စကားတွေပျောက်၊ အာခေါင်တွေခြောက်ပြီး. . ကြောက်ဒူးတွေ တဆတ်ဆတ် တုန်လာတတ်တာမျိုး ဟောဒီပရိသတ်ထဲမှာ ကြုံဖူးသူများ ရှိမလား မသိဘူးခင်ဗျာ. . . ရှိပါသလား"

"ရှိတယ်. . "

"ဖြစ်ဖူးတယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"မလွဲမသွေပေါ့. ."

"That's right. ."

ဝေါခနဲ ပြန်ဖြေသံကြီး ကြားလိုက်ရသည်။ သူ တမင်ပင် တံတွေးကို လူတိုင်းမြင်အောင် မျိုချပြလိုက်ပြီး. . .

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်၊ အခု ကျွန်တော် အဲ့သလို ဖြစ်နေပါတယ်"

သဘောကျသံကြီး ဟောထဲ အောခနဲ ထွက်လာပြန်သည်။ ပရိသတ်ကို သူဖမ်းစားလိုက်နိုင်ပြီ။ သည်ပရိသတ်နှင့်သူ ရင်းနှီးကျွမ်းဝင်သွားပြီ။ ငါပြောတာကို နားထောင်တော့မယ့်လူတွေဟု စိတ်မှာ သေချာသွားသည်။ ရေချိုင့်ထဲမှ ရေတစ်ခွက်ကို ငှဲ့သောက်ရင်း. . အသံတွေ ငြိမ်အောင်စောင့်လိုက်သည်။

ငြိမ်သွားမှ. . . (ကောင်းလိုက လက်မထောင်ပြတယ်)

"မင်္ဂလာပါခင်ဗျာ. . ဒီအချိန် ဒီနေရာမှာ ကျွန်တော် စကားပြောခွင့်ရတဲ့အတွက် သင်တန်းပါမောက္ခနှင့်တကွ အားလုံးကို အထူးကျေးဇူးတင်ပါတယ်၊

အခု ကျွန်တော်တင်ပြမယ့် တကယ့်အဖြစ်အပျက်ကလေးက ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ ဖက်ရှင်နဲ့ မိတ်ကပ်အတွေ့အကြုံမှာ အမှတ်တရလေးပါပဲ၊

မြန်မာပြည်ရဲ့ နယ်မြို့ကြီးတစ်မြို့မှာ ဖြစ်ပျက်ခဲ့တာပါ၊ အဲဒီမြို့ရဲ့ပွဲတော်ကြီးတစ်ခုမှာ အသုံးတော်ခံဖို့ Rap Dancer အဖွဲ့တစ်ဖွဲ့ရဲ့ဖက်ရှင်ဒီဇိုင်းတွေ ကျွန်တော် ကန်ထရိုက်ရပါတယ်၊ မိတ်ကပ်ပြင်ဖို့ ကျွန်တော့်သူငယ်ချင်း ကိုကြေးနဲ့အတူ ကျွန်တော်ပါ ရှိုးအထိ လိုက်ပါခဲ့ရပါတယ်၊ Dancer တွေနဲ့က ညီအစ်ကိုမောင်နှမတွေလို





ခင်မင်နေကြတယ်လေ၊ ဗီဒီယိုရိုက်ကူးရေးအဖွဲ့တွေ၊ မီဒီယာတွေနဲ့ တပျော်တပါး ပျော်ပွဲစားထွက်သလိုပါပဲ၊

နယ်မြို့ Rapper တွေကလည်း မြို့တော်က သူတို့အသည်းစွဲ Rapper တွေ လာတာဆိုတော့ ရှိုးမတိုင်ခင်ကို သောင်းသောင်းဖြဖြ ကြိုဆိုလိုက်ကြတာ. . . အင်မတန် လှိုက်လှိုက်လှဲလှဲ နွေးနွေးထွေးထွေးရှိလှပါတယ်၊

အနီးအနားမြို့ကြီးတွေက Rapper crazy တွေလည်း အကုန်လာစုဝေးတာဆိုတော့ တကယ့် Rap ပွဲတော်ကြီးပါပဲ၊ အကောင်းဆုံး စီစဉ်လာတဲ့အက,က Clown Dance ဖြစ်ပါတယ်၊ ဆပ်ကပ်လူရွှင်တော်အကပါ။

သူတို့ အကတိုက် လေ့ကျင့်နေတဲ့အချိန်တစ်လျှောက်လုံးလည်း ကျွန်တော်နဲ့ကိုကြေးက အနီးကပ်ရှိနေခဲ့တော့ ကကွက်တွေကို အလွတ်နီးပါးပဲ နှစ်ယောက်လုံး ရနေခဲ့ပါတယ်၊ ဖြစ်ချင်တော့ နယ်ထွက်ခါနီးမှာပဲ Dancer တစ်ယောက်က သူ့အဘွားဆုံးလို့. . မလိုက်ဖြစ်ပါဘူး၊ ရတယ်. . . ကိုကြေးက သူ လူစားဝင်ကပေးမယ်ပေါ့၊ ရန်ကုန်မှာ အစမ်းကကြည့်သေးတယ်၊ ကွက်တိပါပဲ. . အဆင်ပြေသွားတယ်၊ ဆိုးတာက နယ်ရောက်မှ. . .

Dancer နောက်တစ်ယောက်က. . . လမ်းမှာ ထန်းရည်သောက်ရင်း ဝမ်းလျှောပါလေရော. . .

တော်တော့ကို Pale ဖြစ်သွားတယ်. . မျော့သွားတယ်ပေါ့၊ သူ မကနိုင်တော့ဘူး၊ အက Form အရ တစ်ယောက်လျော့နေလို့က မဖြစ်ဘူး၊ အဲ့ဒီမှာ. . အနီးစပ်ဆုံး ဖက်ရှင်နဲ့မိတ်ကပ်ဆရာ ကျွန်တော့်ဆီ မြားဦးလှည့်လာပါတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဟင်း. . ဟင်း. . ကျွန်တော်ကလည်း ဆိုင်းသံပိုသံ. . သာ ကြားလို့မရတဲ့ကောင်လေ၊ လှုပ်လို့မရရင် လက်ညှိုးလေးနဲ့ ထ,က ချင်တဲ့ကောင် ဖြစ်နေတယ်လေ၊ ဟ. . ရတယ်. . ကမယ်ပေါ့။

ရောက်ပြီးမကြာခင် တည်းတဲ့ဟိုတယ်မှာပဲ ရီဟာဇယ် ထပ် လုပ်တယ်၊ နည်းနည်းပါးပါး ပြင်ရပြုရတာတော့ ရှိတာပေါ့၊ အိုကေ ရတယ်. . ကမယ်. . အဆင်ပြေသွားပါတယ်၊

အဲ့သမှာ အကြီးဆုံးပြဿနာက ထပ်ပေါ်လာပြန်တယ်၊ မိတ်ကပ်မာစတာ ကိုကြေးက လက်တို့ပြီး လာပြောတာ. . ၊

'ကိုထူး. . . ပြဿနာတော့ တက်ပြီ၊ ငါ့ပေါ့ဆမှုပါပဲကွာ. . Face Paint မိတ်ကပ်ရောင်စုံဘူးလိုက်ကြီး ရန်ကုန်မှာ ကျန်ခဲ့ပြီ'တဲ့၊

ဆပ်ကပ်လူရွှင်တော် Clown မျက်နှာကို ဆေးရောင်စုံ တင်ရတဲ့ မိတ်ကပ်ဘူး ပါမလာဘူး၊ လူရွှင်တော်ရုပ်ကို ပီပြင်အောင် မိတ်ကပ်မလုပ်ရင် အဲ့ဒီကကွက်ဟာ ဘယ်လိုမှ အသက်ပါမှာ မဟုတ် ဘူး. . ပြဿနာပဲ၊ သူနဲ့ကျွန်တော် ဆိုင်ကယ်တစ်စင်း စီစဉ်ပြီး မြို့ထဲ ပတ်ရတော့တာပေါ့၊

ရှိသမျှ မီနီမားကက်၊ စူပါမားကက်တွေမှာ Face Paint Make-up ရှာတယ်၊ နယ်မြို့ဆိုတော့ မရှိဘူး၊

နာမည်ကြီး အလှပြင်ဆိုင်တွေပါ အကျိုးအကြောင်း ပြောပြီး လိုက်ရှာတယ်၊ သုံးနေကျမဟုတ်တော့ မရှိဘူး၊ နောက်ဆုံးတော့ နှာခေါင်းမှာ တပ်ဖို့ အနီရောင် ပင်ပေါင်လုံးတွေနဲ့ ရေဆေးရောင် စုံဘူးတွေ ဝယ်ပြီး. . စမ်းကြည့်မယ်ကွာဆိုပြီး ပြန်လာကြတယ်၊ ရေဆေးက SAKURA နဲ့ TUBE ဘူး TEMPERA ရောင်စုံဘူး တွေပါ၊ ကိုကြေးရောကျွန်တော်ပါ ပန်းချီသမားတွေဖြစ်တာမို့ တစ်





ယောက်မျက်နှာကိုတစ်ယောက် စုတ်တံနဲ့ စိတ်ကြိုက်ခြယ်မှုန်းဝါ တော့တယ်၊

အံ့ဩစရာကောင်းလောက်အောင်ပဲ ဆေးသားဟာ ဝင်း တောက်နေပြီး မိတ်ကပ်ထက်တောင် သပ်ရပ်ပြောင်မြောက်နေတာ တွေ့လို့ အရမ်းဝမ်းသာပြီး စိတ်အေးသွားကြရပါတယ်၊

မျက်နှာပြန်သစ်ကြတယ်၊

ညဉ့်ပွဲထွက်ခါနီးကျတော့ Dancer တွေကို ကျွန်တော်တို့ နှစ်ယောက် စိတ်ကြိုက်ခြယ်မှုန်းပြီး နှာခေါင်းမှာတော့ ပင်ပေါင် ဘောလုံးအနီတွေကို လိုသလိုဖောက်ဖြတ်ပြီး ဂလူးနဲ့ ကပ်ပေးလိုက် ပါတယ်၊

'Special Make-up အော်စကာပေးရင် ကိုထူးနဲ့ကိုကြေး ရလောက်တယ်' တွေဘာတွေဖြစ်ပြီး ဗီဒီယို မှတ်တမ်းတင်တဲ့သူက အသေးစိတ် တင်နေပါတယ်၊ အားလုံးမိတ်ကပ်လိမ်းပြီး အဝတ် အစား အပြည့်အစုံ ဝတ်ပြီးခါမှ. . ပထမဆုံးလိမ်းတဲ့ Dancer က ထမင်းစားရာက. . .

'အစ်ကိုတို့. . . ပြဿနာပဲ၊ ကျွန်တော့်မေးစေ့ရော အောင် ခြယ်ထားတဲ့ နှုတ်ခမ်းနီအဖတ်ကြီး ကွာလာပြီ'. . . တဲ့

ဟိုက်!. . . အလို. . ဘုရားရေ၊ ဟုတ်ပါရဲ့. . . wa colour ရေဆေးဆိုတော့ ခြောက်သွားတဲ့အခါ အဖတ်လိုက် ကြီး ဖြစ်နေတော့တာပေါ့ခင်ဗျား၊ သူ့နှုတ်ခမ်းကို တံတွေးနည် တို့ပြီး ကွာနေတဲ့အဖတ်ကို ပြန်ကပ်ရပါတယ်၊ ကပ်တုန်းက ထိုင်းမှို မျက်နှာသားနဲ့ ပြန်ကပ်နေပေမယ့် အသားဆိုတာ နေတော့ မကြာခင်ပဲ ခြောက်သွားပြီး အဖတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တယ်၊

ပြန်ကပ်မရလို့ အဲဒီအပေါက်ကို ဆေးနဲ့စုတ်နဲ့ ပြန်ဖာရပါတော့တယ်၊ ဖာလို့ရလို့ စိတ်အေးရုံရှိသေး၊ နောက်တစ်ယောက် ပေါင်ကအချုပ် ကွာပြန်ပါတယ်၊ ထမင်းစားရင်း. . ဘေးက ဝိုင်းစလို့ ရယ်လိုက်လို့ ကွာတာတဲ့၊ ကိုကြေး အပေါက်ဖာနေတုန်း Dancer အားလုံးကိုခေါ်ပြီး ထမင်းမစားရ. . မရယ်ရဆိုပြီး အမိန့်ထုတ်ရတော့တာပေါ့ခင်ဗျား”

မျက်စေ့ထဲမြင်ယောင်သော ပရိသတ်အချို့ကတော့ ရယ်နေကြပြီဖြစ်ပါသည်။

“မျက်နှာကြောကို အသေထားရင် မိတ်ကပ်က ဘာမှမဖြစ်ပေမယ့်. . မျက်နှာအရေပြား လှုပ်ရင်တော့ အဖတ်လိုက် ကွာပါတော့တယ်၊ ပွဲမဝင်ခင် Dancer တွေကို အခန်းတစ်ခန်းမှာ သီးသန့်ထားပြီး မရယ်ရမပြုံးရ မျက်နှာသေကြီးတွေနဲ့ အတင်းကြီး စိတ်ထိန်းပြီး နေခိုင်းရပါတော့တယ်၊

အဲ့သလိုနေရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရတာကပဲ မရယ်ဘဲ မနေနိုင်အောင် ဖြစ်ရပြန်တာမို့ တစ်ယောက်က စရယ်တာနဲ့ အားလုံးမထိန်းနိုင်ဘဲ ဝိုင်းရယ်၊ ဟိုက. . အချုပ်လိုက်ကျွတ်ထွက်၊ ဒီက အဖတ်လိုက်ကွာနဲ့ တားရင်းဆီးရင်း ဟိုပြေးဒီဖာလုပ်နေရတဲ့ စုတ်တံကိုင် မိတ်ကပ်ဆရာနှစ်ကောင်ရဲ့ ဒုက္ခနဲ့သောကကို မြင်ကြည့်ကြပါခင်ဗျား. . .၊

ပွဲကထွက်တော့မယ်. . ဖာလို့မဆုံးသေးဘူး၊ ဒီကြားထဲ မိတ်ကပ်သမားတွေကိုယ်တိုင် Dancer တွေမို့ တစ်ယောက်မျက်နှာတစ်ယောက် မျက်နှာချင်းဆိုင် အပြိုင်ခြယ်ရပါသေးတယ်။





မီဒီယာသမားတွေထဲက ပြောင်တွေကလည်း. . ခပ်တည်တည်ကြီးတွေ ထမင်းမစားဟင်းမစား. . ရေတောင် ပိုက်နဲ့သောက်နေရတဲ့ Dancer တွေကို ပြုံးပြုံးပြုံး ပေါက်ကရတွေပြောပြီး မရယ်ရယ်အောင် ဝိုင်းစ,နေကြလို့ အော်ရငေါက်ရနဲ့၊ ကိုကြေးကတော့ မိန်းမကြီးအိုက်တင်ဖမ်းပြီး အမေဂျမ်းပေါ့. . ဆိုပြီး ပတ်တုတ်တော့မှ နည်းနည်းငြိမ်သွားပါတယ်”

(ဤနေရာ၌. . အမေဂျမ်းဆိုသည်ကို ပရိသတ်နားလည်အောင် သူရှင်းပြရသေးသည်။)

“အမျိုးသား အမျိုးသမီးတွေရဲ့ အရှေ့အလယ်ပိုင်းနဲ့ ခါးအောက်ပိုင်းကိစ္စတွေကို စကားလုံးအရှိအတိုင်း သုံးနှုန်းတဲ့ ‘One of the (37) Nats’ ဆိုရင် နားလည်ပေးပါခင်ဗျာ”

အပြင်(၃၇)မင်းနတ်များအကြောင်း သိနေသော ပညာတတ်တွေမို့ သူသုံးစွဲသောစကားလုံးကို ဝိုင်းရယ်ကြသည်။ ပရိသတ်သူ့ဘက်အတော်ပါနေပြီဖြစ်သည်။

သူ ရေသောက်ပြီး စကားဆက်သည်။

“အစီအစဉ်အတိုင်း Clown Dance အဖွဲ့ အဆင်ပြေပြေတင်ဆက်နိုင်ခဲ့ပါတယ်၊ စင်နောက်ကွယ်မှာ ဘာဖြစ်တယ်ဆိုတာ ပရိသတ်က ဘယ်လိုမှမသိပါဘူး၊ မျက်နှာက မိတ်ကပ်ပေါက်ပြဲတာကိုလည်း သိပ်မရိပ်မိကြပါဘူး၊ အားလုံး ပြေပြေလည်လည်နဲ့ သီချင်းတီးလုံး ဆုံးခါနီးမှာ. . အားလုံး သက်ပြင်းနဲ့ ဟင်းချမယ်အလုပ်မှာ ပြဿနာက ထတက်ပါတယ်၊ နောက်ဆုံးကကွက်အဆုံးမှာ အနေကလေးနဲ့ အဆုံးသတ်လိုက်ပေမယ့်. . D.J သမား. . အဲ. . . သီချင်းဖွင့်တဲ့ပုဂ္ဂိုလ်က Repeat ကိုပဲ ထပ်နှိပ်မိသွားသား အစကပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖွင့်မိသလား မသိဘူး၊

ဝမ်း. . တူး. . သရီး. . ဖိုး. . ဆိုပြီး တိုင်ပင်ပြန်ခေါ် လိုက်တာကြောင့် အားလုံး. . ဟာခနဲဖြစ်ပြီး ခေါင်းဆောင်ကို လှမ်းကြည့်လိုက်တော့ သူက အစ,ကနေ ပြန်ကရပါတော့တယ်၊

ကံဆိုးချင်တာလား ကံကောင်းချင်တာလားတော့ မသိဘူး ခင်ဗျ၊ Timming(နရီ)က ပထမအခေါက်ထက် နည်းနည်းပိုမြန်လာပြီး ပရိသတ်က လက်ခုပ်ညီညီနဲ့ လိုက်တီးရင်း ထ,ကကြပါတော့တယ်၊ နှစ်ချီဆက်ကရတဲ့အပြင် Timming က မြန်နေတော့. . . Dancers တွေ ချွေးပျံလာကြတာပေါ့ခင်ဗျာ၊

ကရင်းကရင်း မျက်နှာပေါ် က ရေဆေးနဲ့ချွေးတွေ ညီညီညွတ်ညွတ်ပဲ သဟဇာတဖြစ်ပြီး အရည်တွေ ပျော်ဆင်းလာပါတော့တယ်၊

ကရင်းခုန်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အူတက်မတတ် ရယ်ရင်းပေါ့၊ အားလုံးပျော်လာကြပါတယ်၊

ပရိသတ်ကလည်း တဝါးဝါး တဟားဟား ဖြစ်လာပါတော့တယ်၊ တကယ်ပဲ အဲဒီလိုဖြစ်အောင် တမင် Performance လုပ်ထားတယ် ထင်သွားပြီး ရသမြောက်လွန်းလို့ လက်ခုပ်လက်ဝါးတီးတဲ့ ဩဘာသံကြီး တခဲနက် ထွက်ပေါ် လာပါတော့တယ်၊ မျက်နှာပေါ် က ဆေးရောင်စုံတွေ အရည်ပျော်ပြီး အင်္ကျီတွေပေါ် လည်ပင်းတွေပေါ် အချောင်းလိုက် စီးကျရင်း အအောင်မြင်ဆုံး. . အပျော်ရွှင်ဆုံး. . အူအတက်ဆုံး အစီအစဉ်ဟာ သောင်းသောင်းဖြဖြ လက်ခုပ်ဩဘာသံတွေနဲ့ ပြီးဆုံးခဲ့ရပါတယ်ခင်ဗျား. . .၊

ကျွန်တော်တို့မှာ မပြည့်စုံမှုတွေကို ရှိတာနဲ့ ရအောင်လုပ်





မယ်ဆိုတဲ့ လူငယ်တွေရဲ့ ဖွဲ့သတ္တိတွေနဲ့. . ဖြတ်ထိုးဉာဏ်တွေနဲ့ ပုံအောလိုက်ရတဲ့ သောက. . ဒုက္ခတွေဟာ ဟာသရသမြောက်ပြီး ပရိသတ်လက်ခုပ်သံတွေ ချိုးမြှင့်ခံလိုက်ရတဲ့အခါ ကျွန်တော့်ရင်ထဲ ဝင်ကြည့်မှ အဲ့ဒီပီတိကို သိနိုင်ပါလိမ့်မယ်ခင်ဗျာ. . .၊

နောက်ဆုံးပြောချင်တာက ကျွန်တော်တို့ကတော့ လွဲတာပါ၊ သောကရောက်ရအောင် လွဲတာပါ၊ ဖြစ်ချင်တော့ အဲသလို ထပ်လွဲပေးဖို့ Rapper crazy တခြားမြို့ကြီးတွေက တကူးတက ဖိတ်မန္တကပြုခြင်းကို ခံရပါတော့တယ်. . .

ကျွန်တော်တို့ အဲ့ဒီအလွဲကြီးနဲ့ ပျော်ရွှင်စွာ တစ်ပြည်လုံး ပတ်ခဲ့ရပါကြောင်း. . .၊

ကျေးဇူးတင်ပါတယ်. . . ကျွန်တော် မြန်မာပြည်က ထူးထက်အောင်(ခေါ်) အလွဲထိပ်ခေါင်လေးပါခင်ဗျာ"

လက်ခုပ်ဩဘာသံတွေ ပြန်ကြားယောင်ရင်း သူပြုံးမိစဉ် E-mail က စာဝင်နေကြောင်း သင်္ကေတပြသည်။

အပျော်တွေ အရည်ပျော်တော့မည်. . . ဟု။



www.burmeseclassic.com

www.burmeseclassic.com



**စိတ်**ဆက်စာဟုပင် ထင်၍ သူ ရုတ်တရက် ထ,မဖတ်မိ။ စင်ပေါ်တွင် သူပျော်ရွှင်ခဲ့ရသော ပီတိလှိုင်းတွေက သူ့ရင်ကို ဘောင်ဘင်ရိုက်ခတ်နေဆဲမို့ ပက်လက်ဆက်လှဲနေလိုက်သေးသည်။

အမှန်က သူပြောပြခဲ့သော အဖြစ်အပျက်ကလေးသည် သူ ညီအရင်းလို ချစ်ခင်ရသော(လေးစားရသော) Dancers ညီငယ်လေးတွေ တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်ကလေးဖြစ်ပါသည်။

ရင်ဖိုခြင်း၊ သောကဗျာပါဒ ရောက်ခြင်းများကြားထဲမှ ရသမြောက်ရသော ဟာသကွက်ကလေးဖြစ်နေ၍ သူက စကားတန်ဆာဆင်ပြီး. . သူပါ ပါဝင်ခဲ့ရသော ကိုယ်တွေ့အဖြစ်အပျက်ကလေးလို တင်ပြခဲ့ခြင်းဖြစ်သည်။

Dancers ညီငယ်များ၏ အခက်အခဲဖြေရှင်းပုံနှင့် 'တက်ကျိုးလျှင် လက်ထိုးလှော်မည်' ဆိုသော ဖွဲ့သတ္တိနှင့် ဖြတ်ထိုးဉာဏ်ကို တိုင်းတစ်ပါးသားတွေကို ဂုဏ်ယူစွာ ပြောပြချင်၍သည်းဖြစ်သည်။





ဝေးမြေက ညီငယ်တွေ. . အရင်ထက် အဆင်ပြေ အောင်မြင်နေကြောင်း သိရ၍ မုဒိတာ ပွားရပါလေသည်။

သူ E-mail ကို စိတ်မပါတပါ ထဖတ်လိုက်သည်။

*ကိုထူး. . .*
*ဝမ်းသာစရာနဲ့ဝမ်းနည်းစရာ သတင်းနှစ်ခုရှိတယ်. . .*
*ဝမ်းသာစရာက. . .*
*တိုင်းပြုပြည်ပြု အကျိုးပြုကားကြီးအတွက်*
*Coustom Designer အဝတ်အစား*
*ကန်ထရိုက်အကြီးကြီး တို့ Fashion Company က*
*ရတယ်။*
*ဝမ်းနည်းစရာက. . .*
*မင့် လရိပ်ကလေး တိမ်ညိုတွေ အုပ်တော့မယ်. . .*
*နှလုံးရောဂါ Last Attack နောက်ဆုံးအဆင့်တဲ့. .*
*မင်း. . အစောဆုံးလေယာဉ်နဲ့ ပြန်လာခဲ့တော့. . .*

*မင့်. . ကိုကြေး*
*(မြန်မာပြည်)*

ဟားခနဲ သူ ခုတင်ပေါ် ပက်လက်ပြန်လန်ကျသွားသည်။
Last Attack...
Last Attack....
Last Attack.....
ဆိုသောစကားက သူ့ရင်ကို ဗလောင်ဆူ ရိုက်ခတ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလောက်ခေတ်မီတိုးတက်နေတဲ့အချိန်မှာ ငါ့ရှိသမျှစည်းစိမ်တွေ ပုံအောပြီး လရိပ်ကို ပြန်လုယူမယ်၊ ဒီမှာရှိတဲ့ ဆေးရုံကြီးပေါ်မှာ ငါ့ချစ်သူကို ငါရအောင်ကုသမယ်၊ ငါ့ချစ်သူကို ငါ ဒီရောက်အောင် အမြန်ဆုံးရွှေ့မယ်. . . ဟု အားတင်းလိုက်သည်။

အချိန်ကာလကို ပြန်တွက်တော့ လင်းလွန်းကို ကတိပေးခဲ့သောရက်က ရက်ပိုင်းလိုနေသေးသည်။ အတိအကျ ပြောရပါက (၁၂)ရက်တိတိ လိုနေသေးသည်။ ရအောင်ခိုးမည်။

သူ ပထမဆုံး လုပ်ရမည့်အလုပ်က အစောဆုံးလေယာဉ်လက်မှတ်ဖြစ်သည်။

ရှိသမျှလေယာဉ်လိုင်းတွေကို လှမ်းချိတ်သည်။ သုံးရက်အတွက် Booking အားလုံး ပြည့်နေကြောင်း အကြောင်းပြန်သည်။

ပထမဆုံးအခက်အခဲက စ,လေပြီ။

လေယာဉ်လိုင်းတစ်လိုင်းကတော့ ထွက်ခါနီးမှ Booking ဖျက်သော လက်မှတ်ရှိလျှင် စီစဉ်ပေးနိုင်မည် ပြောလာသည်။

မသေချာ. . .။

ထိုစဉ်. . .

အပြင်လူခေါ်ခေါင်းလောင်းသံ ထွက်လာသည်။ သူ အသာအယာ တံခါးနားသွားပြီး Peep-hole မှ အပြင်ကို ချောင်းကြည့်လိုက်သောအခါ. . . အလို. . .

အွန်စော. . (တနည်း)

ကိုရီးယားမင်းသမီး ဆောင်ဟေးကို ဖြစ်နေသည်။

သူ တံခါးဖွင့်၍. . .

“What can I do my Korean's Star?”





“မင်္ဂလာပါ မစ္စတာ ထူးအောင်ထပ်၊ ကျွန်မ ကိုယ်အတိုင်းပေးချင်လို့ပါရှင်”

သူက ဘိုလိုမေးသည်ကို မြန်မာသံဝဲဝဲလေးနှင့် အလှဆုံးပြုံး၍ ဖြေလာသည်။ သူ အံ့ဩသွားသည်။

“ဘာအတွက် ကိုယ်အတိုင်းပေးမှာလဲ”

“အထဲမှာ ခဏဝင်ထိုင်ခွင့်ပြုပါလားရှင်”

“ဩော်. . ဟုတ်ကဲ့. . Come in”

ဧည့်ခန်း၌ မင်းသမီးက ရိုကျိုးစွာ ခပ်ပွပွလေး ဝင်ထိုင်သည်။

မျက်နှာချင်းဆိုင်ဆိုဖာတွင် ဝင်ထိုင်သောသူ့ကို လက်အုပ်ချီရင်း. . .

“ကျွန်မ မြန်မာဝတ်စုံ လေးငါးစုံလောက် ချုပ်ချင်လို့ပါရှင်”

“ဘာအတွက်လဲခင်ဗျာ”

“မစ္စတာထူးတို့ မြန်မာပြည်က ကျွန်မကို ချစ်ခင်ကြတယ်လို့ သိရပါတယ်၊ စင်ကာပူက မြန်မာမိတ်ဆွေတွေကလည်း အလည်ခေါ်နေပါတယ်၊ ကျွန်မ မြန်မာပြည်ကို အလည်သွားဖို့ စီစဉ်ပြီးပါပြီ၊ အဲ့ဒီမှာ ကျွန်မ မြန်မာအမျိုးသမီးဝတ်စုံစစ်စစ်နဲ့ သွားလည်ချင်ပါတယ်ရှင်၊ ကျွန်မကိုယ်တိုင်း ယူပေးပါ”

“မင်းရဲ့အတိုင်းအထွာ 34” 23” 35½" ရှိမှာပါ”

“ရှင်. . မစ္စတာထူး ဘယ်လိုလုပ် အတိအကျ သိနေတာလဲ”

“အဲဒါ ကျွန်တော်တို့ ဖက်ရှင်ဒီဇိုင်နာတွေရဲ့ ပညာရပ်တစ်ခုပါ၊ ဒါပေမယ့် မြန်မာအမျိုးသမီးဝတ်စုံဆိုတာက တိကျချုပ်ရပ်နေရတယ်၊ လက်မောင်း၊ လက်ဖျံ၊ လက်ကောက်ဝတ်အစ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အထွာ အတိအကျ ယူရတယ်၊ ဒီနေရာဟာ ကျွန်တော့်အလုပ်ခန်း မဟုတ်လို့ ပေကြိုးမရှိဘူး. . . ခွင့်လွှတ်ပါ”

“ဒါဆိုရင် တစ်မိနစ်ပဲ စောင့်ပါရှင်”

ပြောပြောဆိုဆို လှစ်ခနဲ မပြေးရုံတမယ် အခန်းပြင် ထွက်သွားပြီး ခဏအတွင်း ပေကြိုးနှင့် စာရွက်၊ ဘောပင်ပါ ကိုင်၍ ပြန်ရောက်လာသဖြင့် သူ အံ့ဩသွားပြန်သည်။

မြန်မာပြည်လာဖို့ မြန်မာစကားကို ရေလည်စွာ လေ့ကျင့်ထားသော သူတို့၏တိုးတက်သောအလေ့နှင့် ဉာဏ်ရည် I.Q ကို သူအံ့ဩပြီးဖြစ်ခဲ့သည်လေ။

“ပေကြိုးက ဘယ်ကရတာလဲ”

“ကျွန်မ အပြည့်အစုံ ပါလာတယ်လေ၊ မစ္စတာထူးနဲ့ နီးစပ်ချင်လို့ ကျွန်မ ဟိုဘက်အခန်းမှာ တစ်ယောက်တည်း တည်းခိုနေပါတယ်၊ မနေ့က ပြောင်းလာတာပါ။ ပထမ မြန်မာမိတ်ဆွေအိမ်မှာ တည်းခိုနေတာပါ”

သူ ထပ်၍အံ့ဩရပြန်သည်။ သူမက အင်္ကျီချွတ်ရန် ပြင်သည်။

“နေ. . နေ. . မချွတ်နဲ့”

“ဘာဖြစ်လို့လဲရှင့်. . ကျွန်မတို့ဆီက ဖက်ရှင်ဒီဇိုင်နာတွေ ရေကူးဝတ်စုံနဲ့ အတိုင်းအထွာ ယူကြတာလေ”

“ကျွန်တော် အဲ့ဒီနည်းစနစ်ကို အသုံးမပြုပါဘူးခင်ဗျာ”

“ရှင်!. .”

သည်တစ်ခါ နှုတ်ခမ်းလှလှလေး ဟ၍ အံ့ဩသွားရသူက အွန်စောဖြစ်သည်။





“ချွတ်မတိုင်းဘဲနဲ့ အတိအကျ ရပ့ါမလားရှင်၊ ပိတ်စတွေက အီလက်စတစ် မဟုတ်ဘူးလေ”

“အတိအကျ ဖြစ်စေရပါ့မယ်”

မွှေးကြိုင်အိထွေးနေသောကိုယ်လုံးလေးကို အသားချင်းပင် မထိအောင် သူ ခဏအတွင်း အတိုင်းအထွာ ယူလိုက်သည်။

“ကဲ. . ရပြီ မင်းသမီး”

“ကျွန်မ မသိလို့ မေးမယ်နော်၊ ကျွန်မရဲ့ သဘာဝအလှကို မကြည့်ချင်ဘူးဆိုတော့ မစ္စတာထူးက ဂေးလားဟင်၊ ကျွန်မ မေးခွန်း ရိုင်းရင် ခွင့်လွှတ်ပါရှင်”

(ဂေး/Gay. . . လိင်တူချင်း ဆက်ဆံသော)

အခြောက်လား၊ မိန်းမလျှာလားဟု ရိုးရိုးတန်းတန်း မေးခြင်း ဖြစ်သည်။

“ခင်ဗျားတို့ယဉ်ကျေးမှုကို နားလည်ပါတယ်၊ ရိုင်းတာမ ဟုတ်မှန်းသိပါတယ်၊ ကျွန်တော် ဂေးမဟုတ်ပါဘူး၊ ယောကျ်ား စစ်စစ်ဖြစ်ပါတယ်၊ ပြီးတော့ ခင်ဗျားလို မိန်းမလှတွေရဲ့ သဘာဝအလှကို အဲ. . . ပကတိ ကိုယ်ကာယအလှကို မကြည့်ချင်တဲ့ ပုရိသလို့ခေါ်တဲ့ယောကျ်ား မရှိပါဘူးခင်ဗျ”

“ဒါဖြင့်ရင် ဘာဖြစ်လို့လဲ၊ ကျွန်မက မလှလို့လား”

“သိပ်လှပါတယ် မင်းသမီးလေးရယ်”

ပြောရင်း. . သူ့အသိစိတ်တွေက ဝေးရပ်မြေက ဖျော့တော့ ပါးလျနေမည့် ချစ်သူ့မျက်နှာလေးကို မြင်ယောင်လာသည်။

ကရုဏာတရားသည် ရင်၌ စိမ့်ယိုလာ၏။ ဘယ်ယောက်ျား အားငယ်ဝမ်းနည်းနေလိမ့်မလဲ၊ စီးပွားကလည်း ပျက်နေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com

စင်ကာပူဖက်ရှင်လောကၡ လာရောက်ထွန်းပေါက်နေသော မြန်မာပြည်သားလူချောလေး မျက်ရည်ဝေ့နေပုံကို. . ဆောင်ပေးကို ငေးမောအံ့သြစွာ ကြည့်နေသည်။ သူ့ခံစားချက်ကို ဖွင့်ထုတ်ချင်လာသည်။ ပေါ့လိုပေါ့ပြေား. . ။

"ကိုယ့်မှာ သိပ်ချစ်ရတဲ့ ချစ်သူလေးတစ်ယောက်ရှိတယ်၊ ချစ်သူအပေါ်ထားတဲ့ ကိုယ့်သစ္စာတရားကို မင်းနားလည်အောင် အနီးစပ်ဆုံး ရှင်းပြမယ်၊ မြန်မာဆိုတဲ့ တို့လူမျိုးရဲ့ ဓလေ့တစ်ခုရှိတယ်၊ သိပ်မြန်မာဆန်တဲ့ ပိုင်းကောင်းကျောက်ဖိ မြန်မာမိန်းကလေးတစ်ယောက်ဟာ. . သူ အမွန်အမြတ် ထိန်းသိမ်းထားတဲ့ အပျိုစင်ဘဝကို မင်္ဂလာဦးည၌မှာမှ သူ့ချစ်သူကို အပ်နှင်းတယ်၊

ကိုယ်လည်း ကိုယ်တိုင်ကြိုးစားပြီး ထိန်းချုပ်ခဲ့ရတဲ့ ထိန်းသိမ်းခဲ့ရတဲ့ လူပျိုစင်ယောက်ျားဘဝကို အဲ့ဒီညမှာ ချစ်သူကို လိပ်ပြာလုံခြုံစွာ အပ်ချင်တယ်၊ ဒါဟာ ချစ်သူအပေါ်ထားတဲ့ တရားမျှတမှုဖြစ်တယ်၊ ကိုယ်ထားတဲ့သစ္စာတရားဖြစ်တယ်"

"အို!. . . အဲ့သလောက်တောင် ချစ်တာကိုး၊ မစ္စတာတို့ မြန်မာဓလေ့က အံ့သြစရာကောင်းလောက်အောင် သန့်စင်မွန်မြတ်လှပါလား၊ ဘယ်နိုင်ငံနဲ့မှ မတူတဲ့ ဓလေ့ပါပဲ၊ ဟုတ်တယ်နော်. . . နှိုင်းယှဉ်စရာ ဘယ်သူမှ မရှိတာဟာ၊ ဘယ်လိုပြောမလဲ. . . First Love and First Touch ဖြစ်နေတာဟာ ဒီပြင် မနာလိုဝန်တိုစရာမရှိ သံသယမရှိဆိုတော့ အခုန မစ္စတာထူးပြောသလို လိပ်ပြာလုံစေတာပေါ့. . . သိပ်ကောင်းတာပဲနော်"

သဘောပေါက်လွယ်သော မင်းသမီးကြောင့် သူ့ရင် နည်းနည်းပေါ့ပါးသွားသည်ဟု ထင်ရသည်။ အင်း. . . သူလည်း အရှေ့





တိုင်းသူပဲ။ ယင်မ မသန်းသေးသောချစ်သူကို လိုလားပေလိမ့်မည်ဟု စိမ့်ဖြန့်တွေးနေမိစဉ်. . .

"မစ္စတာထူး. . . အခု ဘာလို့ ဝမ်းနည်းနေတာလဲ၊ ကျွန်မ အမူအရာဖတ်တာ မမှားလောက်ပါဘူးနော်"

"ဟုတ်တယ်. . ကိုယ် အရမ်းကြေကွဲနေတယ်၊ သူကလည်း ကိုယ့်ကိုသိပ်ချစ်တော့. . ကိုယ် မိန်းမလှတောထဲက မိန်းမတွေနဲ့ တစ်နည်းမဟုတ်တစ်နည်း ငြိစွန်းမှာပဲလို့ စိတ်ပူပန်မှုနဲ့ အခု သူ အိပ်ရာထဲ လဲနေပြီ၊ နှလုံးရောဂါတဲ့. . . Last Attack တဲ့"

"အို. . . ဖြစ်ရလေရှင်၊ ကျွန်မ ဘာကူညီရမလဲရှန်၊ ဖြစ်တဲ့နည်းနဲ့ ကူညီချန်ပါဒယ်"

"ကိုယ် အမိမြေကို အမြန်ဆုံး ပြန်ချင်နေတယ်၊ မင်းအဝတ်အစားတွေလည်း ညတွင်းချင်းရအောင် ကိုယ်လုပ်ပေးနိုင်တယ်"

"စိတ်ချ. . . ကျွန်မရှိသမျှအရှိန်အဝါနဲ့ သစ္စာရှင် ကိုမစ္စတာထူးကို ကျွန်မ အစွမ်းကုန် ကူညီမယ်"

လက်ဝါးချင်း ရင်းနှီးစွာ ရိုက်လိုက်မိကြသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

"ကလင်!. . ကလင်!. . ကလင်!. ."

စစ်ဦးထုပ်အဟောင်း စစ်အင်္ကျီအဟောင်းနှင့် တစ်ပတ်နွမ်းလုံချည်ကို ဝတ်ဆင်၍ ရှေးမြန်မာဆန်သော အရိုးအဆစ်နှင့် ဆိုက္ကားနင်းနေသော အဘဦးတင်နွယ်၏ခရီးသည်မှာ အသက်(၃၂)နှစ်ခန့် ဖြူဖြူခန့်ခန့် ချောမောလှပသည်နှင့်အမျှ စေတနာမေတ္တာ၏ အရောင်များ မျက်နှာတွင် ရှင်းခနဲထင်ဟပ်နေသော ဒေါက်တာသက်သက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ စီးနေကျကား ဘာဖြစ်လို့လဲ"

"အဘရယ်. . . လူတောင် ဆေးကုရ ဆေးရုံတင်ရသေးတာပဲ၊ ကားလည်း သင်္ခါရတရားအရ ဝပ်ရှော့ပို့ရတာပေါ့"

"အေးကွဲ့. . . လူက အသစ်ဝယ်လို့မရဘဲ ကားကတော့ အသစ်ဝယ်လို့ရနေတာတော့ သက်မဲ့နဲ့သက်ရှိရဲ့ကွာခြားမှုပဲ"

"ဒါနဲ့ အဘဦးတင်နွယ်ကို လမင်းရိပ်တို့မောင်နှမက သိပ်ခင်ကြတယ်နော်"

"ဟုတ်ပါတယ် ဆရာမ၊ အခုလို ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဘဝ မရောက်သေးခင် ရွှေထီးဆောင်းဘဝကတည်းက ခင်မင်ခဲ့ကြတာပါ"

"ကလင်!. . . ကလင်!. . . ကလင်!. . ."

"သူတို့က ဘာလို့ အဲ့သလောက် စီးပွားကျသွားရတာလဲဟင်"

"မောင်လင်းလွန်းရဲ့လောဘဇောနဲ့ မိုက်လုံးကြီးမှုတွေပေါ့ကွယ်၊ တရားဝင်လိုင်စင်ရှိလျက်နဲ့ နိုင်ငံတော်က တားမြစ်ထားတဲ့ကျွန်းသစ်ကို ခိုးခုတ်. . ခိုးထုတ်တယ်လေ၊ ထောင်ထဲတစ်နှစ်လောက်ဝင်ရ၊ မိဘဆုံး၊ ညီမလေးလည်း နှလုံးရောဂါရ၊ အင်း. . . လောဘ. . လောဘ. . သံဝေဂရစရာတွေ"

"အဘနဲ့က ဘယ်လိုခင်ကြတာလဲ"

"သူတို့အဖေ သစ်စက်သူဌေးကြီး ဦးမြတူနဲ့အဘက မမွေမိတ်ဆွေတွေလေ၊ တရားဆွေးနွေးဖေါ် ဆွေးနွေးဖက်တွေပေါ့၊ အဘက စေတနာအရ သိုင်းလည်း သင်တယ်၊ စာင်းလည်း သင်တယ်၊ မောင်လင်းလွန်းက အဘတပည့်ပဲ၊ ဒါပေမယ့် မောင်လင်းလွန်းက





အားကစားစိတ်ဓါတ်နဲ့ ကိုယ်လက်ကြံ့ခိုင်ဖို့ထက် ရန်ဖြစ်ဖို့ သိုင်းလာသင်တယ်ဆိုတာ နောက်မှသိရတာပေါ့လကွယ်"

"ကလင်!. . ကလင်!. . ကလင်!. ."

"စောင်းလာသင်တာကလည်း နှင်းသီတာဆိုတဲ့ အဘရဲ့တပည့်မလေးကို လူပျိုလှည့်ချင်တာက အဓိကပေါ့"

"သူ့ရန်ဘက်က ဘယ်သူရှိလို့လဲ"

"အေး. . . ပြောပြထားသင့်လို့ မိသားစုဆရာဝန်ကို ပြောပြရတော့မှာပဲ၊ မောင်လင်းလွန်းရန်ဘက်က သူ့နှမနဲ့ မေတ္တာမျှနေတဲ့ သူဌေးသား မောင်ထူးအောင်ထက်ပဲ၊ ငယ်ငယ်တည်းက ပြိုင်ဘက်တွေလေ၊

အင်မတန် သစ္စာကြီးတဲ့ချစ်သူတွေပေါ့ကွယ်၊ သိပ်လိုက်ဖက်ညီတဲ့အပြင် ချစ်လိုက်ကြတာလည်း တုန်လို့"

"အဲဒီ အထူးလို့ခေါ်တဲ့ ထူးအောင်ထက်ကို ကျွန်မ မတွေ့တာကြာပြီ အဘ"

"စင်ကာပူမှာ ဖက်ရှင်ဒီဇိုင်နာအဖြစ် အရမ်းအောင်မြင်နေတယ်တဲ့၊ အဘဆီ သုံးခေါက်တောင် လာကန်တော့တဲ့ သူ့မိတ်ဆွေမောင်ကြေးဆီက သိရတာလေ"

"သြော်. . . မောင်ထူးက ဖက်ရှင်ဒီဇိုင်နာကိုး"

"ဟော. . ရောက်ပြီ ဆရာမ၊ မောင်လင်းလွန်းရှေ့မှာ ထူးအောင်ထက်အကြောင်း မပြောနဲ့၊ သူ့ညီမ နှလုံးရောဂါရတာ အထူးကြောင့်ဆိုပြီး နေ့တိုင်း ပုဆိန်တမြမြ သွေးနေတာ၊ မူးရင်သွေးကလည်း အင်မတန်ဆိုးတာ. ."

"ကလင်!. . ကလင်!. . ကလင်!. ."



www.burmeseclassic.com

www.burmeseclassic.com



"ဝှီး!. . ဝှစ်!. . ဒုတ်!. . "

ဖွာဆန်ကြဲအောင် သစ်ခေါက်သစ်ပွေးတွေ သစ်စတွေ လန်ထွက်နေသော သစ်ပုတ်ပင်၏ပင်စည်ပေါ် လူနှိရိုင်း ပုဆိန်ကြီး အားပါပါ နစ်ခနဲ စိုက်ဝင်လာသည်။ လက်ဆစ် နှစ်ဆစ်ပြတ်နေသော လယ်သာလက်အိတ်ဝတ် လက်ကြမ်းကြီးက ပုဆိန်ရိုးကို ဖွစ်ခနဲ ရိုက်ချတ်၍ ဆွဲနှုတ်သွားသည်။ ပုဆိန်ဒဏ်ရာချက် အက်ကြောင်းထဲမှ သစ်စေးများ စို့ခနဲ စိမ့်ကျလာသည်။

"ကလင်!. . ကလင်!. . ကလင်!. . "

ထိုလက်ပိုင်ရှင်က ခြံဝ သံတံခါးကို စောင်းငဲ့ကြည့်လိုက်သည်။ နီရဲနေသော မျက်လုံး၊ နီစွေးနေသော ကွမ်းသွေးသွားတို့ကို ဖွင့်၍ အက်ရှရှအသံနှင့် ပြန်အော်သည်။

"လာပြီအဘ. . "

ပြောပြောဆိုဆို လက်ထဲက ပုဆိန်ကို တစ်ချက်နှစ်ချက်ဆ၍ အားကုန်လွှဲပစ်လိုက်ပြန်သည်။

"ဝှီး!. . ဝှစ်!. . ဝှစ်!. . ဝှစ်!. . ဝှစ်!. . ဒုတ်!. . "

ပြီးမှ လက်အိတ်ဝတ် လက်ကြမ်းကြီးက ခြံဝသံတံခါးမှ သံမဏိသော့ခလောက်ကြီးကို ဂျလက်ခနဲမြည်အောင် သော့ဖွင့်လိုက်လေသည်။

ကျွီ!. . . ။

ၛ ၛ ၛ ၛ





# "MOMENT HEAVEN"

ခဏနိဗ္ဗာန်၏ သီးသီးသန့်သန့် အခန်းတစ်ခုထဲမှာတော့ ထူးအောင်ထက်နှင့်ကိုကြေး အထူးအစည်းအဝေး ထိုင်နေကြသည်။ ဂျာနယ်တစ်စောင် စားပွဲပေါ်၌ရှိနေ၏။

"မင်းကွာ. . ဒီကအခြေအနေကို ငါသိလို့ ကြိုတင်ဖုန်းဆက်ထားတာတောင် မင်းကလျှို့လျှို့ဝှက်ဝှက် ပြန်မလာဘူး၊ ကိုရီးယားမင်းသမီးနဲ့ private လေယာဉ်စီးပြီး ပြန်လာတော့. . ဂျာနယ်ထဲ ဟိုး လေးတကော်ကြီးနဲ့ ပါလာပြီ. . "

"ဒီက အခြေအနေကို မင်းကကြိုရောက်ပြီး ကြိုသိလို့ ကြိုဖုန်းဆက်တဲ့ စကားသံက ဖုန်းမက်ဆေ့ချ်ထဲမှာကွ၊ ငါကအဲ့ဒီအချိန်မှာလေယာဉ်လက်မှတ်နဲ့ အကျီချုပ်ဖို့ အလုပ်တအားများနေတာ မင်းမက်ဆေ့ချ်ကိုဖွင့်ပြီး နားမထောင်ဖြစ်ခဲ့ဘူး. . "

ကိုကြေး ဂျာနယ်မျက်နှာဖုံးကို ယူကြည့်ပြီး ပြန်ပစ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ခုတော့ပိုခက်ပြီ၊ နေ့တိုင်းပုဆိန်သွေးနေတဲ့ မင့်ယောက်ဖဘေးက မင့်ချစ်သူကို ဘယ်လိုသွားတွေ့မလဲ. .၊ မင်းပြန်ရောက်နေတာ လင်းလွန်းကသိလောက်ပြီ. .၊ မင်းအိမ်ဝန်းကျင်မှာလည်း ကင်းတွေ ဒီကောင်ချထားမှာပဲ၊ ဒါကြောင့် မြို့အဝင်ကနေမင်းကိုဖမ်းစောင့်ပြီး ဒီကိုငါခေါ်လာတာ. ."

ကိုကြေးက မြို့လေးကို နှစ်ရက်ကြိုရောက်နေသည်။ အဘဦးတင်နွယ်ထံ၌ပင် မတည်းခိုဘဲ ဟိုတယ်မှာကိုယ်ရောင်ဖျောက်ရင်းသတင်းကြိုယူထားသည်။ သူ့ကို မြို့အဝင်ကလာစောင့်ပြီး MOMENT HEAVEN ကို ခေါ်လာခြင်းဖြစ်သည်။

"ဂျာနယ်တွေကလည်း လျှင်လိုက်တာကွာ. ."

"ဟ. . အဲ့ဒါ သူတို့အလုပ်ပဲ. . သူတို့ခွင်ပဲ၊ မင်းကိုက အလုပ်မဟုတ်တာကွာ. . ပေါ်တင်ကြီး. ."

"ငါ တုပ်ကွေးမျက်နှာဖုံး စွပ်ထားပါတယ်ကွာ Immigration မှာ မျက်နှာခဏဖွင့်တာကို ဘယ်ချောင်ကခိုးရိုက်သွားမှန်းမသိတာ. . အုတ်အော်သောင်းတင်းတော့ သိပ်မဖြစ်ပါဘူး. ."

"ခုတော့. . ရန်ကုန်မှာဖြစ်နေပြီလေ၊ ဟိုတယ်မှန်သမျှ ခြေရာခံလိုက်နေကြပြီ. ."

"ဖြစ်ချင်ရာဖြစ်တော့ကွာ. . ငါ လရိပ်ကိုရအောင် ဖြစ်တဲ့နည်းနဲ့ ပြန်ခိုးယူမယ်၊ စင်ကာပူကို အပါခေါ်မယ်. . ရအောင်ကူမယ်. ."

"စင်ကာပူကိုခေါ်ဖို့ နေနေသာသာ. . တွေ့ဖို့တောင် သူ့အစ်ကိုပုဆိန်ချက်ကို လွတ်အောင်ရှောင်ရဦးမယ် ကိုထူး၊ ငါကြားတဲ့သတင်းက. . သူ့ညီမကို လုလုပပသဂြိုဟ်ဖို့ အိမ်တောင်ရောင်းပြီး





စရံယူထားပြီးပြီတဲ့ကွ. ."

"ရတယ်ကွာ. . နှလုံးရည် လက်ရုံးရည် ပြိုင်ပွဲပဲ၊ ငါ့မှာ ငွေကြေးအပြည့်အစုံ ပညာအပြည့်အစုံ ပါတယ်၊ ခေါင်းအေးအေးနဲ့အသေးစိတ်ပြင်ဆင်ပြီး နိုင်အောင်တိုက်မယ်. ."

"ဟိုဘက်အခန်းက မင့်ဧည့်သည်ကကော ဒီကိစ္စတွေသိလား. ."

သူတွေးတွေးဆဆနှင့်. . ကိုကြေးကို ခေါင်းညိတ်ပြလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၇)

ဖြူဖျော့နေသော မျက်နှာလေးနှင့် အိပ်ရာပေါ်၌ . . သမင်းရိပ်ကလေး တွေးငေးနေသည်။

“မောင်ရေ့ . . မောင်ရေ့ . . မောင်ရေ့ . . လရိပ်မှာ ဘာ ရောဂါမှ မရှိပါဘူး၊ လရိပ်ကို သူတို့ ရောဂါတံဆိပ် ကပ်ကြတာပါ၊ လရိပ်ရောဂါက လွမ်းတဲ့ရောဂါပါကွယ်၊ တစ်မနက်တောင် မောင့် မျက်နှာကိုမမြင်ရရင် မနေနိုင်တဲ့ကျွန်မ ခုရက်ပေါင်းထောင့်လေးရာ ကျော်ကျော် ကြာခဲ့ပြီလေ၊ မောင်က နေမင်းပါ မောင်ရယ်၊ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



မောင့်အလင်းနဲ့အဆင်းကို ဆောင်ရသူဆိုတာ မောင် မေ့နေပါသလား၊ လရိပ် လွှမ်းလို့ ကျွမ်းတာပါ. . .၊

အနာတခြား ဆေးတခြားနဲ့ မောင့်ကွယ်ရာမှာ. . လရိပ်ဒုက္ခများတော့မယ်. . ပြန်လာခဲ့ပါတော့ မောင်ရယ်၊ မောင်ပြောဖူးတယ်. . မောင့်ခေါင်းပေါ်က နန်းပြာသာဒ်အဆောင်တော်ကြီးမှာ ကျွန်မကို ရွှေမှန်ကင်းအဖြစ်ထားဖို့ မောင်သွားပြီတဲ့၊ မျှော်ရင်းမျှော်ရင်းနဲ့ပဲ ကျွန်မလေ. . ထင်းအဖြစ် လောင်ကျွမ်းပြာကျရပါတော့မယ်၊ ဒါတွေဟာ. . ဒါတွေဟာ. . ကိုကို့ကြောင့်၊ ကိုကိုရက်စက်လို့ ဖြစ်တာ. .၊ ဘုရား. . ဘုရား. . ကိုကို့ကို ငါ စိတ်နဲ့ပြစ်မှားလိုက်မိပါပေါ့လား. .၊ ခွင့်လွှတ်တော်မူပါ အရှင်ဘုရား. . တပည့်တော်ရဲ့ ဝဋ်ကြွေးလို့သာ မှတ်ယူရမှာပါ ဘုရား. .”

ထိုစဉ်. . .

“ညီမလေး. . ညီမလေး. . မျက်စေ့ဖွင့်ကြည့်စမ်း၊ ညီမလေး စိတ်အေးသွားအောင် ကိုကိုပြစရာရှိလို့. . မျက်စေ့ဖွင့်ကြည့်စမ်း. .”

လေးပင်လွန်းသောမျက်ခွံကို အားယူဖွင့်ကြည့်လိုက်သည်။

“ဟင်!. . . မောင်. . မောင့်ဘေးမှာ. . .”

သူမရင်ထဲ စူးခနဲဖြစ်သွားပြီး အမြင်အာရုံတွေ ပြာခနဲ ဖြစ်ပြီး အရည်ကြည်အကွင်းအကွင်းတွေ မြင်လာသည်။ မောင့်ဘေးက ဘယ်သူဖြစ်ဖြစ် အရေးမကြီးပါ။ မောင်တစ်ယောက် ကျန်းမာချမ်းသာပျော်ရွှင်စွာ ကမ္ဘာပေါ်မှာရှိနေသေးကြောင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံလှသောသတင်းဟုပင် သူမယူပါသည်။ စိတ်ထဲကပြောဖြစ်သည်။ ကျေးဇူးတင်ပါတယ်ကိုကို. . ကိုကိုလာပြတာ ညီမအတွက်





သတင်းကောင်းမို့ပါ. . .။

သူမအမြင်အာရုံကို ပြန်လည်စုစည်းရပြန်သည်။ ဂျာနယ်မျက်နှာဖုံးပေါ်မှ ပြုံးနေသော မောင့်မျက်နှာနေမင်းကြီးကို ဝင်းဝင်းပပမြင်ရအောင် အားထည့်၍ မျက်စေ့ပြူးလိုက်သောအခါ နှလုံးသား၏အနက်ရှိုင်းဆုံး တစ်နေရာက စူးခနဲ. . .

ကမ္ဘာပေါ်တွင် အလေးလံဆုံးအရာက ပိကျလာပြန်သည်။

သူမနားထဲ ဟိုးအဝေးကအသံလေး လွင့်လာသည်။

“ကလင်!. . ကလင်!. . ကလင်!. . ကလင်!. .”



www.burmeseclassic.com

www.burmeseclassic.com



"ကလေင်!. . ကလင်!. . ရှလှမ်!. . ကလင်!. ."

ခြံထဲရှိသစ်ပင်မှန်သမျှ မှုန်ကြီးဆောင် ပင်စည်တွေ စုတ်ပြဲနေလေပြီ။ ပုဆိန်ရိုက်တင်နေသော သစ်ပင်ဆီ ပုဆိန်နှုတ်ယူ၍ထပ်သွေးရန် ခြေလှမ်းအရွေ့ . .

"ကလင်!. . ကလင်!. . ကလင်!. . ကလင်!. ."

ခြံဝ၌ရပ်ထားသော အဘဦးတင်နွယ်၏ ဆိုက္ကားနှင့် ဒေါက်တာသက်သက်ကို သစ်ပင်းတံခါးကြားမှ လင်းလွန်းလှမ်းမြင်လိုက်သည်။ ခါးတွင်ချိတ်ထားသောသော့ကို လှမ်းစမ်းရင်း ခြံတံခါးဆီ ခပ်ဖြည်းဖြည်းလျှောက်လာသည်။

"ကျောက်!. . ဂျလက်!. ."

ပွင့်လာသောခြံတံခါးမှ ဦးတင်နွယ်က ဆိုက္ကားနင်း၍ လင်းလွန်းအားမှ ဖြတ်သန်းဝင်ရောက်သွားသည်။ ဒေါက်တာသက်သက်က မိုးဝေါ သို့အကြောင်းမဲ့မော့ကြည့်နေသော လင်းလွန်း၏ တင်းမာ





သောမေးရိုးကြီးကို လှည့်ပြန်မှ လှည့်ကြည့်သွားသည်။ အိမ်ထဲဝင်သွားသော အဘဦးတင်နွယ်နှင့် ဒေါက်တာသက်သက်ကို တစ်ချက်လှမ်းကြည့်ရင်း ခြံတံခါးဆီ လင်းလွန်းမျက်နှာပြန်မူလိုက်သည်။

"လာခဲ့ ထွေး. . ငါညီမကိုသတ်တဲ့ကောင်၊ လာစမ်း. . ငါ တံခါးဖွင့်ထားတယ်. ."

အံသွားများ ကျစ်ကျစ်မြည်အောင် ကြိတ်ရင်း ပုဆိန်ရှိရာ သစ်ပင်ဆီ ရွေ့လာသည်။ ပုဆိန်ဆွဲနှုတ်ပြီး. . ခပ်စေးစေးရှိ သရက်ပင်ကြီးဆီ. . .

"ဝှီး!. . ဝုန်!. . ဖုန်း!. . ဖုတ်!. . ဒုတ်!. ."

"ဂျွတ်!. . ဂျလွတ်!. ."

အိမ်တွင်းမှ တံခါးမကြီးကို ဦးတင်နွယ် အသာအယာချလိုက်သည်။ ခေါင်းအုံကြားဆွဲ၍ [illegible] ကြည့်ညည်းနေသောပင် ဦးဆောင်တဲ့ကျွန်သွားသည်။ ဒေါက်တာသက်သက်က တစ်အိမ်လုံးကို ခြုံငုံကြည့်ရင်း ဦးနွယ်၏နောက်သို့ လိုက်တက်သွားသည်။

အင်း. . သေကြားကျွန်းတွေချည်းပါလား. . ။

နှစ်ယောက်သား တံခါးဖွင့်ထားသော [illegible] ခြေသံဖွဖွနင်း၍ ချဉ်းကပ်သွားကြသည်။ ဒေါက်တာကို ခုတင်ဘေး ကခုံတွင် ထိုင်ရန် အဘက မျက်ညွှန်ပြလိုက်သည်။

ဒေါက်တာက လူနာကိုလှမ်းကြည့်ရင်း စိတ်တွင်းမှ. .

အို. . ဒီလောက်မျက်တွင်းနက်ပြီး ပါးရှုံ့နေတာကောင်း လုလိုက်တာ။ ဒါကြောင့်ပဲ. . [illegible]

ဟု၍ တစ်မိုင်ကောင်း တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ အဘဦးတင်နွယ်က လူနာခုတင်နံဘေး၌ ကြမ်းပေါ် ဒူးထောက်၍ လူနာ့မျက်နှာလေးကို မမှိတ်မသုန် ငေးနေပြီး မျက်ရည်တွေ ဝေ့တက်လာနေကြောင်း ဒေါက်တာ့နေရာမှ လှမ်းမြင်ရသည်။

လူနာ၏အနားသို့ နှုတ်ခမ်းကပ်ခါ တိုးတိုးဖွဖွလေး ခေါ်လိုက်သည်။

"လရိပ်လေး. . မောင့်လမင်းရိပ်လေး. . မောင့်အသံကို ကြားလားဟင်၊ မောင်. . နမ်းမယ်နော်"

ထို့နောက် လူမမာ၏လက်ဖမိုးကို ညင်ညင်သာသာ လှမ်းယူ၍ နှုတ်ခမ်းနှင့် ဖိဖိလေးနမ်းသည်။

"လမင်းရိပ်ကလေး မောင့်အသံကိုကြားရင် လက်ကလေး ကနေလှုပ်တယ်ဆိုရုံလေး၊ သိတယ်ဆိုရုံလေး. . ပြန်လှုပ်ပြပါလား ကွယ်. . မောင် လရိပ်အနားကို. . ရောက်နေပြီ. . "

သူ့လက်ထဲက ငြိမ်သက်နေသောလက်ကလေးကို ပါးနှင့် ကပ်ထားပြီး ထိန်းမရတော့သောမျက်ရည်တို့ ပေါက်ခနဲလိမ့်ဆင်းလာသည်။

"လမင်းလေးရယ်. . ချစ်လွန်းလို့ လရိပ်ရဲ့ပါးကလေးကို တောင်မနမ်းရက်လို့. . ခွင့်တောင်းပြီး လက်ကလေးပဲမောင်တစ်သက်လုံးနမ်းခဲ့တာလေ. . ၊ ခါတ်လှေကားထဲမှာ နှစ်ယောက်တည်း ရှိနေတာတောင် မောင် လက်ဖမိုးလေးပဲ ခွင့်တောင်းပြီးနမ်းခဲ့တာလေ၊ မောင့်ပန်းကလေး အနမ်းကြောင့် လန်းအားလျော့သွားမှာစိုးလို့ပါကွယ်. . လှုပ်လိုက်ပါလက်ကလေးရယ်. . "

အလို တွန့်ခနဲ တစ်ချက်လှုပ်သည်။ ဖွဖွလေး ပြန်ဆုပ်သည်





ဆင်သည်။ ဒိတ်ခနဲ ဝမ်းသာလုံးသည် လည်ဝဆီတက်လာ၏။

"ဝမ်းသာလိုက်တာလရိပ်ရယ်၊ မောင့်အသံကြားတယ်နော် ဘာမှအားမငယ်နဲ့ မောင်ရောက်လာပြီ. . မောင်လရိပ်ကို အပြီးခေါ်သွားမှာ. . "

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com

"ဗိုး!..ဝှစ်!..ဝှစ်!..ဝှစ်!..ဒုတ်!.."

လင်းလွန်း အရက်ယင်းက ထနေပြီဖြစ်သည်။ အာခေါင်တွေ ချဲ့ပြစ်၍ ခံတွင်းက ခပ်ပြင်းပြင်းတစ်ခွက်ကို ဂလုခနဲ မျိုချပစ်ရန် ဟစ်ကြွေးသလိုကို တောင်းဆိုနေပြီဖြစ်သည်။

စိတ်အစဉ်က ဂနာမငြိမ်တော့..

ဆရာဝန်နဲ့အဘ ရောက်နေတယ်..သူတို့ပြန်မှ သောက်နေကျလေဟု..စိတ်ကိုတင်းရင်း..

ဟင်း!..တစ်ခုခုများမှားနေသလား၊ ဒေါက်တာသက်သက်ဆီက ဘယ်တုန်းကမှ ရေမွှေးနံ့ ငါမရဖူးဘူး၊ ဆရာဝန် သူနာပြုတွေဟာ အနံ့ပြင်ပြင်း ရေမွှေးမဆွတ်ရတဲ့ ကျင့်ဝတ်ရှိတယ်လို့ ဒေါက်တာသက်သက် ငါ့ကိုပြောဖူးတယ်ထင်တယ်..၊ ဘယ်သူပြောတာကို ငါကြားဖူးပါလိမ့်..။

အခုန..အဘဦးတင်နွယ်ဆိုက္ကား ငါ့နားကဖြတ်သွားတုန်း





က..ဟုတ်တယ်..မွှေးခနဲ ခပ်ကြိုင်ကြိုင်သင်းသွားတယ်..ဟုတ်တယ်..အဘဦးတင်နွယ်ကတော့ ရေမွှေးတွေဘာတွေ သုံးလေ့ဘယ်လိုမှမရှိတာ ငါသိတယ်..။

ပုဆိန်ကိုပြန်နှုတ်၍ လက်ထဲ ဆနေပြန်သည်။ ဆင်ဝင်အောက်ရပ်ထားသော အဘဦးတင်နွယ် ဆိုက္ကားဆီ တရွေ့ရွေ့ ချဉ်းကပ်လာနေပြန်သည်။

ပုဆိန်သွားက နေရောင်တွင် လက်ခနဲ...။



www.burmeseclassic.com

www.burmeseclassic.com



တုန်နေသော သူ့နှုတ်ခမ်းကို သူမ၏ နား,နားကပ်၍. . .

"မောင့်ကို ဘာပြောချင်လဲလရိပ်လေး၊ တိုးတိုးလေးပဲ ပြောနိုင်ရင်ပြောပါလား. . "

တိုးတိုးကပ်ပြောရင်း. . ခြောက်သွေ့နေသော နှုတ်ခမ်းဖြူဖြူနားသို့ တိုးကပ်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာနေပြန်သည်။

ခပ်ပါးပါးဆိုမှ ခပ်ပါးပါးလေး၊ သူမနှုတ်ခမ်းက အသံထွက်လာသည်။ လိပ်ပြာတောင်ပံခတ်သံနီးပါး ပါးလျသော လေသံလေးပေမယ့် သူကြားသည်။

"ခေါင်း. . အုံး. . အောက်. . မှာ. . "

သည်မြင်ကွင်းလေးကို ငေးကြည့်နေသော ဒေါက်တာမလေး၏ လုံးဝန်းသောမေးဖျား၌ ကျလုကျခင်မျက်ရည်ဥလေး ခိုသီးနေသည်။ ပြတင်းကဖြတ်လာသော နေခြည်အလင်းက ထိုတွဲရရွဲ





မျက်ရည်သီးလေးကို ရောင်စုံဖြာနေအောင် လှမ်းထိုးရင်း လက်ခနဲခြွေချသည်။

ကတ္တီပါဘူး အနက်ကလေးကို ခေါင်းအုံးအောက်မှ သူထုတ်ယူလိုက်မိသည်။ တုန်တုန်ချည့်ချည့်လက်နှင့် ထပ်ခနဲ သူဖွင့်လိုက်သောအခါ လက်ခနဲပေါ်လာသော. . ပလက်တီနမ် Leg Chain လေး နေရောင်တွင် ပြိုးပြက်နေသည်။

ပြီးတော့. . စာလေးတစ်စောင် ခေါက်ရိုးကျိုး၍ အနည်းငယ် ဝါကြန့်ကြန့်ဖြစ်နေပြီ။

သူ တုန်တုန်ယင်ယင် ဖွင့်ဖတ်လိုက်သောအခါ. . .

"မောင် ဆေးဖိုးဝါးခမရှိလောက်အောင် ဆင်းရဲသွားပေမယ့် ကျွန်မ မြတ်နိုးစွာ သိမ်းဆည်းခဲ့တဲ့ မောင့်ချစ်သက်လက်ဆောင်ကိုတော့ ကျွန်မအသက်နဲ့ လဲသွားမယ် မောင်"

ဟာ. . . ချစ်သူရယ်။ ဘယ်လိုမှ တားမရဆီးမရတော့သော မျက်ရည်တာတမံသည် ချစ်သူရင်ဘတ်ပေါ် (သူ့ဇက်နှင့်အတူ) ကျွံကျသွားတော့သည်။

ဆရာဝန်မလေး၏မေးဖျားမှ ရောင်စုံဖြာနေသော မျက်ရည်သီးတို့ ဆက်တိုက်ပင် ကြွေကျလာတော့သည်။

လူနာမလေး၏ ခုထိဖွင့်မရသေးသော မျက်လုံးအစုံမှ ပွင့်အံလျှံထွက်လာသော မျက်ရည်စက်တို့လည်း ခေါင်းအုံးထက်မှာ အကွက်နှစ်ကွက်အဖြစ် နစ်လာ၏။

တန်ဖိုးကြီးသော ပလက်တီနမ်ကြိုးကိုကြည့်နေသည့်. . ဒေါက်တာသက် အငိုမျက်နှာနှင့် သူလှည့်၍. . .

"သူ့စာသဘောက . . သူဆေးကုဖို့ ငွေကြေးမရှိတော့တာ



www.burmeseclassic.com

www.burmeseclassic.com



တောင်. . ဟောဒီ ခြေဝတ်တဲ့ကြိုးလေးကို ပေါင်နှံ့ရောင်းချပြီးဆေး မကုခဲ့ဘူးတဲ့. . အသက်နဲ့လဲပြီး မြတ်နိုးကြောင်းပြခဲ့တယ်တဲ့. . ဒါ ဒါလေးဟာ. . ကျ. . ကျွန်တော်. . မခွဲခွာခင် နောက်ဆုံးပေးခဲ့တဲ့ ချစ်သက်လက်ဆောင်လေ. . ”

သူ. . ငိုသံကြီးဆို့တက်လာ၍ ဗလုံးဗထွေးရှင်းပြရင်း ယူ ကျုံးမရစိတ်ကို မျှပေးနေမိသည်။

ပေါ့လိုပေါ့ငြား. . ။

၅ ၅ ၅ ၅





“ဝိုး!. . ဝှစ်!. . ဝှစ်!. . ဝှစ်!. . ဒုတ်!. . ”

ဟုတ်ပါတယ်. . နွယ်ရိုင်း. . ဒီဆိုက္ကားဟာ အဘဦးတင် နွယ်ရဲ့ နွယ်ရိုင်းလို့နာမည်ရေးထားတဲ့ ဆိုက္ကားပါပဲ. . ဒါပေမယ့် အခုန အိမ်ထဲဆိုက္ကားဝင်တုန်းက ဆိုက္ကားလမ်းကြောင်းဟာ ယိုင်ထိုး နေသလားလို့. . ငါ့စိတ်ကပဲ ယင်းထပြီး ထင်နေတာလား၊ နေပါဦး တစ်နေ့ကလား. . မနေ့ကလား ငါ့ကိုဘယ်သူ ပြောသွားတာလဲ. . ဦးရွှေမြင့်ဆိုင်မှာလား. . ဆိုင်ကြီးမှာလား. . ဆိုက္ကားသမားတစ် ယောက် ငါ့ကိုပြောသွားတယ်. . ၊ဟုတ်ပါတယ် ငါမှတ်မိပြီ ဦးတင် နွယ် နေမကောင်းလို့ ဆိုက်ကားဂိတ်မထိုးတာ နှစ်ရက်ရှိပြီတဲ့. . ၊ ဒါ. . ဒါဆို. . ဟိုကောင်. . မိန်းမဉာဏ်နဲ့. . .

အပြေးအလွှားပင် သစ်ပင်ထဲ အသွားစိုက်ဝင်နေသော ပုဆိန်ကို. . ပြေးအနှုတ်. .

“တို့ဟူးသုပ်. . ရှောက်သီးသုပ်. . ”



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားသောခြံတံခါးဆီမှ သူမျှော်နေကျအသံကို လေထွက်နေသောနားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။ အော့ခနဲ ကြို့ထိုးတက်လာ၏။ သူ ဘီအီးနှင့်မြည်းနေကျ. . တို့ဟူးသုပ်၊ ရှောက်သီးသုတ်ရောင်းသောအဘအို ရောက်နေပြီ။

ပန်းအိုးဘေး၌ ထောင်ထားသော ဘီအီးပုလင်းကို ဆတ်ခနဲဆွဲယူ၍ ပုဆိန်တစ်ဘက်၊ ပုလင်းတစ်ဘက်နှင့် ခြံဝဘက်လျှောက်လာခဲ့သည်။ တုန်ချည့်ယိုင်တိုင် ဖြစ်လာ၏။

“မောင်အမြဲတမ်း သတိရတမ်းတခဲ့ရတဲ့ လရိပ်လေးရဲ့မျက်ဝန်းလေးတွေ ဖွင့်ပြပါလားကွယ်. .၊ လွမ်း. . လွန်း. . လို့ပါကွယ်. .”

ဖွင့်ချင်လွန်းလို့ မောင့်အသံကြားကတည်းက ကြိုးစားနေတာပါမောင်ရယ်. . အိုး. . လေးပင်လှချည့် မျက်ခွံတွေရယ်၊ လရိပ်ရှိသမျှအင်အားနဲ့ ရအောင်ကြိုးစားကြည့်မယ်. .။

“ဟယ်. . ထူး. . ဟိုမယ် မျက်လုံးလေး တဖြည်းဖြည်းပွင့်လာနေပြီ. .”

သူရုတ်တရက်ပင် ပေါ်လီမာနှင့် စီလီကွန်ရောစပ် ပြုလုပ်ထားသော ဦးတင်နွယ်၏မျက်နှာဖုံးကို ဦးခေါင်းမှဆွဲချွတ်ပစ်လိုက်သည်။

ချစ်သူက ပထမမြင်ပုံမရ။ အမြင်အာရုံကို စုစည်းနေပုံရသည်။ သူ့မျက်နှာကို ချစ်သူ့မျက်နှာအပေါ် အနေတော်အုပ်မိုးရင်း ခပ်တိုးတိုးခေါ်ကြည့်သည်။

“လရိပ်လေ. . လရိပ်လေး. . မောင့်ကိုမြင်လားဟင်”

မျက်တွင်းခွက်ခွက်ထဲမှ. . . ခြောက်သွေ့ရီဝေနေသော





မျက်လုံးကလေး ဖျတ်ခနဲ တစ်ချက်လင်းလက်လာပြီး တဖြည်းဖြည်းတဖြည်းဖြည်း သူ့မျက်နှာကို ကြည့်မဝ ရှုမဝငေးကြည့်နေပုံလေး မချိစရာ ကောင်းပါဘိတော့။ ပြီးမှ သိသာသည်ဆိုရုံကလေး ယဲ့ခနဲ ပြုံးလိုက်သည်။ ထင်သည်။

“မောင်. . မောင်. . လရိပ်ကို ရအောင်ကုမယ်၊ ဘာမှမပူနဲ့ စိတ်ချတော့နော်၊ ဘယ်တော့မှလည်း မခွဲတော့ဘူး၊ ဘယ်သူခွဲခွဲ မကွဲတော့ဘူး”

နဖူးဆံစလေးတွေကို သပ်တင်၍. . နှုတ်ခမ်းနှင့်နဖူးကို ညင်သာဖွဖွ နမ်းနေမိသည်။ လရိပ် မျက်ဆံလေးက ဘေးကိုရွေ့ပြသည်။ ဘာပြောတာပါလိမ့်။

မျက်ဆံရွေ့ရာဆီ သူ လိုက်ကြည့်သောအခါ ခုတင်ဘေးကခုံပေါ်မှာ. . .

“ဟော. . . ဓါတ်ပုံတွေ”

သူ ကောက်ယူကြည့်လိုက်မိသည်။ ဖက်ရှင်မယ်လေးတွေ တပည့်ကောင်မလေးတွေ အတင်းပူဆာ အတင်းတောင်းဆို၍ လုပ်ငန်းသဘော ခင်မင်ရင်းနှီးသောသဘောဖြင့် သူအရိုက်ခံခဲ့သော ဓါတ်ပုံများ. . .။

သူမအထင် ပါစင်အောင် လွဲမည့်ဓါတ်ပုံများ၊ သူမစိတ်နှလုံးကိုအမိက ညှိုးချုန်းစေခဲ့မည့် ဓါတ်ပုံများ၊ သူမကိုသေတွင်း၏ခံတွင်းဝသို့ ပို့ဆောင်ခဲ့သော. . အမိကလက်တံများ. .။

ဟား. . ပြီးတော့. . ဟိုမှာ. . ဂျာနယ်. . .

ထိုစဉ် ခြံဝဆီမှ အန္တရာယ်အချက်ပေး ခေါင်းလောင်းသံကို ပီပီပြင်ပြင် သူကြားလိုက်ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တို့ဟူးသုပ်. . ရှောက်သီးသုပ်. ."

"တို့ဟူးသုပ်. . ရှောက်သီးသုပ်. . ဟင်းခါး"တဲ့. .။

အရေးကြီးပြီးဖြစ်သည်။ ဟင်းခါးပါ ပါလာပြီလေ. .။

"တို့ဟူးသုပ် နှစ်ပွဲထည့် အဘအို. ."

"ခါတိုင်းတစ်ပွဲပါ မောင်လင်းလွန်းရဲ့. ."

"ဒီနေ့ ခြံထဲအချိုးတွေ ပြောင်းနေသလိုပဲ. . ကျွန်တော်လည်း နှစ်ချိုးသောက်မယ်. . အရင်ကနှစ်လုံးနဲ့ကျိုးတာ ဒီနေ့လေးလုံးမှ ကျိုးလိမ့်မယ်ထင်တယ်. . ဒါကြောင့် အမြည်းနှစ်ပွဲဝယ်တာ"

ပြောပြောဆိုဆို ခြံဝအုတ်ခုံနှင့် သူ့ပုဆိုးကို တဂျစ်ဂျစ်ပွတ်သွေးသံကြီး နားမခံသာဖွယ် ထွက်လာ၏။ လက်ခနဲ လက်ခနဲပင် မီးပွားတို့လွင့်စင်လာအောင် အားထည့်သွေးနေပြန်သည်။ သွေးရင်က ပုလင်းလိုက် မော့သောက်တော့သည်။

အဘအိုသည် အေးအေးဆေးဆေး အမယ်တစ်ခုချင်းစဉ်းစား၍ ထည့်သုတ်နေသည်။ စိတ်တွင်းကမူ ပူနေ၏။ ဆိုက္ကားကိုသူ မသက်ာလို့ စစ်ဆေးနေပြီ. . အင်း. . ဘာကြောင့်ဆင်းမလာကြသေးတာလဲ၊ ပြဿနာတော့ တက်တော့မှာပဲ. .။

"ခဏနေဦးနော်လူလေး၊ ဟိုးဘက်ခြံကလည်း အဘအိုဖေါက်သည်ကွဲ. . ကြားအောင် အော်လိုက်ဦးမယ်. . တို့ဟူးသုပ်ရှောက်သီးသုပ်. . ဟင်းခါး. . ."

***





ဒီဓါတ်ပုံတွေက ရန်ကုန်က ငါ့ကောင်တွေစုဆောင်းထားတာတဲ့၊ မကြာခင်နင့်ကောင် စင်ကာပူမှာ ဘယ်လောက်ရှုပ်ပွေနေတယ်ဆိုတာ ငါသက်သေပြမယ် နင်ယုံအောင်. . တဲ့. .။

"ညီမလေးယုံပါတယ်ကိုကို. ."

"ဘာကိုယုံတာလဲ. ."တဲ့

"အထူးကို. ."

လို့ ပြောမိလို့ မီးအုပ်ဆောင်း ရိုက်ခွဲတဲ့ည။

ယုံပေမယ့် စိတ်မချဘူးမောင်။

ဓါတ်ပုံတစ်ပုံ၏နောက်ကျောတွင် ချစ်သူ နေ့စွဲပါတပ်၍ မှတ်ချက်ရေးထားပုံလေးကို သူဖတ်ရသည်။ လက်စသပ်တော့. . ဒီပုံတွေနဲ့ ကိုယ့်ညီမကိုယ် စိတ်နာအောင်လုပ်ရင်း. . အလွမ်းနာကျပြီးနှလုံးရောဂါရအောင် လုပ်နေတာ ခင်ဗျားကိုယ်တိုင်ပါလား ကိုလင်းလွန်း၊ တရားခံကိုယ်တိုင်က ခင်ဗျားပါလား. . ၊ ပညာမဲ့လိုက်တာဗျာ

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လိုက်တာ. . ။

"တို့ဟူးသုပ်. . ရှောက်သီးသုပ်. . ဟင်းခါး. ."

အဓိပ္ပါယ်က. . အခြေအနေမကောင်း နောက်ဆုတ်ထွက်ခဲ့တော့ဟူသော သတိပေးသံ. . အန္တရာယ်ရန်စွယ်ဟူသောအသံ. . ချစ်သူရှေ့တွင် သူ့အစ်ကိုနှင့် ရန်ရင်းဆန်ခတ် ဘယ်လိုမှဖြစ်၍မရ။

တော်ကြာ. . တစ်ခုခုဖြစ်သွားမှဖြင့်. . . ။

ချစ်သူ လေနှင့် တစ်ခုခုပြောလာသည်။ သူမပါးစပ်နား သူ့နား ကပ်ပေးလိုက်သည်။

"ကိုကိုနဲ့ ရန်မဖြစ်ပါနဲ့မောင်. . နော်. ."တဲ့. . ။

"မဖြစ်ပါဘူးကွယ်. . ၊ မောင် လရိပ်ကို နိုင်ငံခြားအထိ. . ရအောင်ခေါ် သွားပြီး ကုသမယ်၊ အားတင်းထားပါ ချစ်သူရယ်. . မောင်ပြန်ထွက်မှဖြစ်တော့မယ်. ."

ချစ်သူ၏နဖူးလေးကို ယုယစွာမွှေးလိုက်သည်။ ဆရာဝန်မလေးကလည်း သူမ၏လက်ကလေးကို ဖမ်းဆုပ်၍ နှုတ်ခမ်းနှင့်နမ်းရင်း အားပေးသည်။

၅ ၅ ၅ ၅





"ခါတိုင်းလိုပဲ ချဉ်ငန်စပ်လေးပဲလား သား"

"ဒါပဲပေါ့. . ချဉ်ပစေ. . ငန်ပစေ. . စပ်ပစေ"

"စိတ်ချ. . . သား၊ ဒီနေ့ အကောင်းတကာ့ အကောင်းဆုံးဖြစ်စေရမယ်. . ဟင်းဟင်း"

"ဘာရယ်တာလဲ အဘအိုရ"

"ဪ. . . ဟင်းခါးလေးပါ။ ဒီနေ့ ရှယ်ချက်လာလို့ ကိုယ့်လက်ရာကိုယ် သဘောကျလို့ပါ ငါ့သားလေးရာ. ."

ငါ့သားလေးရာ ဟူသောအသံက လိုသည်ထက်ပို၍ စီးပိုးလေးပျစ်နေ၏။

"နေပါဦး အဘအို၊ အဘအိုနဲ့ အဘဦးတင်နွယ်က သူငယ်ချင်းတွေဆို. ."

"အင်မတန် ရင်းတာပေါ့ကွယ်၊ အသက်ပေး ချစ်ကြမယ့် သူငယ်ချင်းတွေလေ"



www.burmeseclassic.com

စိတ်ပါလက်ပါကို ပြောလိုက်ခြင်းဖြစ်သည်။(လောလော ဆယ် အနေအထားအရ)တကယ်လည်း ရင်းသည်လေ။

"ဒါဆို အဘဦးတင်နွယ် နေမကောင်းလို့ ဆိုက္ကားမထွက် ဘူးဆိုတာဟုတ်လား . ."

"မင်းရူးနေလား . . အခုနမင့်ခြံထဲဝင်သွားတာ တင်နွယ် မဟုတ်လို့ . . ဩော် . . ပြောရင်းဆိုရင်း ဟိုမှာပြန်ထွက်လာပြီ . ."

"ကလင်! . . ကလင်! . . ကလင်! . . ကလင်! . ."

"ဖွင့်ထားသောခြံတံခါးမှ အရှိန်နှင့်ဖြတ်ထွက်ရင်း . ."

"ဒေါက်တာ နောက်လူနာအရေးကြီးလို့ . . သွားပြီ မောင် လင်းလွန်း . ."

"ဟုတ် . ."

ဆိုက္ကားကို လိုက်ငေးနေသောလင်းလွန်းအား . . .

"မင်း အရက်ကြောင့် ကြောင်နေလား၊ ကဲ . . ပိုက်ဆံပေး သွားဦးမယ်၊ ခင်လို့သတိပေးရဦးမယ် သားလေး . . မင်းသေတော့ မယ် . . ဝအောင်သောက်ထား . . အဲ့ . . လျှော့သောက် . ."


လက်ညှိုးငေါက်ငေါက်ထိုးပြီး ဆိုင်းထမ်းထမ်း၍ထွက်လာ သည်။ ကော်လံကြားက နောက်ဆုံးပေါ် အသံထိန်းခလုတ်လေးကို တံပိုးနှင့်ခိုက်မိမည်စိုး၍ ဖြုတ်လိုက်ရင်း သက်ပြင်းချသူက . . .

(ဟုတ်ကဲ့) ကိုကြွင်အေး (ခေါ်) ကိုကြေးပါခင်ဗျ။

(အော်စကာပေးလို့ရပါသည်။)



အောင်မြင်စေသော



## "မှုမှန်းသိသိကြီးနဲ့"

မာခေါက်ဗုန်းဆိုး
မိုးထိုးဖောက်ကြမ်း
ဒီ..ချစ်တဲ့လမ်းကိုပဲ
မမောမပန်း ငါလျှောက်ခဲ့..။

နင်းတပြိုက်ပြိုက်ကျ
ရေတစ်ကိုက်တောင် မမြင်ရလည်း
ဂရုမစိုက်ဘူး..၊
မိုက်မိုက်မဲမဲ တိုးဝင်ဆဲငါ..။

လာမလုပ်နဲ့...၊
အကျိုးပြု ရှေ့ပြည်အေး
စေးတစ်ပိုဒ်...နဲ့
စိတ်အိုက်အောင် လာလာမလုပ်နဲ့...။
ငါမကြိုက်ဘူး...
ဒီအတိုင်း(အချစ်နဲ့ပဲ)
ငါလောင်မြိုက်နေပါရစေ၊ ၊

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၈)

## နောက်

တစ်နေ့. . .

"သူငယ်ချင်းကိုထူးရာ. . . အတည်ပေါက်သာ လုပ်နေရတာ၊ ငါ့ရင်ကို တဒိတ်ဒိတ်နဲ့၊ လင်းလွန်းဆိုတဲ့ လူလည်ကောင်ကို လျှော့မတွက်နဲ့တဲ့. . အဘဦးတင်နွယ်ပြောတာ ဟုတ်မယ်၊ ဒီကောင်ဆိုက္ကားကို စစ်ဆေးနေပြီ၊ ငါ့ဘက် အာရုံကျအောင် မနည်းမျှားယူရတာ၊ လိုအပ်လာရင် သုံးဖို့ လေးခွနဲ့တံပိုးလည်း အသင့်ပြင်ရင်း. . ဟင်းခါးချည်း ကုန်းအော်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ကွာ. . . အဲ့ဒီဟင်းခါးကြားမှပဲ ငါ့ဘဝနဲ့ ငါရောက်နေတဲ့နေရာကို ပြန်သတိရတော့တာ"

"မင်းကောင် လင်းလွန်း အဘဦးတင်နွယ်အိမ်ကို နောက်က လိုက်ချလာသေးတယ်တဲ့၊ အဘပြောပြတာ. . မင်းဆိုက္ကားထားပြီးအပြန်. . အထွက်အဝင်ပဲ လွဲတာတဲ့၊ ဖြစ်ချင်တော့ အဘက ဆေးသောက်ပြီး ချွေးထုတ်နေတာ တုံးလုံးကြီး တန်းတွေ့ပါလေရောတဲ့၊ လင်းလွန်းက ခပ်တည်တည်နဲ့ မေးတယ်တဲ့၊

'အဘ နေမကောင်းလို့. . ဆိုက္ကားမထွက်ဘူး ပြောတာနဲ့ လူမမာ လာကြည့်တာ၊ အဘ ဘာစားချင်သလဲ'. . . တဲ့၊

အဘက ဓါတ်ပေါက်နေလို့ တော်သေးတာပေါ့။

'ငါ မမာတဲ့ကြားက မင်းနှမလေးအတွက် မင်းရှေ့တင် ဆိုက္ကားထွက်လာတာ မင်းစုံလုံးကန်းနေသလားလို့'

တွယ်ထည့်လိုက်တယ်တဲ့။

ဟိုကောင်ကလည်း သိပ်မသက်သာသူဆိုတော့. .

'အိမ်လာတာ အဘမှ ဟုတ်ရဲ့လားလို့ပါ' တဲ့။

အဲ့သမှာ အဘပြန်ပြောတဲ့စကားက လှတ်လှတယ်။

'ငါ့တပည့် မောင်လင်းလွန်း၊ အဲ့ဒီဆိုက်ကားနဲ့ ငါ့အမေအိုကြီးကို ငါလုပ်ကျွေးနေတာ မင်းအသိပဲ၊ ဒီဆိုက်ကားကို ငါ့အမေလိုပဲမြတ်နိုးတယ် ဘယ်ကောင်မှ အခွမခံဘူး၊ ငါနားချင်ပြီ. . . မင်းအခုပြန်'. . တဲ့၊ လင်းလွန်း လန်သွားတာပေါ့. . ."

"စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာတရားနဲ့ သစ္စာတရားဘက်မှာ နှလုံးသားလှသူတွေအားလုံး လာရပ်ကြတာဟာ ဓမ္မတာပါကိုကြေး နေဦး. . . ကျွန်တော် အကြံတစ်ခုရပြီ၊ အကောင်းဆုံး လူနာတင်





ကားတစ်စီး AMBULANCE လိုချင်တယ်၊ ဝယ်မှရမယ်ဆိုလည်း ရအောင်အမြန်ဝယ်ဗျာ"

သည်လောက်ဆို ကိုကြေး ပေါက်သည်။ ဒေါက်တာသက်သက်အကူအညီနဲ့ လရိပ်ကိုဆေးရုံတင်မည်ဟု အကြောင်းပြပြီး ရန်ကုန်အထိ ခိုးပြေးမည်။ ရန်ကုန်မှသည် လိုသလိုနိုင်ငံခြားအထိ ထုတ်မည်ဖြစ်ကြောင်း သိလိုက်သည်။ ရအောင်လုပ်မည်။ မန်နေဂျာကိုယွာမိုးနှင့်ကိုကြေး ခေါင်းချင်းဆိုင်တိုင်ပင်ကြသည်။

မန်နေဂျာလေးက. .

"ကျွန်တော်ကြိုးစားကြည့်ပါ့မယ်၊ ချက်ချင်းဝယ်လို့တော့ ရ,မရမသိဘူး လက်ထဲကို အကောင်းဆုံး AMBULANCE တစ်စင်း မြန်ဆုံးရောက်လာဖို့ပဲ မဟုတ်လား. ."

မန်နေဂျာလေသည် တယ်လီဖုန်းလမ်းညွှန်စာအုပ်ကြီး ရှေ့ချ၍ ဖုန်းနံပါတ်မျိုးစုံကို နှိပ်ပါတော့သည်။ အချစ်သမားမို့ အားကိုးမာန်တက် ရှိလှသည်။

ထူးအောင်ထက်ကလည်း ဒေါက်တာသက်သက်ဆီ ဖုန်းဆက်ပြီး သူ့အကြံအစည်နှင့် ဒေါက်တာသက်သက်၏ အကြံပေးချက်များကို ဆွေးနွေးတောင်းခံနေသည်။

"အဲ့ဒီနည်းလမ်းပဲရှိပါတော့တယ် ဒေါက်တာရယ်၊ ကျွန်တော့်ချစ်သူ သေလို့မဖြစ်ဘူး. . သူ့အတွက် ကျွန်တော့်ဘဝကိုနှစ်ပြီး ဗိမာန်တစ်ခု တည်ဆောက်ထားတာ. . သူဟာ ကျွန်တော်တို့ဗိမာန်ကြီးရဲ့အခြေခံအုတ်မြစ်ဖြစ်ပါတယ်. ."

ဒေါက်တာက သူ့ဘက်က အစွမ်းကုန်ကူညီမည်၊ ယခုသူ လူနာကြည့်ရန် ထိုအိမ်သို့သွားရတော့မည်။ အကျိုးကြောင်းဖုန်းပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မည်ဟု အကြောင်းပြန်သည်။ AMBULANCE ကား ရပါက အသေးစိတ် ထပ်မံတိုင်ပင်ကြမည့်အကြောင်းပြောပြီး ဖုန်းချသွားသည်။

ကိုကြေးနဲ့မန်နေဂျာလေးလည်း တယ်လီဖုန်းတစ်ခုချိတ်မိသည်။ မန်နေဂျာက ကိုကြေးကိုဖုန်းပေးသည်။

"ဟုတ်ပြီ. . ရန်ကုန်ကိုတစ်ခေါက်ထဲ. . တစ်ကြောင်းထဲ၊ ကားပေါ်မှာ နှလုံးရောဂါလူနာအတွက် လိုအပ်သမျှ ပြုစုကုသရေး ဆေးဝါးပစ္စည်းပစ္စယနဲ့ အကောင်းဆုံးသမားတော် အကောင်းဆုံးသူနာပြုပါ အသင့်စီစဉ်ပေးပါ. . ဘယ်လောက်ပေးရပေးရ၊

ကောင်းပါပြီ. . ရရင်ပြန်ဆက်ပါ. . အမြန်ဆုံးနော်၊ ကျွန်တော်တို့ အဲဒီဖုန်းကိုပဲ အရေးတကြီး စောင့်နေပါမယ်ဗျာ. . ကျေးဇူးပါပဲ"

မြို့ကလေးကို ရောက်သည့်နေ့မှစ၍ အအိပ်အစား မမှန်သည့်အပြင် ပြင်းထန်သောစိတ်ဖိစီးမှုဒဏ်ကြောင့် မျက်တွင်းနှင့် ပါးများ ချောင်ကျလာသော ထူးအောင်ထက်ကို အသေအချာကြည့်ရင်း ကိုကြေးရင်ထဲ ပူပင်လာသည်။

"ကိုထူး. . . မင်းမနက်ကတည်းက ဟုတ်တိပတ်တိ ဘာမှ မစားသေးဘူး၊ ရောက်ကတည်းက ညညလည်း မင်း အိပ်ရေးဝအောင် မအိပ်ဘူး၊ မင်း တစ်ခုခုဖြစ်လို့ မရဘူးနော်၊ လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ တစ်ခုခုစားပြီး တစ်ရေးလောက် ဝအောင် အိပ်လိုက်ပါလား"

"အေး. . . ရအောင်တော့ စားမယ်ကွာ၊ အိပ်လို့ရမရတော့ မသိဘူး၊ ငါ သိပ်ညည်းမပြချင်တော့ဘူးကွာ၊ ငါ့ရင်ထဲမှာ ဘာတွေဖြစ်





နေလဲဆိုတာ ငါ့ကိုယ်ငါတောင် တစ်ခါတလေ မသိဘူး"

"ငါ ကြက်သားစွပ်ပြုတ်နဲ့ ပေါင်မုန့်ညို မှာပေးမယ်၊ မင်း ဝအောင်စား. ."

"အေး. ."

အလုပ်တစ်ခုအဖြစ်သာ စွပ်ပြုတ်ထဲ ပေါင်မုန့်တွေစိမ်၍ ဇွန်းနှင့်ကော်သည်၊ ပါးစပ်ဟသည်၊ ဝါးသည်၊ မျိုချသည်၊ နောက်တစ်ဇွန်းကော်သည်၊ ပါးစပ်ဟသည်၊ ဝါးသည်၊ မျိုချသည်၊ ချိုသလား စိမ့်သလား၊ ငန်သလား ပေါ့သလား ဘာအရသာမှ ထိသိမနေပါလေတော့။ ဖျော့တော့ပန်းလျှနေသည့် ချစ်သူမျက်နှာလေးသာ အကြီးအသေး၊ အဝေးအနီး ပုံရိပ်မျိုးစုံအပြင် အာရုံထဲပေါ်နေတော့သည်။

ဖယ်စမ်း. . အဲ့ဒီပုံရိပ်. . ။

အကောင်းဆုံးဆေးရုံကြီးပေါ်မှ လက်တွဲ၍ ပျော်ရွှင်စွာ ဆင်းလာပုံ၊ ပြင်သစ်ပြည်က ပဲရစ်မျှော်စင်ကြီးပေါ် နှစ်ယောက်တွဲ ဓါတ်ပုံရိုက်နေပုံ၊ တဟီးဟီးနှင့် ဟိုနိုလူလူကျွန်းတွင် ski board စီးနေကြပုံ၊ ဆွစ်ဇာလန်က cable နှစ်ယောက်စီး မိုးပျံလှေကားအိမ်ထဲ ချစ်သူပါးလေးကိုနမ်းနေပုံ၊ ဖြူဖွေးသောနှင်းထုထဲ. . အဝတ်စားပွပွကြီးတွေနှင့် Snow Ball ပစ်ဆော့နေကြပုံ၊ နှင်းလျှောစီးရင်း ထပ်၍ လဲကျပုံတွေ. . သူ့အာရုံမှာမြင်လာ၍ သူပြုံးနေမိသည်။

"ဟော့. . ကိုထူး. . စွပ်ပြုတ်တွေအေးကုန်ပြီ၊ ပေါင်မုန့်တွေလည်း ပွကုန်ပြီ၊ မင်း. . ဘာကိုပြုံးနေတာလဲ. . သတိထားကွာ. . အရည်တော့ ကုန်အောင်သောက်ဦး. ."

ကိုကြေးက မသိမသာ ခေါင်းရမ်းခါရင်း စွပ်ပြုတ်ပန်းကန် သူ့ရှေ့အတင်းထိုးပေးသည်။ သူကုန်အောင်သောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်. . ဟိုတယ်အိပ်ခန်းထဲ မဝင်တော့ဘဲ ကိုကြေး ခေါင်းအုံးယူပေးသော ဧည့်ခန်းဆိုဖာပေါ်မှာပင် သူ ပက်လက်လှန်၍ ခဏလှဲနေလိုက်သည်။

မကြာခင်. . အခန်းဖုန်း မြည်လာသည်။ လူနာတင်ကား ရှာနေသောသူထံမှဖုန်းကို အမောတကောစောင့်နေသောကိုကြေး ပြေးကိုင်လိုက်သည်။

"ဟဲလို. . ကျွန်တော်ကိုကြေးပါ။ လူနာတင်ကားကိစ္စလား ပြောပါ. ."

". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

"ဗျာ!!. ."

ကိုကြေး ဆိုဖါပေါ် ဖင်ထိုင်ကျသွားသည်။ ချက်ချင်းမျက်နှာဖြူလျော်သွားပြီးမှ ရဲခနဲ မျက်နှာကြီးချင်းချင်းနီလာပြီး ဖုန်းကို ဂလောက်ခနဲချလိုက်သည်ကို အိပ်ချင်ယောင်ဆောင်ရင်း မျက်လုံးမှေး၍ ခပ်စောင်းစောင်းကြည့်နေသောသူက မြင်နေရသည်။

"ဘာလဲကိုကြေး . . ဘယ်ကဖုန်းလဲ. ."

ကိုကြေး သူ့ကိုအလန့်တကြားလှမ်းကြည့်ရင်း. . ငိုသံကြီး ဘယ်လိုမှထိန်းမရတော့ဘဲ. .

"သွားပြီကိုထူး. . အဟီးဟီး အခုပဲလရိပ်ကလေး တိမ်အုပ်သွားပြီတဲ့ ဒေါက်တာသက်သက်ဆက်တာ. ."

"ဟင်!!. ."

သူ၏မြင့်မားသော နန်းပြသာဒ်ကြီး အနေ့းပြန့်၍ တစ်စစီ တစ်စစီ. . တစ်စစီ. . အိပြိုကျလာနေသည်။ အို. . နန်းပြသာဒ်ကို





အုပ်မိုးနေသော တိမ်တွေပါ အိ၍ပြိုကျလာနေပါလား. . ၊ ထိုမှမက ဟင်းလင်းပြင်ကြီးပါ. . ဖြည်းဖြည်းချင်း အိပြို၍ လိုက်ပါလာနေပါကောလား။ အလို. . ဤသည်ကိုပင် တစ်ကိုယ်စာကမ္ဘာပျက်ခြင်းဟု ဆိုရတော့မည်ထင်သည်။

အာသံလည်းမထွက်. . . သေချာသွားပါပြီ. . .

အသံမပါကမ္ဘာပျက်ခြင်း. . . ။

ဟင်းခနဲတစ်ချက်သာ အာမေဋိတ်သံ ပါးပါးလေးထွက်လာပြီးနောက်. . ငိုမလား ပေါက်ကွဲမလား ဘာပြောမလဲဟု စောင့်ကြည့်နေသော ကိုကြေးနှင့်မန်နေဂျာလေးတို့ (မိနစ်ပေါင်းများစွာကြာအောင် မျက်နှာ၌ ဘာခံစားချက်မှ ဖေါ်မပြဘဲ) ငြိမ်သက်စွာ ထိုင်နေသော သူ့ကို(သူ့လိုပင်)ငြိမ်သက်စွာ ထိုင်ငေးနေဖြစ်သည်။

လေရှူးသုန်သုန်ဝတ္ထုထဲကဇာတ်ကောင် "ဟိကလစ်" နှင့်တော်ထဲ တစ်ညဉ့်လုံး မတ်တတ်ရပ်နေသလိုမျိုးပင် အကြာကြီးကြာမှ သူ့နှုတ်ခမ်းက စကားလုံးအနည်းငယ် ထွက်ကျလာသည်။ ချွန်ရှနေသောစကားလုံးများ. . . ။

"သူစောင့်နေမှာ ငါသိတယ်၊ ငါ သူ့ကိုတွေ့ချင်တယ်"

အေးဆေးတည်ငြိမ်သော အမူအရာနှင့်. . . သြဇာရောင်အာဏာပါ ပြည့်ဝနေသောအသံဖြစ်နေသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလိုပဲ ခံစားနေရတယ်အဘရယ်. . ကျွန်တော့်ချစ်သူကို ဖြစ်တဲ့နည်းနဲ့ ကျွန်တော်တွေ့ချင်နေတယ်၊ နောက်ဆုံး အဘရယ်. . ချစ်သူ သူကြားသည်ဖြစ်စေ မကြားသည်ဖြစ်စေ တိုင်တည်စကားတွေ ဝအောင်ပြောပြီး သူ့မျက်နှာကို နောက်ဆုံးဇာနေနဲ့ဝအောင်ကြည့်ပြီးရင်. . ကိုလင်းလွန်းရဲ့ပုဆိန်ချက်ကို ကျွန်တော်ပြုံးပြုံးကြီး ဇက်ထိုးခံသွားမယ်. ."

အဘဦးတင်နွယ် သက်ပြင်းကြီး မှုတ်ထုတ်လိုက်သည်။

ပေါ်လစ်တင်နေသော ကျွန်းသားခေါင်းတလားကို လက်စသပ်လိုက်ရင်း. .

"သေခြင်းတရားဟာ လူသားတိုင်းရဲ့ ဂိတ်ဆုံးပါ. . သား၊ ဘယ်သူမှ ရှောင်ရှားလို့မရပါဘူး၊ အေး. . နေရတုန်းအချိန်လေးမှာ အကောင်းဆုံးနေသွားတတ်ဖို့ပါပဲ၊ အကောင်းဆုံးနေနည်းကတော့ နေ့တဓူဝ အလုပ်နှစ်ခုပဲလုပ်တဲ့လူသားဟာ လုပ်ချင်တာလုပ်တယ်၊





လုပ်သင့်တာလုပ်တယ်. .၊ အေး. . မှုလုပ်. . ဒါဘုရားဟောတဲ့အလယ်လမ်းပဲ. . သား၊ အဘစကားကို လင်းလွန်း နားမထောင်တာကြာပြီ၊ အဘလည်း သူ့အပေါ် ဥပေက္ခာတရားနဲ့ပဲ ဆက်ဆံတော့တယ်၊ သား အဘစကား နားထောင်မယ်ဆိုရင်တော့ သားချစ်သူကို နောက်ဆုံးတွေ့ရအောင် အဘကူညီမယ်၊ ဒီလိုလုပ်. ."

နောက်တစ်နာရီခန့်ကြာသောအခါ ထူးအောင်ထက်ရုပ်သွင်မှသည်. . အဘဦးတင်နွယ်လက်တိုလက်တောင်းခိုင်းနေကျ (ပိုလီယိုထောင့်သန်းရောဂါရှင်)မောင်ဝမ်တိန်အဖြစ် အထူးမျက်နှာဖုံး၊ အထူးမိတ်ကပ် အကူအညီဖြင့် ပြောင်းလဲလိုက်နိုင်သည်။

"သား. . မင်းဟာ အခု ထူးအောင်ထက် မဟုတ်တော့ဘူးနော်. . ဝမ်တိန်ဖြစ်သွားပြီ၊ ဝမ်တိန်ဟာ လရိပ်သေတာကို ဘယ်လိုမှ မနေသူ ဖြစ်တယ်. ."

ခပ်ငယ်ငယ်ကတည်းက ဝမ်တိန်နှင့်အတူ ဆော့ကစားကျီစယ် ခင်မင်လာသဖြင့် ဝမ်တိန်အမူအရာနှင့်ဟန်ပန်ကို. . သူ အလွတ်ရနေခဲ့သည်။ နည်းနည်းတော့ ခက်သည်ပေါ့။

"ဟိုရောက်ရင်. . အဘ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပါ၊ ပြန်ဖို့မျက်ရိပ်ပြတာနဲ့ ပြန်ရမယ်နော်၊ ပြဿနာဖြစ်ရမယ့် အချိန်အခါမဟုတ်ဘူးဆိုတာ မြဲမြဲသတိချပ်ထား၊ လင်းလွန်းလည်း သူသိပ်ချစ်တဲ့နှမလေး ဆုံးရှုံးထားလို့ မီးတောက်လို လူးလွန့်နေသူလေ၊ လုပ်သင့်တာတွေ အများကြီးရှိသေးတယ် သား"

"စိတ်ချပါ အဘရယ်၊ သားမျက်ရည်မကျအောင် ငိုပါ့မယ်"

နှစ်ယောက်သား ခေါင်းတလားကို ဆိုက္ကားပေါ် မတင်၍ လိုအပ်သလို ချည်နှောင်လိုက်ကြသည်။ ဝမ်တိန်က ဆယ်ရီယာခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ထိုင်ရန်ဖြစ်သည်။ ဝမ်တိန်အစစ်ကိုတော့ အဘအိပ်ခန်းထဲ ထမင်းပွဲနှင့် သော့ပိတ်ထားခဲ့ကြသည်။

"ကလင်!. . ကလင်!. . ကလင်!. . ကလင်!. . "

မြင်မြင်သမျှဆွဲ၍ ပုဆိန်နှင့်လွှဲခုတ်ထားသဖြင့် တစ်ခြံလုံး ပွစာကြဲနေပြီ။ ခြံဝနားက ပျဉ်းမပင်ဆီ. .

"ဝှီး!. . ဝှစ်!. . ဝှစ်!. . ဒုတ်!. . "

လက်ဆမှန်လွန်းသော ပုဆိန်က အသွားဘက်မှပင် လာဝင်စိုက်သည်။ လက်အိတ်လက်နှင့် ပုဆိန်ကိုဆွဲနုတ်ပြီး ခြံဝကိုကျောပေး၍ ရပ်နေသည်။

"ကလင်!. . ကလင်!. . ကလင်!. . ကလင်!. . "

ခြံတံခါးနှင့်လင်းလွန်း သိပ်မဝေးသော်လည်း အဘဦးတင်နွယ်ဘဲလ်တီးသံကို ရုတ်တရက်ကြားပုံမပေါ်ပါ။

"ကြည့်စမ်းသား. . ဒေါသအားက. . အင်မတန်ပါးတဲ့ သူ့နားကို ထူပေးထားနေပုံ"

အဘကသူ့ကို ခပ်တိုးတိုးကပ်ပြောရင်း ဆိုက္ကားပေါ်မှ ဆင်းလိုက်သည်။

"သား. . မောင်လင်းလွန်း သားမှာထားတဲ့ ခေါင်းတလား လာပို့တယ်. . "

သာမန်အသံ Tone နှင့် ပြောလိုက်ခြင်းပါ. . ကြားနိုင်သူတို့အဖို့တော့ ကီလိုဝပ်အားများသော မေတ္တာတရားပါကြောင်း ခံစားနိုင်ပေလိမ့်မည်။ လင်းလွန်း လည်ပင်းကြီးလှုပ်၍ ခေါင်းကြီးလည်လာသည်။ ကိုယ်ကိုချာခနဲလှည့်၍ ရှေ့တစ်လှမ်းတိုးလာသည်။

အဘနဲ့သူ့ကို(ဝမ်တိန်) စူးခနဲစိုက်ကြည့်သည်။





"အဲ့ဒီမှာပဲ ချထားခဲ့. . ၊ ခုချိန်မှာ ခြံထဲကိုဘယ်သူမှအဝင်မခံဘူး၊ အဘမကလို့ အဘရဲ့အဘိုးဖြစ်ဖြစ်. . "

ကြည့်စမ်းသူ့အပေါ် မေတ္တာတရားအပြည့်ထားတဲ့ ဆရာသမားကိုတောင်. . ဝမ်တိန်လေး မေးကြောတင်သွားသည်ကို အဘမြင်သည်။

"လာသား ခေါင်းတလားကိုချထားပြီး ပြန်ကြရုံပဲ. . "

ခေါင်းတလားကို နှစ်ယောက်သားမချအပြီး သံတံခါးကြားမှ အိမ်ကြီးဆီ ဝမ်တိန်လေး ငေးကြည့်နေသည်။ မျက်ရည်က ဝဲလာသည်။ မေတ္တာရေတစ်ခွက်ပင် ပက်မဝင်သော မီးတောက်ကြီးက ဝမ်တိန်ကိုလှမ်းကြည့်နေကြောင်း အဘမြင်လိုက်သည်။

"ဟော့. . ဝမ်တိန် ပြန်မယ်. . "

အဘဝမ်တိန်ကို သတိပေးမြန်၍သာ. . .

နောက်တစ်မျိုးကြိုးစားဦးမယ် လရိပ်လေးရေ. . .

မောင် ရအောင်လာတွေ့မယ်. . .

"ကလင်!. . ကလင်!. . ကလင်!. . ကလင်!. . "

"ဝှီး!. . ဝှစ်!. . ဝှစ်!. . ဝှစ်!. . ဒုတ်!. . "

"အ!. . အ!. . အာ!. . အ!. . အာ!. . "

ချိုလွင်သာယာသော ခေါင်းလောင်းသံလေးကို တအာအာအော်မြည်သော ကျီးကန်းသံတွေက ဖုံးအုပ်သွား၏။ ဒုတ်ခနဲလာစိုက်သော ပုဆိန်၏တုန်ခါမှုက ပင်စည်မှသည် လက်ဖပင်ကိုင်းဖျားထိ လှုပ်ခတ်သွား၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**“ဒေါက်!. .** ဒေါက်!. . ဒေါက်!”

“ဘယ်သူလဲ. .”

“ကျွန်တော်ပါ ကိုထူး. . မန်နေဂျာပါ ခဏတွေ့ပါရစေ”

“ကျွိ!. .”

“ကိုထူးနဲ့ကိုကြေး အခုန. . အောက်ကိုဖုန်းဝင်လာတယ်၊ မိတ်ကပ်အလှပြင်တဲ့လူ တစ်ယောက်တည်းလိုချင်တယ်တဲ့၊ ဘယ်လောက်ပေးရပေးရ အကောင်းဆုံးရှာပြီး လွှတ်ပေးစမ်းတဲ့. . ကိုလင်းလွန်း ဖုန်းဆက်တယ်၊ အဲဒါ. . နောင်တော်တို့ သိသင့်တယ်ထင်လို့ လာပြောတာ”

“ကျေးဇူးတင်လိုက်တာ မန်နေဂျာရယ်”

“ကဲ. . ကိုကြေးဘယ်လိုလုပ်ကြမလဲ”

သူတို့ ခဏကြာအောင် စဉ်းစားနေကြသည်။

“ကိုထူး. . . မင်း မိန်းမလိုရုပ်ဖျက်သွားပြီး အလှပြင်ပေးမယ်လို့ စိတ်ကူးနေတယ် မဟုတ်လား”





“ဒါပဲလေကွာ. . ငါ့ချစ်သူကို နောက်ဆုံးမြင်ခွင့် ကြည့်ခွင့်က ဒီတစ်လမ်းပဲ ရှိတော့တာကို၊ ငါ့ပညာနဲ့ငါ အလှဆုံး ယုယုယယ ပြင်ပေးချင်တယ်”

ကိုကြေးခေါင်းယမ်းရင်း ထူးအောင်ထက်ပခုံးကိုဖက်သည်။

“မင်း ခေတ်မီနည်းပညာတွေနဲ့ ရုပ်ဖျက်တတ်တာကို. . ဒီကောင်ရိပ်မိနေလောက်ပြီ၊ မူးလည်းမူး ရူးလည်းရူးနေတာဆိုတော့ မိသွားရင် မဖြစ်သင့်တာတွေ ဖြစ်လာလိမ့်မယ်”

“ငါ့ချစ်သူနဲ့တွေ့ပြီးရင် အသေခံလိုက်မယ်ကိုကြေးရာ. .”

“မဟုတ်သေးဘူး ကိုထူး. . တို့ရှုံးပြီးပြီ၊ တို့ဘက်က ထပ်ပြီးအရှုံးမခံနိုင်တော့ဘူး၊ ငါ့အစီအစဉ်ကို ဒီတစ်ခါမင်းလိုက်နာပေးကွာ. . ဒီလိုလုပ်မယ်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .”





www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၄)

**မ**နက်ပိုင်း. . .

"မိတ်ကပ်ပြင်ဖို့ မန်နေဂျာလွှတ်လိုက်တာလား. ."

"ဟုတ်ပါတယ်. ."

မိတ်ကပ်ပညာရှင်နှင့် အဘဦးတင်နွယ်ကို လင်းလွန်းတံခါးအတွင်းမှ သေသေချာချာ စူးစိုက်ကြည့်နေသည်။ မိတ်ကပ်ဘူးကိုတိုင်၍ ဆိုက္ကားပေါ် ထိုင်နေသော အလှဖန်တီးရှင်ကို ခြေစခေါင်းဆုံးကြည့်၍. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့၊ မန်နေဂျာဆီ ဖုန်းဆက်ကတည်းက မိတ်ကပ်ဆရာတစ်ယောက်တည်းလို့. . ကျုပ် အသေအချာ ထည့်ပြောထားခဲ့တယ်၊ ကန်တော့ပါ. . အဘဦးတင်နွယ်အဘကို ဝင်ခွင့်မပေးနိုင်ပါဘူး. .၊ အမျိုးသမီး ထိုက်ထိုက်တန်တန် ပေးမှာပါ ဆန္ဒရှိရင်. . ဝင်ပါ. . ပြင်ပါ. . "

"ကျွို!. . "

မိတ်ကပ်ဆရာမက အဘဦးတင်နွယ်ကို တစ်ချက်လှမ်းကြည့်သည်။ အဘက ခွင့်ပြုကြောင်း ဝင်ဟူသော မျက်ရိပ်ပြသည်။

"မောင်လင်းလွန်း. . လရိပ်ဟာ အဘသမီးလေးလို ချစ်ရတဲ့တပည့်မလေးပဲ. . အဘသူ့နောက်ဆုံးအချိန်တွေမှာ ကြည့်ရှုခွင့်မရတော့ဘူးလားကွယ်. . "

"ဘယ်သူ့ကိုမှ ကျုပ်မယုံနိုင်ဘူး၊ ဟိုကောင်ငထူး. . မိန်းမဥာဏ်တွေ. . အကောက်ဥာဏ်တွေ အကုန်ထုတ်သုံးနေမှာကို ကျုပ်ရိပ်မိနေတယ်. . ရုပ်ရှင်ဆန်ဆန်တွေ အပြင်မှာတကယ်လုပ်လာရင် ရိုးရိုးပဲသိတဲ့ ကျုပ်ခံသွားရလိမ့်မယ်. .၊ အတုဖြစ်နိုင်တဲ့အဘ. . အဲဒီစည်းက မကျော်ပါနဲ့. . မဝင်နဲ့. . ဆရာသမားမကလို့ သိကြားမင်းလည်း မရဘူး ကျုပ်ကရူးနေတာ၊ နေရတာနဲ့ သေရတာနဲ့ သိပ်လည်း မထူးတော့ဘူး. . "

"ဒီမယ် မောင်လင်းလွန်း. . ငါဟာ မင့်ဆရာတင်နွယ်အစစ်ပါကွဲ့၊ ထွက်စမ်း. . မင်းကြိုက်သလိုစစ်စမ်း. . "

အဘကို လင်းလွန်းအသေအချာ စိုက်ကြည့်သည်။ မထိမဲ့မြင်ပြုံးသည်။

"အဘ. . အစစ်လား အတုလားတော့ မသိဘူး၊ ကျုပ်စိတ်





လျှော့ထားတာနော်. . ကျုပ်နှမလေး အလှပြင်နေလို့ ဟိုတစ်ခါဟိုကောင် အဘယောင်ဆောင်ပြီး လာသွားတာကို ကျုပ် နည်းနည်းလေး နောက်ကျပြီးမှ သိလို့ နို့မို့ ပွဲချင်းက အဲ့ဒီမှာတည်းက ပြီးနေပြီ"

အဘကဘာမှမပြောဘဲ လင်းလွန်းကို သနားစဖွယ်သတ္တဝါတစ်ကောင်လို ခပ်ပြုံးပြုံး ကြည့်နေသည်။

ဤအခင်း အစအဆုံးကို ရင်တမမကြည့်ရင်း မျက်ကလဲဆန်ပျာဖြစ်နေသူက ရှိပါသည်။ ခြံဝင်တံခါးဘေး အုပ်ရိုးနား၌ ဆိုင်းထမ်းလေးချကာ စောစီးစွာရောက်ရှိနေခဲ့သော ကိုကြေးဖြစ်ပါသည်။ အဘအို အသွင်အပြင်အပြည့်နှင့် ဖြစ်သည်။ ဒါ. . သူရေးသော ဇာတ်ညွှန်းဖြစ်သည်လေ။ သူ့ဇာတ်ကောင် ကိုထက်က 'ငါတင်နွယ်အစစ် ခြံအပြင်ထွက်ပြီးလာစစ်'ဟု စိန်ခေါ်နေပြီ၊ ပြဿနာတော့စပြီ။ သူ ထမ်ပိုးကိုင်ရမလား၊ လေးခွကိုင်ရမလား။ ကြံရာမရ၍ ကုန်းအော်ရတော့သည်။

"တို့ဟူးသုပ်. . ရှောက်သီးသုပ်. . ဟင်းခါး၊ တို့ဟူးသုပ်. . ရှောက်သီးသုပ်. . ဟင်းခါး. .၊ ခါးလိုက်သမှ အလွန်ခါး. . ဟင်းခါး"

ကျွိုခနဲ တံခါးဖွင့်သံကြားပြီး ပုဆိန်ကြီးဝင့်၍ ထွက်လာသော မီးတောက်မီးလျှံကြီးလင်းလွန်း မားခနဲ ဟင်းခါးကို အပေါ်စီးမှ ကြည့်သည်။ ပြီးမှ အဘဦးတင်နွယ်အသွင်ဆောင်ထားသော ကိုထူးဘက်လှည့်ပြီး. . .

"ကဲ. . အဘဦးတင်နွယ်အစစ်ဟာ ဘယ်လိုမှလိမ်လို့မရတဲ့ အမှတ်အသားရှိတယ်၊ မဟုတ်ရင်တော့ ဒီနေ့ဟာလူလိမ်တွေရဲ့ မဟာပြဿဒါးနေ့ပဲ"

တဂိုဂိုအော်အောင်ပင် ပုဆိန်ကိုဘယ်ညာလှည့်ပတ် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း အရက်နံ့က ဝန်းကျင်တစ်ခုလုံး ထောင်းထောင်းထသွားသည်။

ကိုကြေးနှင့်လေးငါးဆယ်ပေခန့် လှမ်းနေပြီး ကျောပေးထား သဖြင့် ဆိုင်းထမ်းထဲဝှက်ယူလာသော လေးခွကို အသာဆွဲထုတ်၍ လောက်စလုံးကို လက်ထဲအသင့်ဝှက်ကိုင် ထားလိုက်သည်။

"ကဲ. . အဘဦးတင်နွယ်အစစ်ဟာ ပေါင်မှာထိုးကွင်းရှိ တယ်. . အိမ်မြှောင်နဲ့ကြောင်ရုပ်ရှိတယ်၊ ကဲ. . ပေါင်လှန်ပြ"

ကိုကြေးတို့ ဘယ်လိုမှပြင်ဆင်မလာသော ပျော့ကွက်ကို လင်းလွန်းက ဒက်ခနဲမေးနေပြီ။ ပုဆိန်ကို အသင့်မြှောက်နေပြီ. . ကိုကြေး လေးခွနဲ့ နောက်စေ့ကို ဦးအောင်ဆွဲပြီး ထမ်းပိုးနှင့် ရိုက်လှဲ့ သိပ်မှ ဖြစ်တော့မည်ဟု ယတိပြတ်ဆုံးဖြတ်ပြီး ကိုထူး(အဘဦးတင် နွယ်)ကို မျက်ရိပ်ပြလိုက်သည်။ အဘက ခပ်အေးအေးပင် မဲ့တဲ့တဲ့ ပြုံး၍ ပုဆိုးအောက်စကိုကိုင်ပြီး. . .

"ဟောသမှာ လင်းလွန်း၊ မင်းအဘ. . မင်းဆရာသမားအ စစ်ကွ မင်းမှတ်မိရင် ဒီပြင်မင်းမြင်ဖူးထားတဲ့ ငါ့လိုျ့ဝှက်ချက်တွေပါ တိုက်စစ်လိုက်ဦး. . လခွီးမှပဲ. ."

အဘဦးတင်နွယ်က ခပ်ချဉ်ချဉ်ရှိလာသည်ထင့် လုံချည်ကို လိုသည်ထက်ပို၍ ပင့်လိုက်ပြီး ကိုကြေးကိုပြုံးပြသည်။

"ဟာ. . ကန်တော့ပါ အဘ၊ ဟုတ်ပါတယ် အဘအစစ်ပါ"

ပြောပြီးပြီးချင်း လင်းလွန်းက အဘပြုံးပြရာဖြစ်သော အဘ အိုကို လှမ်းအကြည့်၌ လေးခွကြီးဆွဲ၍ ကြောင်အမ်းနေသော ကို ကြေးတစ်ဖြစ်လဲ အဘအိုကို. . မြင်၍. .

"ဟ. . . လေးခွကြီးနဲ့အဘအို. . ဘာပစ်မလို့လဲ"

"အဲ. . ဟို. . ကျီး. . ကျီးကန်းကွ၊ ငါ့တို့ဟူးတုံး လက်ပံဝင်





ပေါ် ဆွဲပြေးလို့"

တစ်ချက်လှမ်းပစ်လိုက်သေးသည်။

ရွှေး!. . ရွှေး!. . ဟုလည်း. . ကြောင်တောင်တောင် ရှုး ကြောင်ကြောင်နှင့် ထမောင်းရသေးသည်။

"အဘအစစ်ပါပဲ၊ ဒါပေမယ့်. . . ဝင်ခွင့်တော့ ဘယ်သူမှ မပေးနိုင်တာ နားလည်ပေးပါ"

ဂျိန်းခနဲ တံခါးပြန်ပိတ်၍ ခြံဝင်းသော့ခတ်ပြီး အိမ်ကြီးပေါ် တက်သွားတော့သည်။

"အဘ. . အဘဦးတင်နွယ်အစစ်လားဟင်"

"ဟုတ်လို့. . အားလုံးလှန်ပြလိုက်တာပေါ့၊ ကံကောင်းလို့ မောင်ကြေးရေ. . မင့်ကောင် ကိုထူးကို လမ်းမှာငါအုပ်မိပေလို့. . သား ကိုထူး. . မင်းဆိုက္ကားပေါ်ကဆင်း. . မင်းနင်းသွားလို့ လုံးဝ မဖြစ်ဘူး ခုဆင်းစမ်းဆိုတာကို မဆင်ဘူးလုပ်နေသေးတာ၊ အရက် တွေ ထွက်ဝယ်ရင်း တင်နွယ်အတုရဲ့အလောင်းကို လာကောက်ကြ လို့ လင်းလွန်းပြောသွားတယ်တဲ့၊ ဝမ်တိန်က ကြားကြားချင်း ငါ့လာ ပြောလို့. . ငါနောက်ကအပြေးအလွှားလိုက်ပြီး လူပြန်လဲလိုက်ရတာ၊ မင့်ပုံစံအတိုင်း. . . ခုလောက်ဆို သွေးချောင်းစီးနေပြီ"

ဇာတ်ဆရာကိုကြေး ခုမှပင် သက်ပြင်းချရင်း ဖင်ထိုင်ခုံလေး ပေါ် ဖင်ပါပြန်ကျသွားရရှာသည်။

"သည်းထိတ်ရင်ဖိုပါလားကိုထူးရေ. . ငါပါရူးတော့မယ် ထင်ပါရဲ့. . ဟဲ့. ."

စိတ်ပူစရာက အိမ်ပေါ်မှာ ရှိနေသေးကြောင်းနှင့်ယောက် သားတွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုထူးရော အဘ"

"နီးရာအိမ်မှာ မိတ်ကပ်ဝင်ဖျက်ခိုင်းပြီး ဟိုတယ်ပြန်ခိုင်းလိုက်ပြီ"

"ဟူး!. ."





နေ့လယ်ပိုင်း

"ဝေါင်း!. . ဝုန်း!. . ကျွီး!. . ဂျိန်း!. . "

ခြိတံခါးရှေ့ရှိနေသော ရပ်ဆွေရပ်မျိုးတစ်စု ရှဲခနဲ နောက်လှန်သွားကြသည်။ ခြံတံခါးကို ခြေနှင့် အားကုန်ကန်ဖွင့်လိုက်သော လင်းလွန်း. . ပခုံးပေါ်တွင် ညီမအလောင်း ခေါင်းတလားကိုထမ်းထားသည်။ ဘယ်လက်နှင့် ထိန်းထားသည်။ လက်ရွဲတော် လူနီပုဆိန်ကြီးက ညာလက်တွင် လက်လက်ထနေသည်။

ပုဆိန်ရောင် တလက်လက်၊ မျက်ထောက်နီကြီး တလက်လက်နှင့် မီးတောက်ကြီး ထွက်လာလေပြီ။

"ဖယ်ကြ တစ်ယောက်မှအနားမကပ်နဲ့ ကျုပ်နှမအလောင်း ကျုပ်ကိုယ်တိုင်ထမ်းပြီးချတယ်၊ မကပ်နဲ့ဆို မကပ်နဲ့. . ကျုပ် ဘယ်သူမှမယုံဘူး. . "

ခေါင်းတလားကြီး ဝေ့ခနဲလည်သွားအောင်ပင် ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်ဘေးဘီကို ပုဆိန်နှင့်ယမ်းရင်း ဝိုက်၍ကြည့်လိုက်သေးသည်။ သူရဲသူဘက်စီးနေသလားဟုပင် ဘေးအမြင်၌ ထင်နေကြ၏။

“ဖယ်ကြ အဲ့ဒီလူအုပ်ထဲမှာ ကျုပ်ရန်သူတွေ ရှိကိုရှိနေတာ ကျုပ်သိတယ်၊ ဖယ်လို့ပြောနေရက်နဲ့ ကျုပ်လမ်းကြောင်းပေါ် . . လာ ပိတ်လို့ကတော့ ငယ်ထိပ်ဟက်တက်ပဲ . . ဖယ်ကြ . . ”

အသုဘလိုက်ပို့ရန်လာကြသူများ ပွဲကြည့်ပရိသတ် အလိုလို ဖြစ်သွားပြီး နောက်ဘက်ခပ်လှမ်းလှမ်းမှ ဘာဖြစ်မလဲ . . ဘာများ ဖြစ်မလဲဟု နေပူပူ ဖုန်ထူထူကြီးထဲ သဲသဲမဲမဲ ပါလာကြသည်။

နွေနေသည် သက်ရှိသက်မဲ့အရာဝတ္ထု မှန်သမျှကို တံလျှပ် တွေထနေအောင် ယိမ်းထိုး၍ လျှပ်ခါပူပြင်းနေ၏။ အပူလှိုင်းဖြတ် မည်ဟု ကြေညာထားသည်ကို သိသူတွေပင် ခြံဝသို့ရောက်လာပြီး လမ်းမပေါ်က ဈာပနချခန်း အဆန်းတကြယ်ကို သူ့ထက်ငါ ငေး မောနေကြ၏။ ပင့်သက်လှိုက်အောင်ပင် တုန်ရှိုက်နေကြ၏။

နေ့ခင်းကြောင်တောင် ခွေးတစ်ကောင်ကစ၍ အူလိုက် သည်။ ရာဇဂြိုဟ်ပြည်ကြီးပျက်ခါနီး အူလိုက်သော ခွေးနက်ကြီး၏ အသံလိုပင် လူသတ္တဝါဝေနေယျအားလုံး၏ရင်ကို ထိမှန်ကုန်၏။

အခြား . . ကြားကြားသမျှ သုနက္ခ(ခွေး)အပေါင်းကလည်း သောင်းသောင်းဖြဖြ လိုက်အူကြသဖြင့် အပူပေါ် အပူဆင့်နေသော သွေးပျက်ဖွယ်မြင်ကွင်းကြီးသည်။

တုန်လှုပ်ခြောက်ခြားဖွယ် နောက်ခံဂီတသံ ထည့်ထားသလို ဖြစ်နေတော့သည်။

“ဖယ်ကြ . . အားလုံးနားထောင်ကြ၊ ငါ့ညီမကိုသတ်တဲ့ ကောင် ငါ့ရင်နှစ်ခြမ်းကို ပြန်းပြန်းကွဲအောင်လုပ်တဲ့ကောင် . . ငါ





ညီမမြေချပြီးရင် . . မင်းကိုမြေချမယ်ကွ၊ ဒီနေ့ဟာ မင့်ပြုသဒါးနေ့ ရှေကဖယ် . . အကုန်ခုတ်မှာနော် . . ”

ရပ်မိရပ်ဖတွေလည်း ဘယ်လိုမှ နားချမရလောက်သော သူ၏ကိုယ်ပိုင်အခွင့်အရေးမှ ပို၍ဆိုးရွားမလာအောင် သည်အတိုင်း ကြည့်နေကြရပြီထင်သည်။ အရှိန်အဝါကလည်း ရှိခဲ့သည့်အပြင် မူရှုံးရုံမက . . ပေါက်ကွဲရှူးသွပ်နေသူကို မတားဆီးရဲခြင်းလည်း ဖြစ် သည်။ အဓိက လက်ထဲမှပုဆိန်ကြီး။ ရှေ့ကဝင်ရှုပ်လျှင် တကယ်ပင် ခုတ်ပိုင်းချတော့မည့် အခြေအနေဖြစ်သည်။

ဤသို့ဖြင့် . . တစ်စ . . တစ်စ . . သုသာန်တစပြင်ထဲ . . ခေါင်းတလားတစ်လုံး ပုဆိန်တစ်လက်နှင့် သွေးပျက်နေသော ဟုန်း ဟုန်းထမီးတောက်ကြီး လူးလွန့်ဝင်လာလေသည်။

“ညီမလေး . . ရေ့ . . ”

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း. . .

တစပြင်သည် နှစ်ဆငြိမ်သက်နေ၏။ အုတ်ဂူကိုအချောကိုင်နေသော သက်ရှိလူသားနှစ်ဦးသာ သက်မဲ့တွေကြား အသက်ဝင်နေကြသည်။ နှစ်ဦးသား ဘေးဘီပတ်ဝန်းကျင်ကို သေသေချာချာလှည့်ပတ်အကဲခတ်လိုက်ကြသည်။ တစ်ယောက်ကလေသံနှင့်. .

"ငါကတော့ မလုပ်စေချင်ဘူး. . ဘာမှအကျိုးထူးလာစရာအကြောင်းမရှိဘူး ကိုထူး. .၊ မင်းလည်းအရမ်းပင်ပန်းနေပြီ ဒီအတိုင်းထားလိုက်ပါတော့ကွာ. ."

"ငါ့ချစ်သူ အရမ်းမွန်းကြပ်နေရှာပြီကွာ၊ ငါ့ချစ်သူလေးကို နောက်ဆုံးအနေနဲ့ ငါကြည့်ချင်သေးတယ်၊ ပြောစရာတွေလည်း ရှိသေးတယ်. . ဘယ်သူမှလည်း မရှိတော့ဘူး ဖွင့်မယ်ကွာ. ."

ပြောပြောဆိုဆို အုတ်ဂူခေါင်ရင်းနံရံကို လက်ဖြင့်ပင် ကုတ်ဖဲ့၍ဖွင့်တော့သည်။ ခေါင်းရင်းနံရံ ပြိုကျသွားသောအခါ ခေါင်းတ





လားကို မ၍ ညင်ညင်သာသာ ဆွဲထုတ်သည်။ မနေ့ကဆုံးသည်ယနေ့ဂူသွင်းသည်မို့ ဘာအနံ့အသက်မှ ရှိမနေသော ခေါင်းတလားအဖုံးကို တူရွင်းပြားနှင့်ကော်၍ ဖွင့်လိုက်သည်။

သေပန်းပွင့်ခြင်း၏ အကောင်းဆုံးပြယုဂ်အလှ။

သောကကင်းစွာ၊ ဝေဒနာကင်းစွာ၊ အတ္တမာန်မာနကင်းစွာအိပ်မောကျနေသူလို လှပအေးချမ်းသော ချစ်သူ၏မျက်နှာလေး. . ပန်းတွေကြားမှာ. . .

"ရွှေမှုန်ကင်းအဖြစ် ဦးခေါင်းပေါ်မှာထားဖို့ မောင် သမာအာဇီဝနဲ့ ပင်လယ်ရပ်ခြားစွန့်စားပြီး သွားရှာဖွေခဲ့တာပါကွယ်. .၊ မာနတရားတစ်ခု ပူးကပ်ပါသွားခဲ့ပါတယ်ချစ်သူရယ်. . မင်းအစ်ကိုကို မာနနဲ့ပေးခဲ့မိတဲ့ ကတိစကားကြောင့်. . မောင်အဆက်အသွယ်ဖြတ်သလို ဖြစ်ခဲ့ရတာပေါ့. . မောင်အသန့်ရှင်းဆုံး နေထိုင်ခဲ့တယ်ဆိုတာတောင်မှ သိမသွားရှာတဲ့ချစ်သူရယ်. ."

ချစ်သူမျက်နှာပေါ်သို့ သူ့မျက်ရည် တစ်ပေါက်ပေါက်ကျနေသည်။ ပါးပေါ် နဖူးပေါ်မှ မျက်ရည်တွေကို သူ့လက်နှင့်တဖွဖွသုတ်ပေးနေမိသည်။ ချစ်သူကို ခေါင်းတလားထဲက ဆွဲထုတ်၍ ပွေ့ချီနေသေးသည်ဟု ထင်ယောင်ထင်မှားစိတ်နှင့် ရင်ခွင်ထဲပွေ့ဖက်ထားမိသည်။

ဤမြင်ကွင်းကို မခံစားနိုင်တော့သော ကိုကြေးက ရှောင်ထွက်သွားခဲ့ပြီဖြစ်သည်။

"အေး. . မင်းမရှိရင်. . မောင်ဘယ်လိုမှ နေလို့မရဘူးဆိုတာ မောင့်ကိုယ်မောင် ပိုသိလာပြီ လရိပ်လေး. . မောင့်ဖြူစင်တည်မှုဟာ မင်းမရှိရင် ဘာအဓိပ္ပါယ်မှကို မရှိတော့တာ ကိုယ်တိုင်ရှင်းခနဲသိ



www.burmeseclassic.com

www.burmeseclassic.com



လာနေပြီ. . ”

ထိုစဉ် ဆိတ်ငြိမ်သက်သော လေကိုခွဲ၍ ကျယ်ကျယ်လောင်လောင်ကြီးပင် ပေါ်ထွက်လာသော အသံရှရှကြီး. . .

“ဝှစ်!. . ဝှစ်!. . ဝှစ်!. . ဝှီး!. . ဒုတ်!. . ”

အုတ်ဂူဘေးက ကုက္ကိုပင်ကြီးပါ ရိပ်ခနဲလှုပ်သွားအောင်ပင် အခေါက်အပွေးထဲ ပုဆိန်သွားက အားနှင့်နစ်ဝင်လာသည်။ ပုဆိန်ကို ဖတ်ခနဲ ပြန်နုတ်လိုက်သောလက်ကြီးနှင့်အတူ ကုက္ကိုပင်ကွယ်မှ ဘွားခနဲ ထွက်လာသည့်လင်းလွန်း။

“ဟော့ကောင် မိပြီ. . ”

ဝင်းဝင်းတောက်နီရဲနေသော မျက်လုံးတွေနှင့်ကြည့်ရင်း သူ့ဆီတစ်လှမ်းချင်း လာနေသည်။ လက်ထဲကပုဆိန်ကို ဆလာပုံကိုက ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အနားရောက်လာမှ သူ အသာအယာကျောပေး၍. . ချစ်သူကို ပန်းတွေခေါင်းအုံးလုပ်ပြီး ခဏချသိပ်လိုက်သည်။

ရင်ဆိုင်၍ ခုခံ,ရန်လုပ်ခြင်း အလျဉ်းမပြုဘဲ၊ ကျောပေး၍ အေးအေးဆေးဆေး လုပ်စရာရှိတာကို လုပ်နေသောရန်သူကို. . . လင်းလွန်း နောက်မှနေ၍ဘယ်လိုမှ ခုတ်ချပစ်ဖို့ မဖြစ်နိုင်တော့ပါလေ။

“ငါ့ညီမအပါအဝင် အပျိုစင်တွေကို ခြေတော်တင်ဖျက်ဆီးနေတဲ့ကောင်. . ဒီနေ့ဟာ မင်းရဲ့နောက်ဆုံးနေ့ပဲ. . ”

သူက ခပ်အေးအေးပင် မတ်တတ်ထ၍ လင်းလွန်းကိုဖြတ်ပြီး ကုက္ကိုပင်အနီးမှာ သွားရပ်နေလိုက်ရင်း. . .

“လူဆိုတာ သူ့ရဲ့နောက်ဆုံးအချိန်မှာ အမှန်စကားကိုပဲ





ပြောသွားတတ်ကြတယ်၊ ဒီအချိန်ဟာ ကျွန်တော်ရဲ့နောက်ဆုံးအချိန်ဖြစ်လို့. . အမှန်စကားကိုပြောခဲ့မယ် အစ်ကိုနားထောင်ပေးပါ. . ”

“ဟော့ကောင် သွေးရူးသွေးတန်းနဲ့ မင်း. . ငါ့ကို အစ်ကိုလို့မခေါ်နဲ့. . ငါ့ညီမနှလုံးရောဂါရအောင်လုပ်တာ. . မင်း၊ ငါ့. . နှမကိုသတ်တာ. . မင်း ၊ မင်းအလှည့်ကျတော့ သေရမှာကြောက်သလား. . ”

ထိုစဉ်. . .

ဂေါ်ပြားကြီးကိုင်၍ လင်းလွန်းနောက်က ချဉ်းကပ်လာသောကိုကြေးက လွှဲရိုက်ရန်အားယူနေပြီ။

“ဟိုး. . မလုပ်နဲ့ကိုကြေး. . နောက်ပြန်ဆုတ်၊ ယောက်ျားကောင်းတွေဟာ ရန်သူဖြစ်ပစေ နောက်ကျောက ဘယ်တော့မှ မလုပ်ဘူး. . ဆုတ်. . ခြုံထဲမှာဖွက်ထားခဲ့တာ သွားယူလာပါ. . ၊ ငါပြောတာကိုလုပ်ပါ. . ”

ကိုကြေး ဂေါ်ပြားပစ်ချ၍ နောက်ဆုတ်ရင်း ပျောက်ကွယ်သွား၏။

ကျနေသည်. . အုတ်ဂူပေါ် လိမ္မော်သီးဆေးတစ်ခြမ်း ပက်ဖြန်းလာ၏။ ဇရပ်အိုနှင့် ကုက္ကိုပင်ကြီးတွေအကြားသို့ ဖြာဆင်းနေသော နေခြည်တန်းတွေက ငြိမ်ဆိတ်သော တစပြင်၏ သက်ငြိမ်ပန်းချီကားလို ဖြစ်လာ၏။

“သေရမှာကို ကြောက်သလားလို့ ခုနမေးလိုက်သလား. . ”

“အေး. . ”

ဝမ်းခေါင်းအသံကြီးနှင့်ဖြေသည်။

အပြန်အလှန် စကားပြော၍ရခြင်း စတင်၏။



www.burmeseclassic.com

www.burmeseclassic.com



"သေရမှာကို ကျွန်တော်လုံးဝမကြောက်ပါဘူး၊ ဘာလို့လဲ ဆိုတော့. . အစ်ကိုညီမ နောက်ဆုံးပြောသွားတဲ့ စကားကြောင့်ပဲ၊ ဘာပြောသွားလဲသိချင်ရင် ကျွန်တော်ပြောမယ်. . ဒါမှမဟုတ် ဘာမှ မသိချင်တော့ဘူးဆိုရင်. . ရော့. . မျက်စေ့မှိတ်ထားတယ်. . လည် စင်းထားတယ်. . ခုတ်သာချလိုက်တော့. ."

တကယ်လည်း ကုက္ကိုပြင်၌ မျက်နှာအပ်ခါ. . ပင်စည်ကို လက်နှင့်ဖက်၍ မျက်စေ့မှိတ်ထားလိုက်သည်။

"ဘာပြောသွားလဲ. . ငါ့ညီမ. ."

မခုတ်ဘဲမေးလာပြီမို့ သူ့မျက်နှာ လင်းလွန်းဆီ ပြန်မူလိုက် သည်။

"တစ်ခွန်းပဲပြောသွားတာ ကိုကိုနဲ့ရန်မဖြစ်ပါနဲ့တဲ့. . . ကျွန်တော်ကတိပေးလိုက်တယ်၊ ချစ်သူ့စကားကို ခေါင်းပြတ်ခံပြီးနား ထောင်သွားမယ်. . ကျွန်တော်ပြောချင်တာတစ်ခုလည်း နောက်ဆုံး ပြောလိုက်မယ်. . ခင်ဗျားညီမကိုသတ်တာ ခင်ဗျားကိုယ်တိုင်ပဲဗျ"

"ဘာကွ!. . ကဲဟာ. ."

လည်ပင်းကို အရှိန်နှင့်ဝိုက်၍ခုတ်ချလိုက်၏။ ဝေ့ခနဲရှောင် ၍ ပုဆိန်ကိုင်ထားသောလင်းလွန်းလက်ကို ဆက်၍ပင် တွန်းအား ထည့်ပေးလိုက်သေးသည်။ နှစ်ဆအားနှင့်သစ်ပင်ထဲဝင် စိုက်သွား တော့၏။

"ဒုတ်!. ."

ရုတ်တရက် ချွတ်မရခင် (လင်လွန်း ပုဆိန်ထဲအားထည့် အာရုံဝင်နေစဉ်) တံတောင်နှင့်ခပ်ဆတ်ဆတ် မေးစောင်းကိုကျွေး၍ လင်းလွန်း လက်အောက်ကင်းထွက်ရင်း ကျွတ်ထွက်ကာစပုဆိန်ကို





လှလှပပပင် သူနှုတ်ယူလိုက်နိုင်ပါသည်။

"အစ်ကိုမေ့နေသလား အဘဦးတင်နွယ်ရဲ့ကျောင်းမှာ ဆု ရတဲ့ အကောင်းဆုံးသိုင်းသမားက ကျွန်တော်လေ၊ လမင်းရိပ်ကို မြဖြူစင်စင် ချစ်မြတ်နိုးခဲ့တာကလွဲပြီး ဘယ်မိန်းမလှနဲ့မှ ကျွန်တော် မပတ်သက်ခဲ့ကြောင်း. . ကောင်းကောင်းကြီးသက်သေပြချင်သေးလို့ အဲ့ဒါကျန်သေးလို့ ပုဆိန်လုလိုက်တာ. . ကျွန်တော်လရိပ်ကို ဘယ် တုန်းကမှ မစော်ကားခဲ့ဘူး. ."

"ဘာကွ. . . မင်းက ယောကျ်ားမဟုတ်ရင်တော့ ငါယုံမှာ ပေါ့. . မင်းကိုမယုံဘူး. ."

ထိုစဉ်. . ထိုစဉ်လေးမှာပင်. . .

"ယုံအောင်သက်သေပြနိုင်ရင်ကောရှန်. ."

ချိုသာသော အသံဝဲဝဲလေးနှင့် သစ်ပင်ကွယ်မှ သူယောင် မယ်လေး ပေါ်လာသည်။ လင်းလွန်းမျက်လုံးပြူး၍ ပါးစပ်အဟောင်း သားဖြစ်သွားသည်။ မျက်လုံးကိုပုတ်ခတ်၍. . .

"ဟင်. . မင်း. . မင်း. . . . မင်း. . အွန်စော၊ အွန်စော အတုလားအစစ်လား. . ၊ မင်းက ဒီကိုဘာလာလုပ်တာလဲ၊ ဒီကောင့် မယားလား. . ."

အမှန်က လင်းလွန်းအင်မတန်ခိုက်သော မင်းသမီးဖြစ် သည်။ လင်းလွန်းအိမ်အပေါ်ထပ်တွင် သူမပုံတွေချည်း. . . ။

"အမှန်တရားအတွက် ဒီအထိလိုက်လာတဲ့ကျွန်မ. . အွန် စော. . ဆောင်ပေးကိုအစစ်ပါရှန်၊ ဒေါက်တာသက်သက်အဖြစ် တစ်ခါ. . မိတ်ကပ်ပညာရှင်အဖြစ်တစ်ခါ. . ရှင့်အိမ်ကိုရောက်ခဲ့ တာလည်း ကျွန်မပါပဲရှန်၊ ရှင်မိသွားရင် တစ်ခုခုဖြစ်သွားနိုင်မှန်း. .



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနဲ့အရဲစွန့်ပြီး ကျွန်မလုပ်ဆောင်ခဲ့တာ အကြောင်းရင်းရှိလို့ ဖြစ်ပါတယ်ရှင်. .

အင်မတန် ROMANCE ဆန်တဲ့ ချစ်သူလေးနှစ်ဦးအတွက် ကျွန်မအချိန်နဲ့ အရှက်ကို လဲရလို့ ဒီအထိလာခဲ့ပါတယ်. . ကျေးဇူးတင်စရာကောင်းတာက. . မိတ်ကပ်ပြင်နေတုန်းက နှစ်ယောက်တည်းရှိတဲ့အိမ်ကြီးရဲ့ ဆိတ်ကွယ်မှုမှာ ရှင်ဟာယောကျာ်းပီသစွာ ကျွန်မကို လက်ဖျားနဲ့တောင် မထိခဲ့တာကို. . ကျေးဇူးတင်ပါတယ်ရှင့်. . ”

လင်းလွန်း၏ နှလုံးသည်းပွတ်ကြားသို့ ပစ်သွင်းလိုက်သော ကြည်မွေ့ဖွယ် မြားတစ်စင်းဖြစ်တော့သည်။ ပုဂ္ဂိုလ်မင်၍ တရားခင်ခြင်း မိမိအားသာချက်ကို(မသိမသာ)ကွက်တိမြှောက်ပင့်ခြင်း ချီးကျူးခြင်းသည် လူဆိုသောသတ္တဝါတိုင်း၏ သည်းခြေကြိုက်စကားလည်း ဖြစ်ပေမည်ဟုထင်သည်။

“ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို ကာကွယ်ရမှာပေါ့. . ကျွန်မှာလည်းနှမရှိတာပဲဟာ. . ”

မီးတောက်ကြီး ဒေါသလောင်စာ အနည်းငယ်ပါဝါကုန်စပြုလာနေသည်။

“ရှင့်နှမလေးကို. . သူလည်း လက်ဖျားနဲ့တောင်မထိခဲ့ပါဘူး. . ”

“လက်ဖမိုးတော့ နမ်းဖူးပါတယ်. . ”

“ဟော့ကောင်. . မင်းအသာနေစမ်း၊ ဆက်ပြောပါ အွန်စောလေး. . ”

ဆောင်ပေးကိုသိသည်။ သူ့ဘက်ပါလာနေပြီမှန်း သိလိုက်





သည်။ မျက်နှာအမူအရာနှင့် စကားလုံးအသံကို ကောင်းကောင်း ဖတ်ကြားနိုင်သော အနုပညာရှင်ပါပေ။

“ကျွန်မက မင်းသမီးနော်. . နှစ်ယောက်တည်းကိုယ်တိုင်းယူဖို့ ချိတ်မယ်ဆိုတာတောင် သူလက်သင့်မခံခဲ့ပါဘူး၊ ပေကြိုးတိုင်းတာတောင် အသားကိုလက်ဖျားနဲ့မထိအောင် ထိန်းသိမ်းနိုင်ခဲ့သူပါ. . အံ့ဩရပါတယ်ရှင်၊ နောက်ဆုံး. . ကျွန်မက ဂေးလားလို့ မခံချင်အောင်ပြောပြီး မြူဆွယ်တာတောင် သူ့လူပျိုစင်ဘဝကို ချစ်သူကိုပဲအပ်ပါရစေတဲ့၊ အဲ့လိုယောက်ဖမျိုးကို ရှင်မို့အထင်လွဲရက်တယ်၊ အဲ့ဒီ အထင်လွဲချော်မှုဟာ ရှင်ချစ်တဲ့ညီမလေး နှလုံးရောဂါစရတဲ့ အဓိကအကြောင်းပါပဲ. . ”

“ဘာဆိုင်လဲ. . . ”

“ဆိုင်တာပေါ့ ကျွန်မတို့မိန်းမသားတွေဟာ ချစ်သူကိုတစ်လလောက်မမြင်ရရင်တောင် နှလုံးရောဂါရတတ်လို့ပါပဲ. . ”

ဒေါသမီးတောက်ကြီး လောင်စာကုန်စပြုလာနေသည်။

“ခုဟာက. . ယောကျာ်းပီသတဲ့ ကတိကြောင့် လပေါင်းများစွာလေ. . ၊ ချစ်သူကိုမမြင်ရတဲ့ ညီမလေးကို ရိုးရိုးသားသား ဓါတ်ပုံတွေနဲ့ ရှင်နှိပ်စက်တယ်၊ ကျွန်မနဲ့ထူး လေဆိပ်မှာလက်ချိတ်ရိုက်ထားတဲ့ဂျာနယ်က. . ရှင့်ညီမအသက်ကို ဆွဲထုတ်သွားတာပဲ. . ”

မီးတောက်ကြီး ဒေါင်လိုက်ငြိမ်းသွားရာမှ ဦးခေါင်း(၄၅)ဒီဂရီ ကျိုးကျသွားသည်။

“ရော့. . အစ်ကို ခင်ဗျားပုဆိန် ခင်ဗျားကြိုက်သလိုလုပ်ပါတော့. . ”

ယောင်ယမ်း၍ ပုဆိန်ကိုလှမ်းယူလိုက်သေးသည်။ သူ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com

ဒူးထောက်၍ လည်စင်းပေးထားသော ထူးအောင်ထက်ကို ခုမှမြင်ဖူး သလို ငုံ့ကိုင်း၍ကြည့်နေ၏။ ကိုကြေးက ချိုထဲထိုးထားသောကားတို့ မောင်း၍ဝင်လာပြီး လာထိုးရပ်သည်။

"ဘုတ်!. ."

ပုဆိန်ကြီး လင်းလွန်းလက်မှ ပြုတ်ကျသွားသည်။ ဇက်ကြီး လည်းကျိုး၍ မြေကြီးကိုမမြင်ဖူးသလို ပေစိုက်ကြည့်နေတော့သည်။

"အစ်ကို. ."

"ဟင်. ."

"အစ်ကိုမှတ်မိလား. . ကားပြိုင်မောင်တုန်းက အစ်ကို့ကို ကျွန်တော်ညစ်ခဲ့တဲ့နေရာလေ. . သစ်ပုတ်ပင်ကြီးလေ. ."

"ပြီးတာတွေပြီးပါပြီကွာ. ."

"မပြီးသေးဘူးအစ်ကို. . လရိပ်နဲ့ကျွန်တော် အဲ့ဒီသစ်ပုတ် ပင်မှာ ဘဝအဆက်ဆက်တိုင်း ပေါင်းရပါလို၏လို့ သစ္စာဆိုခဲ့ကြတယ်. . ၊ နောက်ဆုံးအနေနဲ့ အဲ့ဒီသစ်ပုတ်ပင်ကြီးဆီကို လရိပ်ကို ခဏခေါ် သွားချင်တယ်အစ်ကို၊ ဒီနေ့ဟာ အစ်ကိုနဲ့ကျွန်တော် ကတိစကား ထားခဲ့တာ ပြီးဆုံးလို့. . ကျော်သွားပါပြီ. . နော်. . အစ်ကို. ."

"ငါ့ညီမလေး စိတ်ချမ်းသာပါစေကွာ၊ တမလွန်ကညီမလေး ရေ. . . အစ်ကိုအားလုံးကို ခွင့်ပြုလိုက်ကြောင်းသိပါစေ. . ညီ. . မ. . လေး. ."

ဒူးထောက်ကျလာပြီး တရှုံ့ရှုံ့ ငိုကြွေးနေသော လင်းလွန်း ပခုံးပေါ် နူးညံ့သောလက်ကလေးတစ်ဖက် ကျလာသည်။

"ကဲ. . . ကိုကြေး. . ကားတံခါးဖွင့်"

ချစ်သူရုပ်ကလာပ်ကို ယုယစွာ ထိုင်ခုံပေါ်မှ,တင်၍ ခါးပတ်,





ပတ်ပြီး ကျောမှီပေးထားလိုက်သည်။ ကားပေါ်တက် စက်နှိုးပြီး ဘီး လှိမ့်စမှာပင်. . .

"ကဲ. . . ကိုကြေး အားလုံးစိတ်ချမယ်နော်"

"ဂူး!. ."

ကားထွက်သွားမှ အဘဦးတင်နွယ်နှင့်ဝမ်တိန် အမောတ ကောရောက်လာသည်။

"ဝမ်တိန် လာပြောလို့ အဘပြေးလာတာ၊ ဘာတွေဖြစ်နေ ကြတာလဲ"

အကျိုးအကြောင်း ရှင်းပြသောအခါ အဘက. . .

"ဟာ. . မလုပ်သင့်တာတွေ မလုပ်အပ်တာတွေကွယ်"

"ဟုတ်တယ် အဘ၊ သူမှာပုံက တစ်မျိုးကြီး၊ အားလုံးစိတ်ချ မယ်တဲ့. . . ဘာသဘောလဲ"

အားလုံး ဆောင်ပြေးကိုကားပေါ် တက်လိုက်ကြသည်။

"ငါ့သား ထူးအောင်ထက်ရဲ့စိတ်ကို ငါအသိဆုံး၊ မြန်မြန် မောင်းပါလား"

"ဂူး!. . ဝေါ!. ."

တောလမ်းထဲ သစ်ရွက်ကြွေတွေက ဝေါခနဲ လူ့ပ်ကျန်ရစ် ခဲ့သည်။







www.burmeseclassic.com

www.burmeseclassic.com







# ဇာတ်သိမ်းပိုင်း

**ပင်**ပန်းသောအရာမျိုးစုံတွင် စောင့်စားရခြင်းလည်း ပါဝင်ပါလိမ့်မည်။

ကြာရှည်စွာစောင့်စားရလွန်း၍ ချစ်သူလေးပင်ပန်းပြီး အိပ်မောကျနေသည်ဟု သူ့စိတ်ကိုသူ အသိပေးလိုက်သည်။ ထိုစိတ်က ပင်. . သူဟာသူ အယုံကြည်ကြီး ပြန်ယုံကြည်လာနေသည်။

လေဒီဒိုင်ယာနာ ဆုံးပါးစဉ်က အယ်လ်တန်ဂျွန် ကိုယ်တိုင်ရေး ကိုယ်တိုင်တီး၍ ကိုယ်တိုင်ဆိုခဲ့သော Candle in the wind

www.burmeseclassic.com

www.burmeseclassic.com





သီချင်းကို သူ ကားထဲဖွင့်မောင်းလာသည်။ ချစ်သူလရိပ်လေး အင်မတန်ကြိုက်ခဲ့သော သီချင်းလည်းဖြစ်သည်လေ။

"မောင့်ကိုစောင့်နေရလို့ လွမ်းလို့ ပင်ပန်းလို့ မင်းကလေး ခဏအိပ်နေတာနော်"

ကားက တောလမ်းမို့ အလှုပ်၌ ခေါင်းညိတ်ပြသလို ရိပ်ခန့်သူမ လှုပ်သွားသည်။ တကယ်အိပ်နေသည်ဟု ရှုးသွပ်စ သူ့စိတ်က ထင်သွားသည်။

"အိပ်. . အိပ်. . မောင်တို့သစ္စာနှံ့ခဲ့တဲ့ သစ်ပုတ်ပင်ကြီးရောက်မှ မောင်နိုးမယ်နော်"

ရောက်လိုဇောနှင့် ကားအရှိန်ကို တင်နေမိသည်။

အမှောင်က ချဉ်းနင်းဝင်ရောက်စပြုလာနေပြီ။ အနောက်ရိုးမပေါ်က ရဲရဲနီနေသော နေမင်းကြီးက နဖူးလေးဖော်၍ နှုတ်ဆက်နေပြီ။

မီးထိုးထားသောတောလမ်းသည် လေကာမှန်မှတစ်ဆင့်မြင်ရပုံမှာ. . ကားဗိုက်အောက်ထဲ တရိပ်ရိပ် တိုးဝင်လာနေသည်။

လမ်းတစ်လျှောက်လုံး ချစ်သူပုံရိပ်၊ ဘေးက ချောက်ကမ်းပါးအမှောင်ထဲမှာလည်း ချစ်သူပုံရိပ်၊ လမ်းက အလွတ်ရနေသမို့မျက်စေ့မှိတ် လိုက်တော့လည်း ချစ်သူပုံရိပ်. . . လမင်းရိပ်လေးပါပဲ။

"ဝူး!!. . . ဝေါ!!. . . "

၅ ၅ ၅ ၅

**သစ်**ပုတ်ပင်နှင့်တိုက်၍ စိစိညက်ညက် ကျေနေသောကားက ချောက်ကမ်းပါးထိပ်မှ တည်းတည်းကလေး ချိတ်နေသည်။

လင်းလွန်း အရင်ပြေးဆင်းသွားသည်။ လှုပ်လီလှုပ်လဲ့ ဖြစ်နေသော ကမ်းပါးထိပ်က ကားထဲ. . ခက်ခက်ခဲခဲ စွန့်စားဝင်ပြီးသွေးသံရဲရဲ မျက်လုံးတွေ သွေးခဲနေသော ထူးအောင်ထက်ကို ပွေ့ယူ၍ ဆွဲထုတ်ရန် ကြိုးစားသည်။

"မကြိုးစား့နဲ့တော့ အစ်ကို၊ ကျွန်တော့်ကိုယ်ကျွန်တော်သိတယ်"

"ညီလေး. . ငါမှားတာ. . ငါ့အမှားတွေပါကွာ. . ငါ့ကို ခွင့်လွှတ်ပါကွာ၊ ငါ့ညီမကို ဟိုတယ်ခေါ်သွားတယ်လို့ ငါ့ကိုလိုက်ပြောနေတဲ့ ရာဇာကြီးတို့စကား ငါနားယောင်လို့ စပြီးဖြစ်ရတာပါကွာ"

"ကျွန်တော် အစ်ကို့ကို ညစ်ခဲ့တာ ဒီနေရာပါပဲ၊ ကျွန်တော်တောင်းပန်ပါတယ်. . ကိုယ့်ထက်ကြီးသူကို ရိုသေရမှန်းမသိတဲ့စိတ်





www.burmeseclassic.com

www.burmeseclassic.com



သေက္ခာဆိုတဲ့စိတ်. . အဟွတ်. . . ဝဋ်ဆိုတာ နောင်ဘဝအထိ မစောင့်ရပါဘူး အစ်ကို၊ ကျွန်တော့်အပြစ်ကို ကျွန်တော် ကျေကျေနပ်နပ် ခံယူသွားပါ့မယ်၊ သံသရာထိ သယ်မသွားချင်ဘူး၊ လရိပ်မရှိတဲ့ဘဝဟာ ဘာတန်ဖိုးမှလည်း မရှိတော့ပါဘူး၊ သိပ်ချစ်ကြတဲ့ချစ်သူတွေအတွက် တမလွန်မှာ ဘယ်သူမှ မနှောင့်ယှက်တဲ့ ဘုံပြာသာဒ်လေးတစ်ခု ရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်. . . အ!. . အ!. . "

ကိုကြေး ကားပြတင်းကနေ ခေါင်းတိုးဝင်လာသည်။ အဘဦးတင်နွယ်က ကားပြုတ်မကျအောင် ရရာကြိုးများနှင့် တွယ်ဆိုင်းတားဆီးနေသည်။

"ကိုကြေး အားလုံးစိတ်ချမယ်၊ ကိုလင်းလွန်းကို ငါ့ဘဏ်စုငွေတစ်ဝက် ပေးလိုက်၊ ကျန်တာမင်းယူ လှူချင်တာလှူ၊ တစ်ခုပဲမင်းလုပ်ပေး. . . ငါနဲ့လရိပ်ကို ကယ်တင်ဖို့မကြိုးစားကြနဲ့တော့၊

ကိုလင်းလွန်း အစ်ကိုကားထဲကထွက်. . ထွက်တော့. . ၊ ကဲ. . ကိုကြေး ငါ့နောက်ဆုံးဆန္ဒကို ဖြည့်တော့. . လူရောကားပါ ဟောဒီချောက်ကမ်းပါးကနေ တွန်းချလိုက်တော့. . . "

ပြောရင်း ချစ်သူလက်ဖမိုးလေးကို သာသာဖွဖွယူ၍ နှုတ်ခမ်းနှင့် နမ်းရင်းနမ်းရင်း ငြိမ်သက်သွားတော့သည်။

နောက်ဆုံးမှာကြားသော သူ့ဆန္ဒအတိုင်းပင်. . .

(ဘယ်လိုမှလည်း ဆွဲတင်၍မရတော့သည့်အဆုံး၌. . . )

"ကဲ. . ဝိုင်းတွန်းကြရအောင်ဗျာ"

"ဝုန်း!!. . "

အုန်းခနဲ ရဲနေသောချောက်ထဲမှ မီးခိုးမည်းများ အူတက်





လာသည်။

သူတို့ ကြေကွဲစွာငေးရီကြည့်နေဆဲမှာပင် မီးခိုးတွေသည် လိမ်ယှက်၍. . တည့်တည့်ကြီးပင် ကောင်းကင်ယံသို့ ထိုးတက်သွားနေတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်သိမ်းနောက်ဆက်တွဲ

ကိုလင်းလွန်းသည် နောင်တအကြီးအကျယ်ရ၍ အရက်ဖြတ်ပြီး လူကောင်းပကတိ ပြန်ဖြစ်လာခဲ့သည်။ သူသည် ချောက်ကမ်းပါးအောက်သို့ ခက်ခက်ခဲခဲ ဆင်း၍ ချစ်သူနှစ်ဦး၏ အရိုးကို ကောက်ယူခဲ့သည်။ ထို့နောက်. . ထိုမြို့ကလေးအဝင်တွင် ခမ်းနားသော အသည်းနှစ်ထပ်ပုံ ဗိသုကာဒီဇိုင်းနှင့် အုတ်ဂူလှလှလေးလုပ်ပြီး ချစ်သူနှစ်ဦး၏အရိုးကို ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။

သူလည်း ထိုအုတ်ဂူ၏ မနီးမဝေးတွင် ကျောင်းသင်္ခမ်းငယ်တစ်ခုဆောက်လုပ်၍ တောရဆောက်တည်ရင်း. . မဂ္ဂင်လမ်းကို လျှောက်လှမ်းနေတော့သည်။

လုံ့ချင်း..ကင်းကြပါစေ
နတ်ရွာမိုး
အောင်မြင်စာပေ

